မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)

၁၃၇၉ ခုနှစ်၊ နတ်တော်လကွယ်နေ့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၀၇၈)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် Odawara မြို့ရှိ နာရုကာဝါအနုပညာပြတိုက်သို့ ကြည့်ရှုလေ့လာ

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်နိုင်ငံ ကျိုတိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့တွင် Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက် (Narukawa Art Museum) သို့ သွားရောက်ကြည့်ရှုပြီး တိုကျိုမြို့၏ ညရှုခင်းအား သင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် ကျည်ဆန်ရထားဖြင့် ကျိုတိုမြို့မှ Odawara မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက် (Narukawa Art Museum) သို့ ရောက်ရှိရာ အဆိုပါပြတိုက်မှ General Manager Mr. Katsuyoshi Kohara က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး ပန်းချီဆရာ HIROHIKO HIRAIWA နှင့် ပြတိုက်မှ တာဝန်ရှိသူများအား မိတ်ဆက်ပေးသည်။

**ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် Narukawa Art Museum အတွင်း ခင်းကျင်းပြသထားသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား နာရုကာဝါပြတိုက် General Manager Mr. Katsuyoshi Kohara နှင့် ပန်းချီဆရာ HIROHIKO HIRAIWA တို့က အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။** သတင်းစဉ်



**ကျိုက်ထီးရိုးစေတီတော်တွင် ကိုရီးယားနိုင်ငံ Sky Asia ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့သည့် ကေဘယ်ကားလိုင်းကို ဒီဇင်ဘာ ၁၅ ရက်က ဖွင့်လှစ်ပြီး စတင်ပြေးဆွဲရာ ဘုရားဖူးများ သက်သောင့်သက်သာဖြင့် လိုက်ပါစီးနင်းကြစဉ်။** (သတင်း-၇) ဓာတ်ပုံ-တင်ထွဋ်(မော်လမြိုင်)

## စာပေညီလာခံ ၂၀၁၇ အောင်မြင်စွာ ကျင်းပပြီးစီး

စာ » ၄

## ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို အမှန်အတိုင်း ရေးသားပြုစုထားတဲ့ သမိုင်းစာအုပ်ကို အခြေခံပြီး ရုပ်ရှင်ရိုက်ကူးမှာဖြစ်တယ်

တွေ့ဆုံမေးမြန်း စာ » ၆

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်း ၁၉ မျိုးပါ အထုပ် ၅၀၀ နှင့် ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်း

စာ » ၁၀



# မြန်မာ့အလင်း

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ကာ ဈေးကွက်ရှာ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးလုပ်ငန်းအပေါ် အမှီသဟဲပြုကာ အသက်မွေးဝမ်းကျောင်းနေကြသည်။ စိုက်ပျိုးရေး ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရာတွင် အရည်အသွေးကောင်းမွန်မှန်ကန်သော၊ ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဖြစ်စေရန် ဈေးကွက်က တောင်းဆိုလာသည်။

ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စသည့် ထုတ်ကုန်များသည် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် ကုန်စည်များဖြစ်ရမည် ဖြစ်သည်။ဘေးအန္တရာယ်မကင်းသော၊ မသန့်ရှင်းသော အစားအစာများကြောင့် စားသုံးသူများအစာအဆိပ်သင့်ခြင်း၊ ဖျားနာခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းအပြင် ရေရှည်တွင် အသက်အန္တရာယ်အထိ ဖြစ်ပေါ်စေနိုင်ပြီး စားသုံးသူ၊ ရောင်းချသူ၊ ထုတ်လုပ်သူတို့အတွက် ထိခိုက်ဆုံးရှုံးနိုင်သည့်အပြင် ပြည်ပဈေးကွက်တွင် မိမိနိုင်ငံ၏ ပုံရိပ်ကိုပါ ထိခိုက်စေသည်။ သို့ဖြစ်ရာ စိုက်ပျိုးရေး ထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးတွင် စတင်စိုက်ပျိုးချိန်မှသည် ရိတ်သိမ်း၊ သိုလှောင်၊ ထုပ်ပိုး စသည့်ကွင်းဆက်များတွင် စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် နိုင်ငံတိုင်း နိုင်ငံတိုင်းက "စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ" **(Good Agricultural Practices)(GAP)** ကို နိုင်ငံအလိုက် ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးလာကြသည်။

**GAP** သည် စိုက်ပျိုး၊ ရိတ်သိမ်း၊ ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များတွင် စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေသည့်အရာများ ကင်းရှင်းစေရေးအတွက် လုပ်ထုံးလုပ်နည်း လမ်းညွှန်များကို စုစည်းထားခြင်းဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့် **GAP** ခေါ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ပြဋ္ဌာန်းရာတွင် (၁) အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ (၃)သီးနှံများ အရည်အသွေး ကောင်းမွန်ရေး၊ (၄) လုပ်သားများ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝ သာယာရေးတို့အတွက် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။

**GAP Guideline** ခေါ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ပြဋ္ဌာန်းချက်သည် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် မဖြစ်မနေလုပ်ရမည့် ပြဋ္ဌာန်းချက်မျိုးမဟုတ်ဘဲ မိမိတို့သဘောဆန္ဒအလျောက်သာ လိုက်နာဆောင်ရွက်လိုက လိုက်နာဆောင်ရွက်ရန်ဖြစ်သည်ဟုလည်း သိရသည်။ မြန်မာနိုင်ငံ၏ **GAP** သည် အာဆီယံ **GAP** ၏ ပြဋ္ဌာန်းလမ်းညွှန်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်သည်။ အစားအစာများ အရည်အသွေးမှန်ကန်ရေး၊ ယုံကြည်စိတ်ချရသော အစားအစာများအဖြစ် ဈေးကွက်က လက်ခံနိုင်ရေးအတွက် မိမိတို့ထုတ်လုပ်လိုက်သော စားသုံးသီးနှံများကို **GAP** အသိအမှတ်ပြုထောက်ခံချက် ရရှိဖို့လိုမည်ဖြစ်ရာ **GAP** ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်သာ ရေရှည်တွင် စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာ ကောင်းမွန်စေနိုင်မည်ဟု ယုံကြည်မိသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးတွင် အသုံးပြုသည့် ဓာတ်မြေသြဇာအမျိုးမျိုး၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ ဓာတုဆေးဝါးအမျိုးမျိုး သုံးစွဲမှုအပါအဝင် မြေ၊ ရေ၊ မျိုးစေ့တို့ စစ်ဆေးရွေးချယ်ခြင်း၊ အပင်များပြုစုစောင့်ရှောက်ခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်း၊ ထုပ်ပိုးခြင်း၊ အဆင့်တိုင်းတွင် နည်းစနစ်တကျ ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှနိုင်မည်ဖြစ်ပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခုတင် ၅၀၀ ဆံ့ အထပ်မြင့် ငါးထပ် ပြည်သူ့ဆေးရုံ တည်ဆောက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်သူများ၏ အထွေထွေကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်ရန်အတွက် လိုအပ်သည့်မြို့နယ်များ၌ နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုချက်ဖြင့် ဆေးရုံအသစ်ကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် စစ်တောင်းရိပ်မွန် ၄၂ ရပ်ကွက်၌ ၁၅ ဒသမ ၀၀၄ ဧကရှိ မြေကွက်လပ်ပေါ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုချက်ဖြင့် ၂၀၁၆ခုနှစ် ဧပြီလကစတင်ပြီး ခုတင် ၅၀၀ ဆံ့ အထပ်မြင့်ငါးထပ်ပြည်သူ့ဆေးရုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦး ဦးစီးဌာန တည်ဆောက်ရေး (၁) အဆောက်အဦ အထူးအဖွဲ့(၁) က တာဝန်ယူတည်ဆောက်ကာ အလျားပေ ၂၀၀၊ အနံ ၇၅ ပေ၊ အထပ်မြင့်ငါးထပ်ကို Press Pile သံကူကွန်ကရစ်ဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။

အဆောက်အအုံ ဆင်တူလေးလုံး ပတ်လည်မျက်နှာချင်းဆိုင်ကို တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း၊ ပထမ အဆောက်အအုံကို ဆောက်လုပ်လျက်ရှိရာ ယခုအခါလုပ်ငန်း ဆောင်ရွက်ထားရှိမှု ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း အင်ဂျင်နီယာမှူး ဒေါ်ခင်သင့်ရာမွှေးက ပြောသည်။

အဆိုပါ ခုတင် ၅၀၀ ဆံ့ အထပ်မြင့်ငါးထပ် ပြည်သူ့ဆေးရုံကို ငါးနှစ်စီမံကိန်း အပြီးတည်ဆောက်ရန် လျာထားကြောင်း သိရသည်။

အထပ်မြင့် ပြည်သူ့ဆေးရုံဆောက်လုပ်ပြီးစီးပါက ဒေသခံပြည်သူများ၏ အထွေထွေကျန်းမာရေး စောင့်ရှောက်ကုသပေးမည့် ပြည်သူများ၏ အားထားရာ ပြည်သူ့ဆေးရုံဖြစ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**



ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ခုတင် ၅၀၀ ဆံ့အထပ်မြင့် ငါးထပ်ပြည်သူ့ဆေးရုံပုံစံငယ်ကို တွေ့ရစဉ်။

## မူဆယ်မြို့၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်(လ်)စိုးထန်တူးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု စာတမ်းဖတ်ပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်း၊ ကချင်၊ တအာင်း (ပလောင်)၊ ဗမာ၊ ကရင်၊ ရခိုင်၊ ချင်းနှင့် လီဆူ ယဉ်ကျေးမှုအဖွဲ့တို့မှ အဖွဲ့ဝင်များက မျိုးနွယ်စုအလိုက် သမိုင်းကြောင်းဆိုင်ရာများ၊ ရိုးရာယဉ်ကျေးမှု စာတမ်းများ ဖတ်ကြားခဲ့ကြပြီး စာတမ်းဖတ်ပွဲအပြီးတွင် တက်ရောက်လာကြသူများက ခရိုင် ပြန်/ဆက်ရုံး၌ ခင်းကျင်းပြသထားသည့် ပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု စာတမ်းဖတ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ စာရေးဆရာ၊ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**သန့်ဇင်(မူဆယ်)**

## နွေရာသီ ရေရှားပါးမှုကို ဖြေရှင်းနိုင်ရန် ကျေးရွာများ၌ ရေလှောင်ကန်များ တည်ဆောက်နေ

**ဖျာပုံ ဒီဇင်ဘာ ၁၆**

နွေရာသီတွင်ကြုံတွေ့ရသည့် သောက်သုံးရေရှားပါးမှုကို လျှော့ချနိုင်ရေးအတွက် ဖျာပုံမြို့နယ် ကျောင်းကုန်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ၌ ဂါလန်တစ်သောင်းဆံ့ ရေကန်နှစ်ခု တည်ဆောက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

"ဒီဒေသက နွေရာသီမှာ သောက်သုံးရေ အလွန်ရှားပါတယ်၊ တခြားကနေသယ်ပြီး သွားကူညီရင် ကုန်ကျစရိတ်များတယ်၊ အဲဒီအတွက် နွေမရောက်ခင် ရေကန်တွေ အချိန်မီပြီးစီးအောင် အထူးကြပ်မတ် ဆောင်ရွက်နေရတာဖြစ်ပါတယ်"ဟု ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးကြူက ပြောသည်။

အဆိုပါရေကန်များကို ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တည်ဆောက်ပေးနေခြင်းဖြစ်ကာ ဖျာပုံမြို့နယ်အတွင်း လက်ပန်ကျေးရွာအုပ်စု မယ်လေးရိုးကျေးရွာ၌လည်း မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတစ်ခုကို ဆောင်ရွက်လျက်ရှိပြီး လက်ရှိအခြေအနေတွင် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၆-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ ·၇ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ ·၃ |

**မြန်မာ့အလင်း**

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*** ရှေ့စာမျက်နှာမှ** ✻ ရှေ့ဖုံးမှ

ပန်းချီကားများနှင့် အနုပညာလက်ရာများကို ကြည့်ရှုလေ့လာကြပြီး အဆိုပါပြတိုက်ရှုရပ်မှ ဖူဂျီတောင်ခြေရှိ Ashi ရေကန်၊ Hakone တောင်နှင့် ဖူဂျီတောင်တို့၏ သဘာဝသာယာလှပမှုများကို ကြည့်ရှုကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြတိုက် General Manager Mr. Katsuyoshi Kohara၊ ပန်းချီဆရာ HIROHIKO HIRAIWA တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**ခင်းကျင်းပြသ**

Narukawa Art Museum အား ဂျပန်လူမျိုးများ၏ အနုပညာလက်ရာများကို နောင်လာနောက်သားများ လေ့လာနိုင်စေရန် ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအတွင်းမှ စုဆောင်းထားရှိသည့် ဂျပန်ရိုးရာ ပန်းချီကားပေါင်း (Japanese – style painting) ၄၀၀၀ ကျော်ကို ခင်းကျင်းပြသထားသည်။



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့်အဖွဲ့ Odawara မြို့ရှိ နာရုကာဝါ အနုပညာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပန်းချီကားများကို ကြည့်ရှုလေ့လာစဉ်။** သတင်းစဉ်



ထို့ပြင် အဆိုပါပြတိုက်၌ ပန်းချီနှင့် အနုပညာပြပွဲများကို တစ်နှစ်လျှင် လေးကြိမ်ခန့် ကျင်းပလေ့ရှိပြီး ဖူဂျီတောင်ခြေရှိ Ashi ရေကန်၊ Hakone တောင်နှင့် ဖူဂျီတောင်တို့၏ သဘာဝသာယာလှပမှုများကို ကြည့်ရှုခံစားနိုင်သဖြင့် တစ်နှစ်လျှင် ပြတိုက်သို့ လာရောက်လည်ပတ်သူ ခြောက်သန်းကျော်ရှိကြောင်း သိရသည်။

**ညစာစားပွဲ တက်ရောက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကျည်ဆန်ရထားဖြင့် တိုကျိုမြို့သို့ ရောက်ရှိပြီး ညပိုင်းတွင် မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr.Sasakawa က " Symphony Cruise " သင်္ဘောတွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဆိုပါသင်္ဘောဖြင့် တိုကျိုမြို့၏ ညရှုခင်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

**ဂျပန်နိုင်ငံ ဖူဂျီတောင်ခြေရှိ Ashi ရေကန်၊ Hakone တောင်နှင့် ဖူဂျီတောင်တို့၏ သဘာဝသာယာလှပမှုများကို တွေ့ရစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၅) အကြီးစားစက်ရုံ (သာဂရ)သို့ ရောက်ရှိပြီး Metal Forming Workshop အတွင်း၌ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ တည်ဆောက်လှူဒါန်းနိုင်ရန်အတွက် တန် ၅၀၀ ဆံ့ သီးနှံ(စပါး)များ သိုလှောင်နိုင်မည့် Silo များ ထုတ်လုပ်နေမှုအခြေအနေနှင့် Assembly Workshop တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မှာယူထားသည့် လူနာတင်ယာဉ်များ တပ်ဆင်ထုတ်လုပ်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည် ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သီးနှံများ သိုလှောင်မည့် Silo များအား နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်ရန်နှင့် လက်ရာသေသပ်စေရေးအတွက် အထူးအလေးပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၏ လေ့ကျင့်သင်ကြားပေးမှုများကို တိကျစွာလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင်ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရန်နှင့် ဆင့်ပွားသင်တန်းများပေးရန် လိုကြောင်း၊ လုပ်ငန်းများကို Time Line Schedule ရေးဆွဲဆောင်ရွက်ရန်နှင့် Standard Operation Production(SOP) အတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မှတ်တမ်းထားရှိရန် လိုကြောင်း၊ လူနာတင်ယာဉ်များသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်ရမည့်အပြင် လက်ရာသေသပ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်ပြည့်မီ၍ ရေရှည်အသုံးပြုနိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားပြီး တာဝန်ရှိသူတို့၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတို့၌ စိုက်ပျိုးထားသော စပါးများကို ရာသီချိန်အမီ ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ထွက်ရှိလာသည့် စပါးများကို အခြောက်ခံထားရှိသိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်ချိန် ၅၀၀ ဝင်ဆံ့သည့် Silo တစ်စုံကို တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါ Silo တစ်စုံကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ကြိမ်ချောင်းကျေးရွာတွင် တည်ဆောက်တပ်ဆင်ပေးမည်ဖြစ်ပြီး Silo ကိုင်တွယ်ထိန်းသိမ်းနည်းများကိုလည်း လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ Silo တစ်လုံး၏ တန်ဖိုးမှာ ငွေကျပ် ၁၈၆၅ သိန်းကုန်ကျမည်ဖြစ်သည်။ အဆိုပါ Silo များကို ထိုင်းနိုင်ငံမှ ပညာရှင်များဖြင့် ပူးပေါင်းတည်ဆောက်နေပြီး မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့်ရှိနိုင်သည်။

**မိုး / ဇလ**

# စာပေညီလာခံ ၂၀၁၇ အောင်မြင်စွာ ကျင်းပပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

'လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ' ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် စာပေညီလာခံ ၂၀၁၇ (စတုတ္ထနေ့) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (Myanmar Convention Center–MCC) ခန်းမ၌ ဆက်လက်ကျင်းပသည်။

**ရှင်းလင်းပြောကြား**

နံနက်ပိုင်းတွင် စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာအောင်စိုးဦးက ညီလာခံနှင့်ပတ်သက်၍လည်းကောင်း၊ ညီလာခံကျင်းပရေးကော်မတီအတွင်းရေးမှူး ဆရာ မျိုးမြင့်ညိမ်းက ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**ထောက်ခံအတည်ပြု**

ထို့နောက် စာပေညီလာခံ ၂၀၁၇ သုံးရက်တာ ကာလအတွင်း ဆွေးနွေးခဲ့သောအကြောင်းအရာ ခေါင်းစဉ် ၅၄ ခုမှ ထွက်ပေါ်လာသည့် မြန်မာစာအရေးအသားဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ၊ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ၊ စာကြည့်တိုက်ဆိုင်ရာဆွေးနွေးပွဲရလဒ်များ၊ စာအုပ်စာပေဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု အဖွဲ့အစည်းများဖွဲ့စည်းနိုင်ရေး ဆွေးနွေးပွဲ ရလဒ်များ၊ စာအုပ်ထုတ်ဝေရေး ဆွေးနွေးပွဲ ရလဒ်များ၊ ဘာသာပြန်စာပေဆိုင်ရာ ဆွေးနွေးပွဲရလဒ်များ၊ အမျိုးသားစာပေဆုဆိုင်ရာ ဆွေးနွေးပွဲရလဒ်များနှင့် အထွေထွေအကြံပြုချက်များမှ ရလဒ်အဆိုပြုချက် ၄၀ ကို မဲခွဲဆုံးဖြတ်ပြီး အတည်ပြုချက်ရယူရာ တက်ရောက်လာကြသူများက တစ်ခဲနက် ထောက်ခံအတည်ပြုကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က "စာပေမိတ်ဆွေများ စုံစုံညီညီတက်ရောက်ပြီး စာပေညီလာခံ အောင်မြင်စွာကျင်းပနိုင်တာကို မြင်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်၊ ကျွန်တော် ဒီနေ့ ဒီကိုလာတာကတော့ စိတ်ဝင်စားတဲ့ စကားဝိုင်းဆွေးနွေးပွဲတစ်ခုခုကို ဝင်ပြီး နားထောင်ဖို့လာခဲ့တာဖြစ်ပါတယ်၊ သို့သော် ဒီနေ့မှာ အပြီးသတ်မဲခွဲ ဆုံးဖြတ်အတည်ပြုချက်ရယူနေတာတွေ့ရပါတယ်၊ စနစ်တကျနဲ့ ဆောင်ရွက်နေတာ တွေ့ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ ဆွေးနွေးပွဲမှာ သပ်သပ်ရပ်ရပ်နဲ့ အယူအဆ မတူတာတွေပါ ဖလှယ်ပြီး ဆွေးနွေးနိုင်ကြတယ်ဆိုတာမြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်၊ ကျွန်တော်ရောက်လာတဲ့အချိန်မှာ ဆန္ဒခံယူမဲခွဲပြီး ထောက်ခံအတည်ပြုနေတဲ့ အချက်တွေကလည်း တစ်ခဲနက် ထောက်ခံအတည်ပြုရမယ့်အချက်တွေပါ၊ ကျွန်တော့်အနေနဲ့ အခုဆုံးဖြတ်ချက်ချနေတဲ့ အချက်တွေအားလုံးကို သဘောတူတယ်လို့ ပြောချင်ပါတယ်၊ ကျွန်တော်တစ်ဦးချင်းအနေနဲ့ ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအထဲက အချို့အချက်တွေဟာ ကျွန်တော်တို့ စောစောကတည်းက ကြိုးစားနေတဲ့အချက်တွေ ဖြစ်ပါတယ်။

"စာအုပ်စာတမ်းတွေ သယ်ယူပို့ဆောင်တဲ့အခါ ပို့ဆောင်ခတွေ သက်သာဖို့၊ အခွန်အခတွေ လျှော့ပါးဖို့ဆိုတဲ့အချက်တွေ ပြောဆိုဆွေးနွေးခဲ့တာတွေရှိပါတယ်၊ နောက်ပြီး စာကြည့်တိုက်တွေနဲ့ ပတ်သက်တဲ့အပိုင်းမှာ၊ တိုင်းရင်းသားလူမျိုးစုစာပေနဲ့ ပတ်သက်တဲ့အပိုင်းတွေမှာ ကျွန်တော်တို့ကိုယ်တိုင်လည်း လုပ်ကိုင်ဆောင်ရွက်နေတာတွေ ရှိပါတယ်၊ အခု ဒီနေ့ တက်ရောက်လာတဲ့ စာပေပညာရှင်၊ စာပေသမားတွေအားလုံးကလည်း ဒီအကြောင်းတွေကို စိတ်ဝင်စားတာတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်၊ ဒီအထဲမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေလည်း တွေ့ပါတယ်၊ အဲဒါကိုလည်း ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။

**ထိထိရောက်ရောက်ဆောင်ရွက်ဖို့လို**

"ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တွေကို တကယ်အများအသုံးပြုတဲ့ ပြည်သူ့စာကြည့်တိုက်တွေ၊ သက်ဆိုင်ရာ ရပ်ရွာလူ့အဖွဲ့အစည်းကို အကျိုးပြုတဲ့ စာအုပ်စာပေတွေထားရှိဖို့နဲ့ ရပ်ရွာ အသုံးပြုနိုင်တဲ့ နေရာဌာနတစ်ခုဖြစ်ဖို့ဆိုတာတွေကို ဆောင်ရွက်နေတာတွေလည်း ရှိပါတယ်၊ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်တွေကို Community Center တွေဖြစ်အောင်၊ အများပြည်သူ ဝင်ထွက်သွားလာ ဆွေးနွေးတိုင်ပင်နိုင်နေဖို့၊ ရပ်ရွာကိစ္စတွေကို ဆွေးနွေးတိုင်ပင်၊ ဆုံးဖြတ်ချက်တွေချပြီး သက်ဆိုင်ရာဌာနတွေကို ဆက်လက်တင်ပြပြီး ဖြစ်စေချင်တာတွေကို ဆွေးနွေးနိုင်ဖို့ နေရာဌာနတွေအနေနဲ့ ပြောင်းလဲပြင်ဆင်လုပ်ကိုင်နေတာတွေ ရှိပါတယ်၊ ဒါနဲ့ဆက်စပ်ပြီး ကျွန်တော်ပြောချင်တာတစ်ခုက အခု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တွေကို တကယ် စာအုပ်စာတမ်းစုံလင်ဖို့၊ အင်တာနက် ရရှိဖို့၊ စာကြည့်တိုက်အသွင်ပြည့်ပြည့်ဝဝ ဆောင်ရွက်ဖြစ်ဖို့ဆိုရင် နေရာဌာနအသီးသီး၊ မြို့နယ်အသီးသီးမှာ ရှိတဲ့ စာပေသမားများက ဒီစာကြည့်တိုက်တွေနဲ့အတူ ပူးတွဲပြီး စာပေဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့လိုတယ်လို့ မြင်ပါတယ်။

**စာပေသမားများဖိတ်ခေါ်**

"ကျွန်တော်တို့ အနေနဲ့လည်း ဖိတ်ခေါ်နေပါတယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်တွေမှာ စာပေဆွေးနွေးပွဲတွေ၊ စာဖတ်ဝိုင်းတွေ၊ Book Club တွေ ဖွဲ့စည်းဖို့လည်း လုပ်နေတာတွေရှိပါတယ်၊ သက်ဆိုင်တဲ့ နေရာ အသီးသီးမှာရှိတဲ့ စာပေသမားတွေကို ပါဝင်ဆောင်ရွက်စေချင်ပါတယ်၊ အဲဒီလို လုပ်ခြင်းအားဖြင့် အခု တောင်းဆိုနေတဲ့၊ ပြောဆိုဆွေးနွေးနေတဲ့ အချက်တွေဟာ အလိုအလျောက် ရုပ်လုံးပေါ်လာလိမ့်မယ်လို့ မြင်ပါတယ်၊ တိုင်းရင်းသားလူမျိုးစု စာပေနဲ့ပတ်သက်ရင်လည်း တိုင်းရင်းသား စာပေများရှိတဲ့ ပုံနှိပ်စာနဲ့ တိုင်းရင်းသားဘာသာစကား အမျိုးမျိုးနဲ့ ရှိပြီးဖြစ်တဲ့ စာပေတွေကို ကျွန်တော်တို့ စုဆောင်းနေတာရှိပါတယ်၊ ဒီစာပေတွေနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲ၊ ပြပွဲတစ်ခု လုပ်ဖို့လည်း စီစဉ်နေတာ ရှိပါတယ်၊ အဲဒီအခါမှာလည်း အနယ်နယ်အရပ်ရပ်မှာ ရှိတဲ့ စာပေသမားတွေကို ဆက်သွယ်ဖိတ်ခေါ်ပြီး အတူလက်တွဲဆောင်ရွက်ဖို့ စိတ်ကူးအစီအစဉ်ရှိပါတယ်၊ ဒီနေ့ ကျွန်တော်က ဧည့်သည်တစ်ဦးအနေနဲ့ လာရောက်တာဖြစ်ပါတယ်၊ ကျွန်တော် ကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးချင်ပါတယ်၊ သို့သော် အကြောင်းအားလျော်စွာ မဆွေးနွေးနိုင်ဘဲ အခုလို ဒီနေ့မှ ရောက်လာတာဖြစ်ပါတယ်၊ ကျွန်တော် အခုလို အမှတ်တရစကား ပြောကြားခွင့်ရတဲ့အတွက် စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီနဲ့ တက်ရောက်လာကြတဲ့ စာပေမိတ်ဆွေတွေ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်၊ စာပေညီလာခံ ၂၀၁၇ အောင်မြင်ပါစေ၊ စာပေညီလာခံ ၂၀၁၇ က ဆုံးဖြတ်တဲ့ ရလဒ်တွေကို တကယ်လက်တွေ့အကောင်အထည်ပေါ်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် စာပေညီလာခံ ၂၀၁၇ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်မှုအတွက် ကျင်းပရေးကော်မတီကိုယ်စား စာရေးဆရာမ မစန္ဒာက ကျေးဇူးတင်စကား ပြောကြားသည်။

**လေးရက်ကြာကျင်းပခဲ့**

စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆုံးဖြတ်ချက် ရလဒ်များကို ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

စာပေညီလာခံ ၂၀၁၇ ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ Pen Myanmar ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံစာရေးဆရာကလပ်၊ မြန်မာနိုင်ငံ ကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင် များ၊ စာရေးဆရာ ဆရာမများ၊ စာပေနယ်ပယ်အသိုင်းအဝိုင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် စာပေကိုချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် စာပေညီလာခံ ၂၀၁၇ သို့ တက်ရောက်လာသော စာပေအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရန်ကုန်မြို့မရမ်းကုန်းမြို့နယ်ရှိ Yangon City ဟိုတယ်၌ ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**အဖွင့်အမှာစကားပြော**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် စာပေညီလာခံ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆရာမောင်သွေးသစ်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာပေညီလာခံ ကျင်းပရေးကော်မတီဝင်များ၊ စာပေအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေညီလာခံ ၂၀၁၇ ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးဦး ရှင်းလင်း ပြောကြားစဉ်။



စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးမျိုးမြင့်ညိမ်း ရှင်းလင်းပြောကြားစဉ်။



စာပေညီလာခံ ၂၀၁၇ တွင် မြန်မာစာပေအရေးအသားဆိုင်ရာ ဆွေးနွေးပွဲရလဒ်များကို တက်ရောက်လာကြသူများက မဲကတ်ပြားကိုင်ဆောင်၍ အတည်ပြုဆုံးဖြတ်ကြစဉ်။ သတင်းစဉ်

---

❊ ကျော်ဖုံးမှ

အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဆရာ ဒေါက်တာရန်ခိုပေါင်က ပဏာမဆုတောင်းပေးပြီး ဆရာတော် မန်းဂျွန်ဆိမ်းယို့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ခရစ္စမတ် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် သိက္ခာတော်ရဆရာ ဒေါက်တာဦးညွန့်လှက တပင်တိုင်ဂုဏ်တော်ကို သီဆိုချီးမွမ်းပြီး သိက္ခာတော်ရဆရာ ဦးအောင်သက်ညွန့်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအတွက် မေတ္တာပို့ဆုတောင်းပေးသည်။

**ကောင်းချီးမင်္ဂလာပေး**

ယင်းနောက် သိက္ခာတော်ရ ဆရာတော်များက သမ္မာကျမ်းစာ ဖတ်ကြားခြင်း၊ ကျေးဇူးတင်စကား ပြောကြားခြင်း၊ ကျေးဇူးတော် ချီးမွမ်းဆုတောင်းခြင်း၊ ညစာစားပွဲတက်ရောက်လာကြသူများက ဓမ္မသီချင်းစုပေါင်းသီဆိုခြင်း၊ သာသနာပိုင်ချုပ်ကြီး စတီဖင်သန်းမြင့်ဦးက ခရစ္စမတ် ဓမ္မဒေသနာဟောကြားခြင်းနှင့် ဂုဏ်ထူးဆောင်ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာဇိုးထန်မောယာက ကောင်းချီးမင်္ဂလာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဝတ်ပြုပွဲအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခရစ်တော်မွေးနေ့မိတ်သဟာယ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# စာပေညီလာခံ ၂၀၁၇ အောင်မြင်မှုမှ မြန်မာ့စာပေလောကဖွံ့ဖြိုးတိုးတက်မှု အနာဂတ်ခရီး မျှော်လင့်ချက်များ


ဆရာမျိုးမြတ်သူ (စာပေညီလာခံ ကျင်းပရေး ကော်မတီ ပြန်ကြားရေးတာဝန်ခံ)


ဆရာမျိုးမြင့်ညိမ်း (စာပေညီလာခံ ကျင်းပရေး ကော်မတီအတွင်းရေးမှူး အဖွဲ့ဝင်)


ဆရာ မြေမှုန်လွင်


ဆရာ မောင်သွေးသစ် (စာပေညီလာခံ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)


ဆရာမ ဇင်ဝေဝေနှင်း (အယူတော်မင်္ဂလာ)

## တွေ့ဆုံမေးမြန်း-ဇော်ကြီး၊ နန္ဒာဝင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်

**"လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် စာပေညီလာခံ ၂၀၁၇ ကို ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ (Myanmar Convention Center - MCC) ခန်းမ၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပရာ ယနေ့တွင် ညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။**

ညီလာခံ ပထမနေ့မှ တတိယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြပြီး ယနေ့ (စတုတ္ထနေ့) နံနက်ပိုင်းတွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့ တင်သွင်းပြီး မဲခွဲဆုံးဖြတ် အတည်ပြုချက်ရယူကြရာ ညီလာခံနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် စာပေအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ၏ အမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

ဒီစာပေညီလာခံဟာဆိုရင် စာပေအဖွဲ့အစည်း အသီးသီးက လွတ်လပ်စွာ ကျင်းပတဲ့ ညီလာခံဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အပါအဝင် ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ကူညီတာတွေ ရှိပါတယ်။ အဓိကအားဖြင့်တော့ စာပေအဖွဲ့အစည်းတွေ ပူးပေါင်းပြီး ကျင်းပတာဖြစ်ပါတယ်။ ဆိုလိုချင်တာကတော့ "လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" ဆိုတာနဲ့ အညီ ကျင်းပတဲ့ စာပေညီလာခံ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာအတွင်းမှာ ဒီလိုလွတ်လပ်တဲ့ စာပေညီလာခံတစ်ခု ကျင်းပဖြစ်တဲ့အတွက်ကြောင့် စာရေးဆရာတစ်ဦးအနေနဲ့ရော ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတစ်ဦးအနေနဲ့ပါ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

**ဆရာမျိုးမြတ်သူ**
**(စာပေညီလာခံကျင်းပရေးကော်မတီ ပြန်ကြားရေးတာဝန်ခံ)**

ဒီညီလာခံက အင်မတန်ထူးခြားပါတယ်။ ၅၅ နှစ်အကြာမှာ ပြန်လည်ကျင်းပတာ ဖြစ်ပါတယ်။ စာပေအဖွဲ့အစည်း စုစုပေါင်း ၁၁ ဖွဲ့ ပူးပေါင်းပြီး ကျင်းပခဲ့တာပါ။ ညီလာခံ အကျိုးရလဒ်အနေနဲ့ အဆိုပြုချက် ၄၀ ထွက်ပေါ်လာတယ်။ အဆိုပြုချက်တွေကို စာပေလောကမှာရှိတဲ့ စာပေပညာရှင်တွေ၊ ကဗျာဆရာတွေ အပါအဝင် စာပေလောကသားအားလုံးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒီကနေထွက်ပေါ်လာတဲ့ ရလဒ်တွေကနေ မြန်မာနိုင်ငံစာပေလောက တိုးတက်ဖွံ့ဖြိုးဖို့အတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ညီလာခံကနေထွက်ပေါ်လာတဲ့ အဆိုပြုချက်တွေဟာဆိုရင် မြန်မာစာပေလောကအပြင် နိုင်ငံအတွက်လည်း အင်မတန် အရေးကြီးတဲ့ အချက်တွေ ဖြစ်ပါတယ်။ ဒီအချက်အလက်တွေကိုသာ သက်ဆိုင်ရာ တာဝန်ရှိတဲ့သူတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးက ဝိုင်းဝန်းပြီး ဆောင်ရွက်ကြမယ်ဆိုရင် ဒီအချက်အလက်တွေဟာ မဖြစ်နိုင်စရာအကြောင်း တစ်ခုမှ မရှိပါဘူး။ ဒီအချက်အလက်တွေအားလုံးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရင် ကျွန်တော်တို့တိုင်းပြည်နဲ့ စာပေဟာ တိုးတက်ဖွံ့ဖြိုးလာမှာ အမှန်ပါပဲ။

**ဆရာမျိုးမြင့်ညိမ်း**
**(စာပေညီလာခံကျင်းပရေးကော်မတီအတွင်းရေးမှူး အဖွဲ့ဝင်)**

ညီလာခံမှာ ကဏ္ဍအလိုက် စာပေနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေက စကားဝိုင်းဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ စာပေအဝန်းအဝိုင်းမှာတော့ စာပေစကားဝိုင်း ဆွေးနွေးမှုတွေဟာ သိပ်ပြီး အကျွမ်းတဝင် မရှိတာကြောင့် အခက်အခဲတချို့တော့ရှိခဲ့တယ်။ တချို့ကလည်း စာပေဟောပြောပွဲပုံစံ ပြောသွားတာမျိုးတွေ ရှိတယ်။ နောက်တစ်ခုကတော့ ဆွေးနွေးမှုအားလုံးအပေါ်မှာ ခြုံငုံသုံးသပ်ပြီးတော့ ပြောသွားတာမျိုးမရှိဘဲနဲ့ ကိုယ်ပြောစရာရှိတာ ပြောပြီး ပြီးသွားတာမျိုးတွေကိုလည်း တွေ့ခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ အချက်အလက်ရှာဖွေတဲ့အဖွဲ့နဲ့ အချက်အလက် အထောက်အထားတွေ စုစည်းတဲ့အဖွဲ့တွေ ရှိပါတယ်။ သူတို့ဆီက ရလာတဲ့ ရလဒ်တွေကို ပြန်ပြီးတော့ အဖြေထုတ်ရပါတယ်။ တချို့ ကြားခံဆွေးနွေးသူတွေက ရလဒ်ကို အဖြေထုတ်ပေးသွားတာမျိုးရှိသလို တချို့ကျတော့လည်း အဖြေထုတ်မပေးသွားတာမျိုးတွေလည်း ရှိတဲ့အတွက် အခက်အခဲတော့ အနည်းငယ်ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးဖြစ်အောင် ဖြေရှင်းနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ညီလာခံကျင်းပရခြင်း အကြောင်းအရင်းက မြန်မာစာပေလောကမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့အပေါ်မှာ အစိုးရအဖွဲ့ကို အသိပေးတင်ပြခြင်းပဲဖြစ်ပါတယ်။ အဓိကအားဖြင့် စာပေနဲ့ပတ်သက်တာတွေကိုပဲ ဆွေးနွေးခဲ့ကြတာပါ။ တချို့ကတော့ နိုင်ငံရေးအရ ဆွေးနွေးမှုမျိုးကိုလည်း တွေ့ရပါတယ်။ အဲဒါတွေကိုတော့ ကျွန်တော်တို့ ဆွေးနွေးပွဲရဲ့ ရည်ရွယ်ချက်နဲ့ မသက်ဆိုင်တဲ့အတွက်ကြောင့် ဆွေးနွေးတဲ့အကြောင်းအရာတွေကို တင်ပြပြီးတော့ မဲခွဲဆုံးဖြတ်တဲ့ အထဲမှာ မပါပါဘူး။ မဲခွဲဆုံးဖြတ်မှုအနေနဲ့ ညီလာခံမှာပြုလုပ်ခဲ့တဲ့ စကားဝိုင်းဆွေးနွေးပွဲ ၅၄ ခုထဲက တူညီတဲ့ သဘောတူညီချက်တွေကို ယူပြီးတော့ အကြောင်းအရာ ခေါင်းစဉ် ရှစ်ခုအောက်မှာ ဆွေးနွေးမှုရလဒ်၄၀ ကိုတင်သွင်းပြီးတော့ မဲစနစ်နဲ့ ဆန္ဒမဲခံယူခဲ့ပါတယ်။ တင်သွင်းချက်တွေ အားလုံးကို တစ်ခဲနက်ထောက်ခံပြီး သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒီညီလာခံကနေရရှိလာတဲ့ အဓိကအကြောင်းအရာကြီး ရှစ်ခုဟာ တိုင်းပြည်အတွက် အများကြီး အကျိုးကျေးဇူးရှိမှာ ဖြစ်သလို စာပေလောက ပြောင်းလဲတိုးတက်ရေးအတွက် အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

**ဆရာမြေမှုန်လွင်**

ဒီစာပေညီလာခံဟာ စာပေလောက အရွေ့အပြောင်းတစ်ခုအတွက် ပထမခြေလှမ်းပဲ ဖြစ်ပါတယ်။ ဒီကနေ ရရှိလာတဲ့ အကြံပြုချက်တွေ၊ ဆောင်ရွက်ဖို့လိုအပ်တဲ့ အချက်တွေကနေတစ်ဆင့် စာပေလောကအတွက် ပိုမိုကောင်းမွန်တဲ့ စနစ်တစ်ခု၊ အပြောင်းအလဲတစ်ခုကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ညီလာခံအပေါ်မှာ ကျွန်တော့်အနေနဲ့ တော်တော်များများ အားရကျေနပ်မှုရှိပါတယ်။ စာပေနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေ ကြုံတွေ့နေရတဲ့ အခက်အခဲတော်တော်များများကို ညီလာခံမှာ တင်ပြသွားတာမျိုးကို တွေ့ရပါတယ်။ ဒီလိုမျိုး ညီလာခံတွေ၊ ဆွေးနွေးပွဲတွေ၊ တွေ့ဆုံပွဲတွေ မကြာခဏ လုပ်ပေးဖို့လိုပါတယ်။

**ဆရာ မောင်သွေးသစ်**
**(စာပေညီလာခံကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)**

ဒီညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အပေါ် ကဗျာဆန်ဆန်ပြောရရင် ၅၅ နှစ်ကြာ ချုံနွယ်ပိတ်ပေါင်းတွေ ပိတ်ဖုံးနေပြီး ကျောက်တောင်တွေ ထူထပ်နေတဲ့ တောင်ကုန်းကို အခက်အခဲတွေကြားကနေ ကျွန်တော်တို့ စာပေညီအစ်ကိုမောင်နှမအားလုံးက ဒီညီလာခံကြီးကို အောင်မြင်စွာ သိမ်းပိုက်နိုင်လိုက်သလိုပါပဲ။ ထိုနည်းအတူ အားလုံးညီညွတ်စွာနဲ့ပဲ အောင်လံကို လွှင့်ထူလိုက်ပါပြီ။ သမိုင်းတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီညီလာခံကြီးကနေ အနာဂတ် မြန်မာစာပေလောကအတွက်၊ တိုင်းပြည်အတွက် ကောင်းကျိုးတွေကို သယ်ဆောင်လာတော့မှာ ဖြစ်ပါတယ်။

**ဆရာမ ဇင်ဝေဝေနှင်း( အယူတော်မင်္ဂလာ)**

ဒီညီလာခံမှာဆိုရင် စာပေနယ်ပယ်အသီးသီးက အဖွဲ့အစည်းတွေ ပါဝင်ပြီး မတူညီတာတွေကို စုပေါင်းပြီး အားလုံးဆွေးနွေးခဲ့ကြတယ်။ မတူညီတာတွေကို တူညီအောင်ညှိကြတဲ့အတွက် အားရကျေနပ်ပါတယ်။ အနယ်နယ် အရပ်ရပ်က စာပေသမားတွေ၊ ဝါသနာရှင်တွေအားလုံး အတူတကွ စုစုစည်းစည်း တွေ့မြင်ရတဲ့ အပေါ်မှာလည်း ကျေနပ်မိပါတယ်။ ဒီညီလာခံဟာ စာပေလောက အနာဂတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီး အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ။


## တိုင်ကြားနိုင်ပါသည်

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးသဘောတူစာချုပ် (CEDAW)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက် သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇)ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့် ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည်-

(၁) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊
(ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)
(၂) တိုင်တန်းသူသည် မည်ကဲ့သို့မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့် သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊
(၃) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊
(၄) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံ မေးမြန်းပါမည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်သည် ဒီဇင်ဘာ ၈ ရက်က ဝေါမြို့နယ် သူရဲသမိန်ကျေးရွာအုပ်စု သူရဲသမိန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများအား တွေ့ဆုံ၍ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး မှုခင်းအသိပညာပေး ဟောပြောစဉ်။

သန့်စင်(ပဲခူး)

### ဒီဇင်ဘာလ စုပေါင်း လမ်းလျှောက်ပွဲ ဘိုကလေးမြို့၌ ဆင်နွှဲ

**ဘိုကလေး ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့၌ ဒီဇင်ဘာ ၁၆ ရက် နံနက်က ကျင်းပသော တတိယအပတ်မြောက် လူထုလမ်းလျှောက်ပွဲတွင် ဒေသခံပြည်သူ ၄၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲရာတွင် စုပေါင်းလမ်းလျှောက်ခြင်း၊ စုပေါင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းတို့အပြင် လူထုလူတန်းစားအလွှာစုံ ပါဝင် ကစားနိုင်သည့် ရပ်ကွက်အလိုက်ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ခြင်းလုံးခတ်ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပပေးခဲ့ပြီး ဆုရရှိသူများကို ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။

**သူဇာနွယ် (ဖျာပုံ)**

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို အမှန်အတိုင်း ရေးသားပြုစုထားတဲ့ သမိုင်းစာအုပ်ကို အခြေခံပြီး ရုပ်ရှင်ရိုက်ကူးမှာဖြစ်တယ်

**တွေ့ဆုံမေးမြန်း- ရီရီမြင့်**

**ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကြီးရိုက်ကူးဖြစ်မြောက်ရေးအတွက် သမိုင်းအထောက်အထားလွဲမှားမှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက နိုဝင်ဘာ ၂၄ ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့သည်။**

ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူအချို့ကို မြန်မာ့အလင်းသတင်းစဉ်က တွေ့ဆုံမေးမြန်းထားပါသည်။

**သူရဦးအောင်ကို**

**(ပြည်ထောင်စုဝန်ကြီး၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန)**




ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိရုပ်ရှင်ဇာတ်လမ်းရိုက်ဖို့ဆိုတာ တစ်ဖက်က သမိုင်းအထောက်အထားခိုင်လုံဖို့ လိုပါတယ်။ သမိုင်းအထောက်အထား ခိုင်လုံဖို့အတွက် တစ်ဖက်က နိုင်ငံတော်အဆင့်ပြုစုထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိသမိုင်းကြောင်းကို ပြန်ပြီးရှာပါတယ်၊ မြန်မာသမိုင်းအဖွဲ့ ဖွဲ့ထားတာ လွတ်လပ်ရေးရပြီး အချိန်ကတည်းက ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်၊ မြန်မာသမိုင်းအဖွဲ့က ၁၉၅၀ ပြည့်နှစ်လောက်ကစပြီး လုပ်သားကောလိပ် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ကိုယ်ရေးသမိုင်းစာအုပ်ကို စတင်ပြုစုခဲ့ပါတယ်၊ ၁၉၅၉-၆၀ ပတ်ဝန်းကျင်မှာ မူကြမ်းပြီးပါတယ်၊ ၁၉၆၂ ခုနှစ်မှာ နိုင်ငံတော်အစိုးရ အပြောင်းအလဲဖြစ်သွားလို့ အဲဒီမူကြမ်းက အသက်ဝင်ခဲ့ခြင်း မရှိခဲ့ပါဘူး၊ သို့သော်လည်း မြန်မာသမိုင်းပညာရှင်များအဖွဲ့က ဆရာ ဆရာမကြီးတွေ အသက်အရွယ်လည်းရ၊ အချို့ကွယ်လွန်၊ အချို့ပြည်ပထွက်ခွာမို့လို့ မြန်မာသမိုင်းအဖွဲ့ကို အစိုးရသစ်လက်ထက်မှာ ဦးစွာပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်၊ ဖွဲ့စည်းပြီးတဲ့အခါ လိုအပ်သမျှကို ပံ့ပိုးပေးပါတယ်၊ ဆရာကြီး ဆရာမကြီး ၁၇ ဦးနဲ့ အချိန်ပြည့်ဖွဲ့ပါတယ်၊ ၁၀ ဦးကိုအချိန်ပိုင်းဖွဲ့ပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကို အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း၊ ရေးသားပြုစုဖို့ အဖွဲ့တစ်ဖွဲ့ဖွဲ့ပြီး သီးသန့်တာဝန်ပေးပါတယ်၊ အတ္ထုပ္ပတ္တိသမိုင်းက ၉၉ ရာခိုင်နှုန်းမူကြမ်းပြီးပြီလို့ ပြောလို့ရပါတယ်၊ အဲဒီမူကြမ်းကို နိုင်ငံတော်၏ အတိုင်ပင်ခံထံတင်ပြပြီး အတည်ပြုချက်ယူပါမယ်၊ သမိုင်းမှတ်တမ်းဖြစ်လာမယ့် ဗိုလ်ချုပ်ရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိသမိုင်းကို ပုံနှိပ်ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

အဲဒီကိုယ်ရေးအတ္ထုပ္ပတ္တိ သမိုင်းစာအုပ်ကို အခြေခံပြီးမှ အခုရုပ်ရှင်သဘော ရိုက်ကူးသွားမှာ ဖြစ်ပါတယ်၊ ရိုက်ကူးတဲ့အခါမှာ လုပ်ငန်းကော်မတီဖွဲ့ပြီး ပင်မကော်မတီတစ်ရပ် ရှိပါတယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပါတယ်၊ အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးဖြစ်ပါတယ်၊ ပါသင့်ပါထိုက်တဲ့ ပညာရှင်တွေ၊ ရုပ်ရှင်ဘက်ကလည်း ပါပါတယ်၊ ဝန်ကြီးဌာနဘက်ကလည်း ထည့်သွင်းဖွဲ့စည်းထားပါတယ်။

အဲဒီမှာ လုပ်ငန်းဆပ်ကော်မတီ အသီးသီးဖွဲ့ထားပါတယ်၊ အခုပထမအကြိမ် အစည်းအဝေး လုပ်မှာပါ၊ ရန်ပုံငွေက ငွေကျပ်သိန်း ၈၃၀၀ ကျော် ရှိပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်း လက်ထက် ဒုတိယကမ္ဘာစစ်တုန်းက ဇာတ်ဝင်ခန်းတွေ၊ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုခဲ့တဲ့ လန်ဒန်က ရိုက်ကွင်းတွေ၊ တခြားဆက်နွှယ်နေတဲ့ အိန္ဒိယက ရိုက်ကွင်းတွေ၊ စစ်ပညာသင်ကြားခဲ့တဲ့ ဂျပန်တို့၊ ဂျပန်က ကျွန်းတွေအထိ ရိုက်ကွင်းဆင်းမယ်ဆိုရင် သိန်းပေါင်းသောင်းချီကုန်ကျမှာ ဖြစ်ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြတဲ့အခါ လောလောဆယ် ပြည်သူတွေ စားဝတ်နေရေးကျပ်တည်းနေပါတယ်၊ ငွေကျပ်သိန်း ၈၃၀၀ နဲ့ပဲ ရအောင်ရိုက်ပါလို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်မှုပေးပါတယ်၊ ဒါနဲ့ပတ်သက်လို့ ပြည်တွင်းမှာ လှူဖို့ကမ်းလှမ်းတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေလည်းရှိပါတယ်၊ ရုပ်ရှင်၊ အနုပညာရှင်တွေဘက်ကလည်း ပါဝင်ကူညီရိုက်ကူးပေးဖို့ အများကြီးရှိပါတယ်၊ သို့သော် ကနဦးအစပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ပဲ ဆက်ရိုက်သွားမှာ ဖြစ်ပါတယ်၊ ငွေကျပ်သိန်း ၈၃၀၀ နဲ့ပဲ ရအောင်ရိုက်သွားပါမယ်၊ ငွေအား၊ ပညာအား၊ လုပ်အားနဲ့ ဝိုင်းဝန်းကူညီမယ့်သူတွေကတော့ တစ်နိုင်ငံလုံး ဖြစ်ပါတယ်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ သမိုင်းကြောင်းက မှေးမှိန်ခဲ့ပါတယ်၊ မှေးမှိန်ခဲ့တဲ့ သမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်ဖို့ ကြိုးပမ်းခြင်း ဖြစ်ပါတယ်၊ ကနဦးတင်ပြခဲ့သလိုပဲ တစ်ဖက်ကလည်း အတ္ထုပ္ပတ္တိကို ပကတိအမှန်အတိုင်း ပြန်ရေးနေပါပြီ၊ ပြီးပါပြီ၊ ဒါကြောင့်မို့လို့ နိုင်ငံတော်အတွက် ကျေးဇူးကြီးမားလှတဲ့ အာဇာနည်အမျိုးသားခေါင်းဆောင်ကြီးရဲ့အတ္ထုပ္ပတ္တိရုပ်ရှင်ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တာဝန်ယူပြီး ဆောင်ရွက်ခွင့်ရတဲ့အတွက် ဘဝမှာ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

**ဦးလူမင်း**

**(ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူး ထုတ်လုပ်ရေး လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး)**

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူးရေး ဘုတ်အဖွဲ့ကို

> **“ငွေအား၊ ပညာအား၊ လုပ်အားနဲ့ ဝိုင်းဝန်းကူညီမယ့်သူတွေကတော့ တစ်နိုင်ငံလုံး ဖြစ်ပါတယ်၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ သမိုင်းကြောင်းက မှေးမှိန်ခဲ့ပါတယ်၊ မှေးမှိန်ခဲ့တဲ့ သမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်ဖို့ ကြိုးပမ်းခြင်းဖြစ်”**



၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဗိုလ်ချုပ်မွေးနေ့မှာ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်၊ ဒါပေမယ့် ငါးနှစ်ကျော်ကာလ အထိရိုက်ကူးနိုင်ခြင်း မရှိခဲ့ပါဘူး၊ နိုင်ငံတကာအဆင့်မီ အကောင်းဆုံး ဖန်တီးရိုက်ကူးချင်တဲ့အတွက် ရန်ပုံငွေအခက်အခဲ အရ အချိန်ကာလ ကြန့်ကြာသွားတာ ဖြစ်ပါတယ်၊ ဒီနေ့ ဒီအချိန်မှာတော့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဖြစ်မြောက်ရေး ဘုတ်အဖွဲ့ကို ဖျက်သိမ်းလိုက်ပြီးတော့ ဒီနေ့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ



ဦးလူမင်း (ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး)

ရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ အကောင်းဆုံး ရိုက်ကူးတင်ဆက်ပြီး ပြည်သူလူထုရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဗိသုကာကြီးဖြစ်တဲ့ တပ်မတော်ရဲ့ ဖခင်ကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိအကြောင်းကို အမြန်ဆုံး လက်တွေ့အကောင်အထည်ဖော်ပြီးတော့ ပြည်သူလူထုရှေ့မှောက်ကို အမြန်ဆုံးပြသနိုင်ဖို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ငန်းကော်မတီ အသီးသီးဖွဲ့စည်းပြီးတော့ ဆောင်ရွက်သွားကြမှာပါ၊ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိကို ရိုက်ကူးတာဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ဖော်ညွှန်းရာ ရောက်တယ်၊ မြန်မာပြည်ရဲ့လွတ်လပ်ရေးသမိုင်းကြောင်းကိုလည်း ဖော်ကျူးရာ ရောက်ပါတယ်၊ မြန်မာနိုင်ငံရဲ့ အမျိုးသားဖခင်ကြီး အကြောင်းကို အခုလို ဂုဏ်ပြုရိုက်ကူးတင်ဆက်တာ နောင်လာနောက်သားတွေအတွက် မှတ်သားဖွယ်ရာဖြစ်အောင် ရိုက်ကူးတင်ဆက်တာ ဖြစ်ပါတယ်၊ စတင်ရိုက်ကူးဖို့ စိတ်ကူးစိတ်သန်း ပြောဆိုခဲ့ကြကတည်းက အမေဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ပါဝင်ခဲ့တဲ့သူဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်ကတော့ ဒီရုပ်ရှင်အောင်မြင်အောင် ရိုက်ကူးနိုင်ဖို့ဆိုရင် ဘယ်အခန်းကဏ္ဍက ဖြစ်စေ ဆုံးခန်းတိုင်တဲ့အထိ ပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ်ထားပါတယ်။

**ဒါရိုက်တာ မင်းထင်ကိုကိုကြီး**

၂၀၁၅ မှာ ဒီဘက်က ဇာတ်ညွှန်းပြီးသွားပြီ၊ ဘတ်ဂျက်ရှာဖွေဖို့ လုပ်နေပြီ၊ ရိုက်ကူးရေးစတော့မယ်၊ ရွေးကောက်ပွဲမတိုင်ခင်ပေ့ါ၊ ပြီးတော့ ၂၀၁၇ ခုနှစ် ဇွန်လမတိုင်ခင်က အစည်းအဝေးလုပ်ပြီ ငွေကျပ်သိန်းသုံးသောင်းကုန်ကျမယ့် ဇာတ်ကားကို ငွေကျပ်သိန်းရှစ်ထောင်ကျော်နဲ့ ရိုက်ကူးဖို့ တာဝန်ထပ်ပေးတယ်၊ ဒီရုပ်ရှင်ကိုဖြစ်အောင် ရိုက်ရမယ်ဆိုတဲ့ စိတ်ကူးတစ်ခု တည်းနဲ့ တာဝန်ယူခဲ့တယ်၊ ၂၀၁၈-၂၀၁၉ မှာ ဇာတ်ညွှန်းပြန်လည်ရေးသားခြင်းနဲ့ ရိုက်ကူးခြင်းကို လုပ်မယ်ဆိုပြီး တာဝန်ယူခဲ့တယ်၊ အစိုးရအဖွဲ့ကနေ ဒီရုပ်ရှင်ရိုက်ကူးရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်လာတယ်၊ အများကြီး အထောက်အပံ့ပေးဖို့ ဖြစ်လာတယ်၊ ကိုယ့်ဘက်ကလည်း ပြင်ဆင်ပြီးသားအနေအထားဖြစ်နေပြီ၊ လက်ရှိလုပ်နေတဲ့ အဖွဲ့အစည်းကလည်း ရပ်နေပြီ။

ဒီရုပ်ရှင်ရိုက်ကူးဖို့ နှစ်နှစ် စိတ်ရောကိုယ်ပါ နှစ်ပြီးလုပ်ဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့အတွက် ဒီရုပ်ရှင်ရိုက်ကူးဖို့ အစိုးရ တာဝန်ပေးတဲ့ အချိန်မှာလည်း တာဝန်ယူထားတယ်၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကနေ စရိုက်မယ်၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ပြသဖို့အတွက် အဆင်သင့်ဖြစ်နေရမယ်၊ နှစ်နှစ်ဆိုတာ ရိုက်ကူးရေးတစ်ခုတည်း မဟုတ်ဘူး၊ ဇာတ်ညွှန်းနဲ့ရိုက်ကူးဖို့ ပြင်ဆင်ရေး၊ ရိုက်ကူးရေး၊ ပြီးတော့ တည်းဖြတ်ဖို့အတွက်



ဒါရိုက်တာ မင်းထင်ကိုကိုကြီး

စသဖြင့် နှစ်နှစ်အချိန်ယူထားပါတယ်၊ ဇာတ်ကားနာမည်ကတော့ အောင်ဆန်းပါပဲ၊ ယခင်ပေးထားတဲ့ အတိုင်းပါပဲ၊ သရုပ်ဆောင်အပိုင်းမှာတော့ ရွေးချယ်လေ့ကျင့်ပေးထားပြီးသားဖြစ်တဲ့ ဗိုလ်ချုပ်နေရာမှာ ကျော်ကျော်မျိုး၊ ဒေါ်ခင်ကြည်နေရာမှာ ဇာခြည်လင်း အဲဒီနှစ်ယောက်က အဓိကပေ့ါ၊ သူတို့နှစ်ယောက်ကလည်း ရုပ်အား၊ စိတ်အားနဲ့ ဒီရုပ်ရှင်ကို ရိုက်ကူးဖို့အတွက် အဆင်သင့်ဖြစ်နေတယ်၊ ပြည်တွင်းရော ပြည်ပမှာပါ နှစ်ခုလုံးမှာ ရိုက်ဖို့ဆိုတာကတော့ ဘတ်ဂျက်ပေါ်မှာ မူတည်ပါတယ်၊ ဇာတ်ညွှန်း၊ ဇာတ်လမ်းအပြင် ရုပ်ရှင်ဇာတ်ကား အရည်အသွေးမီတဲ့ ကားဖြစ်ဖို့ဆိုတာ တော်တော်များများ ဘတ်ဂျက်အပေါ်မှာ မူတည်နေတယ်၊ ဇန်နဝါရီလလောက်မှာ ဘတ်ဂျက်ကိစ္စ တိတိကျကျသိမှရမှာ၊ ဇာတ်ညွှန်းကလည်း ဘတ်ဂျက်အပေါ်မူတည်ပြီး ပြန်ရေးရင် ရေးရဦးမှာ၊ ရုပ်ရှင်ဆိုတာဇာတ်ညွှန်းပဲ၊ ဇာတ်ညွှန်းကောင်းမှ ရုပ်ရှင်ကောင်းမှာ၊ ဇာတ်ညွှန်းပိုင်းက တော်တော်အရေးကြီးတယ်၊ ဇာတ်ညွှန်းကို သေသေချာချာပြင်ဆင်ပြီးမှ ရိုက်ကူးရေးကိုသွားဖို့ စီစဉ်ထားပါတယ်။ ။

## ပုသိမ်-ချောင်းသာ ကားလမ်းကို ၂၃ ပေ ချဲ့၍ ကတ္တရာလမ်းခင်းနေ

**ပုသိမ် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး၏မြို့တော် ပုသိမ်မှ ချောင်းသာကမ်းခြေအပန်းဖြေစခန်းသို့ သွားသော ပုသိမ်-ရှောပြာ-ချောင်းသာ ကားလမ်းသည် ပုသိမ်မြို့ ရွှေရုပ်တုမှ ရွှေသောင်ယံမြို့နယ်အထိ ၃၆ မိုင် ၄ ဖာလုံရှိသည်။

လက်ရှိလမ်းအကျယ်မှာ ၁၈ ပေလမ်းဖြစ်သောကြောင့် ပုသိမ်ခရိုင်လမ်းဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ၂၃ ပေ အကျယ်ချဲ့၍ ကတ္တရာလမ်းခင်းလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မှ တစ်ဆင့်သွားရသော ယခု ပုသိမ်-ရှောပြာ-ချောင်းသာ ကားလမ်းသည် ကားလမ်းပေါ်၌ ချောင်းသာအပန်းဖြေစခန်းရှိပြီး တစ်ပြည်လုံးမှ ဧည့်သည်များ အမြဲမပြတ်သွားလာ မောင်းနှင်နေသော ကားလမ်းဖြစ်သောကြောင့် အမြဲကောင်းအောင် ကြိုးစားပြုပြင်နေကြောင်း၊ တိုင်းဒေသကြီး အစုအဖွဲ့ကလည်း အလေးပေးပါကြောင်း၊ ထို့ကြောင့် လမ်းမိုင်အားလုံး ချောင်းသာလွန်ပြီး ရွှေသောင်ယံအထိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၂၃ ပေလမ်းဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် လမ်းဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာ ဦးကိုကိုနိုင်က ပြောသည်။

ယခုအခါ အဆိုပါကားလမ်း မိုင်တိုင်အမှတ် ၀/၀ မှ ၂ မိုင် ၄ဖာလုံအတွင်းနှင့် မိုင်တိုင်အမှတ် ၀/၀ မှ ၀/၅ အတွင်း ၂ ဖာလုံ၊ မိုင်တိုင်အမှတ် ၃/၁ မှ ၄/၅အတွင်းမှ ၁ မိုင် ၄ ဖာလုံအား မူလ ၁၈ ပေလမ်းမှ အကျယ် ၂၃ ပေကတ္တရာလမ်းချဲ့ခြင်း၊ မိုင်တိုင်အမှတ် ၆/၂ မှ ၈/၃ ထိ ၂ မိုင် ၁ ဖာလုံအား လမ်းတာပေါင်အကျယ် ပေ ၄၀ ရရှိစေရန် မြေသားတာပေါင်ချဲ့ခြင်း၊ မိုင်တိုင်အမှတ် ၁၀/၅ မှ မိုင်တိုင်အမှတ် ၂၈/၄ အတွင်း အနိမ့်အမြင့်မြေညှိ၍ ကတ္တရာခင်းခြင်းတို့နှင့်အတူ ထပ်ပိုးလွှာတင်၍ ကတ္တရာရေပိတ်လွှာများ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်လောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ခရမ်း-စိုးမြင့်**



# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် တောင်တက်ကေဘယ်ကားလိုင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၆

**မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ကေဘယ်ကားလိုင်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်က ကျိုက်ထီးရိုးတောင်တော်အနီးရှိ ရသေ့တောင်စခန်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ Sky Asia Co., Ltd. ဦးဆောင်ညွှန်ကြားရေးမှူးက ကေဘယ်ကားလုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့က ကေဘယ်ကားစက်စတင်လည်ပတ်ရန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။**

**တည်ဆောက်ဖွင့်လှစ်နိုင်**

အဆိုပါကေဘယ်ကားလုပ်ငန်းအား ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ပြည်သူများ လွယ်ကူစွာတက်ရောက်ဖူး မြော်ကြည်ညိုနိုင်စေရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကျိုက်ထီးရိုး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ၁၃ ဒသမ ၅ ကေအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ နှစ်ရှည် မြေငှားရမ်းစနစ်ဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀ ရင်းနှီး မြှုပ်နှံ၍ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ပြေးဆွဲမည်ဖြစ်**

ကေဘယ်ကားလုပ်ငန်းအား ၂၀၁၄ ခုနှစ်မှ စတင်၍ Sky Asia Co., Ltd. က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရသေ့တောင်မှ ကျိုက်ထီးရိုးစေတီတော်မြတ်အထိ ပေ ၂၈၅၀ အရှည်အား တာဝါတိုင်ခြောက်တိုင်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တွဲဆိုင်းတစ်ဆိုင်းလျှင် လူရှစ်ဦး စီးနင်းလိုက်ပါနိုင်ကာ တွဲဆိုင်း ၄၄ ဆိုင်းဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျိုက်ထီးရိုးတောင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားရှိမှုအခြေအနေ၊ နုန်းတားဆည်ငယ်များ တည်ဆောက်၍ ရေဝေရေလဲထိန်းသိမ်း စောင့်ရှောက်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမေးမြန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်း အကွက်အမှတ်(၉၁)အတွင်း ၂/၂၀၁၇ စိုက်ခင်းပင်ကျပ်နုတ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စခန်းရှင်းလင်းဆောင်တွင် ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက ပင်ကျပ်နုတ်လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပင်ကျပ်နုတ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များအား ဆွေးနွေး မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ခင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပင်ကျပ်နုတ်လုပ်ငန်းဆောင်ရွက်ရာ၌ ချင့်ချိန်စဉ်းစားဆုံးဖြတ်ရမည့် အချက်များအား ဆွေးနွေးမေးမြန်း လေ့လာဆန်းစစ်ကာ လုပ်ငန်းလို အပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အကောင်းဆုံးဝန်ဆောင်မှုပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ် အိုင်ဒုံကွန်း ကြိုးဝိုင်းအကွက် အမှတ်(၁၃)တွင် တည်ရှိသည့် မော်ယော်ကြီးဆင်ထိန်းသိမ်းရေးစခန်းသို့ ရောက်ရှိပြီး ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်၍ လာရောက်လေ့လာ လည်ပတ်ကြသည့် ပြည်သူများ၊ ပြည်တွင်းပြည်ပ ခရီးသွားများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဝင်ကြေးငွေကောက်ခံရရှိမှု၊ သုံးစွဲသည့် ကုန်ကျစရိတ်တို့ကို စနစ်တကျစာရင်းပြုစုထားရှိရန်၊ စခန်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အဝင်လမ်းဝဲ၊ ယာ သစ်ပင်ဖြည့်စွက်စိုက်ပျိုးရန်၊ ခရီးသွားပြည်သူများ သိရှိနိုင်ရေးအတွက် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူထားရှိရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ပဏာမစစ်ဆေးခြင်းဖြေဆိုမှု ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးလှအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အထက (၄) အလုံနှင့် အထက(၁) လမ်းမတော် စာဖြေဌာနနှစ်ခုသို့ သွားရောက်၍ နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ပဏာမစစ်ဆေးခြင်း၊ အင်္ဂလိပ်စာဘာသာရပ်နှင့် သုတရေးရာဘာသာရပ် ဖြေဆိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** စာမေးပွဲဖြေဆိုသူများကို အားပေးစကား ပြောကြားသည်။



**ရာထူးရွေးချယ်ရေး လုပ်ငန်းစဉ်**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်အား ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က " Merit-Based ကို အခြေခံ၍ အရည်အချင်းပြည့်ဝသည့် အတော်ဆုံးသူများကို နိုင်ငံ့ဝန်ထမ်း လောကအတွင်း ရောက်ရှိစေရေး ဆောင်ရွက်သွားရန်"ဟု လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ ဦးစားပေးနယ်ပယ်လေးခုအနက်ဦးစားပေးနယ်ပယ် နှစ်၏ အရည်အချင်းကို အခြေခံသည့် ရွေးချယ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း တို့အတွက် ရည်ရွယ်၍ လည်းကောင်း၊ ဦးစားပေးနယ်ပယ်လေး၏ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာရှိမှုတို့ကို ရည်ရွယ်၍ လည်းကောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် အရာထမ်းများကို ရွေးချယ်ပေးရာတွင် လူမှန်၊ နေရာမှန် ဖြစ်စေရေးအတွက် ယခင်က အသုံးပြုလျက်ရှိသော စာမေးပွဲစနစ်အစား ပဏာမစစ်ဆေးခြင်းကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ ပထမအဆင့် အောင်မြင်သူများကို Intermediate Level မှ Upper Intermediate Level အဆင့်သို့ မြှင့်တင်စစ်ဆေးမည့် ရေးဖြေစာမေးပွဲကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ ဒုတိယအဆင့် အောင်မြင်သူများအား စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းကို တတိယအဆင့်အနေဖြင့်လည်းကောင်း စစ်ဆေး၍ ရာထူးရွေးချယ်ရေး လုပ်ငန်းစဉ်ကို အဆင့်မြှင့်တင်သည့်အနေဖြင့် ပဏာမစစ်ဆေးခြင်းကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စာစစ်ဌာန ငါးခု**

အဆိုပါ ပဏာမစစ်ဆေးခြင်း အစီအစဉ်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူခဲ့သည့် ဝန်ကြီးဌာန အဖွဲ့အစည်း ၁၁ ခုတို့မှ ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၄၈၀ နေရာအတွက် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၅၈၁၂ ဦးရှိပြီး ယနေ့ နံနက်ပိုင်းက စတင်ကာ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့၊ မော်လမြိုင်မြို့ရှိ စာစစ်ဌာန ငါးခု၌ တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးရွာသစ်လှုပ်ရှားမှု ခေါင်းဆောင်များ၏ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆုပေးပွဲ သန်လျင်မြို့၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

**ကိုရီးယားနိုင်ငံ Saemaul Undong Training Center (KSMU) နှင့် သမဝါယမတက္ကသိုလ် (သန်လျင်) တို့ ပူးပေါင်း၍ ကျေးရွာသစ်လှုပ်ရှားမှု ခေါင်းဆောင်များ၏ အလုပ်ရုံဆွေးနွေးပွဲကို သန်လျင်မြို့နယ်ရှိ Excel River View Hotel ၌ နိုဝင်ဘာလ နောက်ဆုံးပတ်က ကျင်းပသည်။**




**ကျေးရွာသစ်လှုပ်ရှားမှု ခေါင်းဆောင်များ၏ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေက ကိုရီးယားနိုင်ငံ ဆဲလ်မာဦး SMU ကျေးရွာသစ်လှုပ်ရှားမှုလုပ်ငန်းများနှင့် ပတ်သက်၍ တက်ရောက်လာသည့် ကျေးရွာသစ်လှုပ်ရှားမှု ခေါင်းဆောင်များအား မိမိ မိသားစု၊ မိမိကျေးရွာကို ဖွံ့ဖြိုးတိုးလာအောင် အကောင်အထည်ဖော်နိုင်ကြရန်၊ ထိုကျေးရွာများမှတစ်ဆင့် ဘေးပတ်ဝန်းကျင်ရှိ ရွာများမှ တစ်နိုင်ငံလုံးရှိကျေးရွာများသို့တိုင် ဆင့်ပွားတိုးတက်လာအောင် လုပ်နိုင်ကြပါစေရန် တိုက်တွန်းဆန္ဒပြုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ ရီရီဝင်းက ကျေးရွာများတွင် ရှိနေသည့် ကုန်ကြမ်းများကို အသုံးပြုထုတ်လုပ်ပြီး ဈေးကွက်ရှာဖွေခြင်း၊ စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းများဖြင့် ကျေးရွာများ ဖွံ့ဖြိုးသာယာရေး နည်းလမ်းကောင်းများ ရရှိစေရန် ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့မှ တက်ရောက်သည့် ကျေးရွာငါးရွာမှ SMU အဖွဲ့ဝင်များက ကျေးရွာသစ်လှုပ်ရှားမှု ဆောင်ရွက်ချက်များကို ရှင်းလင်းပြောတင်ပြကြသည်။

**ကျေးရွာသစ်လှုပ်ရှားမှု အောင်မြင်**

တောင်ကိုရီးယားနိုင်ငံ Saemaul Undong Training Center (KSMU)သည် ကျေးရွာသစ်လှုပ်ရှားမှုများကို ၁၉၇၀ ခန့်က ကိုရီးယားနိုင်ငံရှိ ဆင်းရဲနွမ်းပါးသည့် ကျေးရွာများတွင် စတင်ဆောင်ရွက်ခဲ့ရာ ဆယ်စုနှစ်အတွင်း တိုးတက်အောင်မြင်မှုများ ရှိခဲ့သည်။ ယခုအခါ နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် လုပ်ဆောင်နေပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၂ ခုမှစတင်ခဲ့ကာ ကျေးရွာသစ်လှုပ်ရှားမှုများမှာ အောင်မြင်နေ၍ အားရကျေနပ်ဖွယ်ရှိကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး သင်တန်းကျောင်း (AERDTC) ကျောင်းအုပ်ကြီး Mr. Chung Kap Jin က ပြောသည်။

**စံပြကျေးရွာ**

၂၀၁၇ ခုနှစ် ကျေးရွာသစ်လှုပ်ရှားမှု ခေါင်းဆောင်များ၏ အလုပ်ရုံဆွေးနွေးပွဲတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း SMU စီမံကိန်း ကျေးရွာများတွင် အကောင်းဆုံး အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့်ကျေးရွာများကို ဆုများချီးမြှင့်ခဲ့သည်။ ပထမဆု ငွေကျပ် ၇၅ သိန်းကို သနပ်ပင်ကျေးရွာကလည်းကောင်း၊ ဒုတိယဆု ငွေကျပ် သိန်း ၄၀ ကို ဘယက်ကျေးရွာကလည်းကောင်း၊ တတိယဆု ငွေကျပ် ၂၅ သိန်းကို ဆေးလုံးကြီးကျေးရွာက လည်းကောင်း၊ နှစ်သိမ့်ဆု ငွေကျပ် ၁၅ သိန်းကို သန်လျင်မြို့နယ် မင်းကုန်းအုပ်စု စံပြကျေးရွာနှင့် ဖောင်ကြီးမြို့နယ် (အရှေ့) စံပြကျေးရွာတို့က ပူးတွဲဆု အဖြစ်လည်းကောင်း ဆုများကို ချီးမြှင့်ခဲ့သည်။

**စိတ်ဓာတ်တွေပါ ပြောင်းလဲ**

" ၂၀၁၂ ခုကနေစပြီး ကျေးရွာပြုပြင်ပြောင်းလဲဖို့ ရန်ပုံငွေတွေနဲ့ အခြေခံအဆောက်အအုံ လမ်း၊ တံတားတွေ ကောင်းအောင် ပထမလုပ်ပါတယ်၊ ဝင်ငွေတိုး လုပ်ငန်းတွေအနေနဲ့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်ပါတယ်၊ အသေးစားချေးငွေ ဝက်အကောင် ၅၀ မွေးမြူရေး လုပ်တယ်၊ ဥစားကြက် ၅၀၀ မွေးမြူရေး လုပ်ငန်းတွေ လုပ်ပါတယ်၊ အမြတ်ရငွေတွေကို ကျေးရွာ ကိုယ့်အားကိုယ်ကိုး ငွေစုငွေကြေးလုပ်ငန်း လုပ်လာနိုင်ပြီ၊ တစ်လတစ်ကြိမ် အိမ်ထောင်စုအလိုက် တတ်နိုင်သလောက် ထည့်စုကြပါတယ်၊ အခုရလာတဲ့ ကျေးရွာသစ်လှုပ်ရှားမှု ပထမဆု ငွေကျပ် ၇၅သိန်းကို စုငွေထဲ ထည့်ပြီး လုပ်ဆောင်သွားမှာပါ၊ ဌာနဆိုင်ရာတွေကလည်း နည်းပညာတွေ ပေးပါတယ်၊ ကျေးရွာသားတွေရဲ့ စိတ်ဓာတ်တွေပါ ပြောင်းလဲလာကြတယ်၊ ထောက်ပံ့ထားတဲ့ စက်တွေနဲ့ လယ်ယာလုပ်ကိုင်တော့ လူငယ်တွေ နည်းပညာရှာလိုစိတ်တွေ ရှိလာတယ်၊ စီးပွားရေး လုပ်ကိုင်လိုစိတ်တွေ ရှိလာတယ်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်တွေ ရှိလာကြတယ်"ဟု သနပ်ပင်ကျေးရွာ SMU ကျေးရွာသစ်လှုပ်ရှားမှုခေါင်းဆောင် ဦးစန်းကိုက ပြောသည်။

၂၀၁၇ SMU အလုပ်ရုံဆွေးနွေးပွဲသို့ သမဝါယမတက္ကသိုလ်(သန်လျင်)၊ သမဝါယမ ကောလိပ်(ဖောင်ကြီး)တို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူး၊ ဆရာ ဆရာမများနှင့် ကျေးရွာသစ်လှုပ်ရှားမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

တောင်ငူမြို့နယ် လဲဘူးကျေးရွာအုပ်စု ကောင်းမှုတော်ရွာသစ်ရှိ သမိုင်းဝင် ကောင်းမှုတော် စေတီတော်ကြီး၏ (၂၆) ကြိမ်မြောက် ကောက်ဦးဆွမ်းလောင်းလှူပူဇော်ပွဲတွင် ပင့်ဆောင်ပူဇော်မည့် မြတ်စွာဘုရားအား ဒီဇင်ဘာ ၁၆ ရက်က တောင်ငူမြို့တွင်းသို့ ဒေသစာရီ ပူဇော်ခံစဉ်။
သူရ(တောင်ငူ)



# ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေများ နိုင်ငံတော်သို့ အပ်နှံပြီးစီးမှု သတင်းထုတ်ပြန်ချက်

ကာကွယ်ရေးဝန်ကြီးဌာနသည် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ တိုင်ကြားမြေများအား စိစစ်၍ ပြန်လည်စွန့်လွှတ်သင့်သည့်မြေများကို ပြန်လည်စွန့်လွှတ်ခဲ့ပါသည်။ စုံစမ်းရေးကော်မရှင်အစီရင်ခံစာ တိုင်ကြားစာများတွင် မပါဝင်သော်လည်း တပ်မြေသိမ်းဆည်းမှုများနှင့်စပ်လျဉ်း၍ ချမှတ်ထားသောမူဝါဒ ၃ ရပ်နှင့်အညီ တပ်/ဌာနချုပ်များမှ ပြန်လည်စွန့်လွှတ်ပေးသင့်သည့်မြေများကို ကိစ္စတစ်ရပ်ချင်းစီအလိုက် စိစစ်၍ ပြန်လည်စွန့်လွှတ်ခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ပြန်လည်စွန့်လွှတ်ပေးမည့် မြေများကို အများပြည်သူများသိရှိစေရန်အတွက် ကြေးမုံသတင်းစာတွင် ၂၂-၈-၂၀၁၄ ရက်၌ စုစုပေါင်းမြေဧရိယာ ၂၀၉၀၆၂ ဒသမ ၇၃ ဧက စွန့်လွှတ်အပ်နှံမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

နိုင်ငံတော်အစိုးရကချမှတ်ထားသည့် မြေသိမ်းဆည်းမှုပြဿနာများကို ဦးစားပေး ဖြေရှင်းဆောင်ရွက်ရန် မူဝါဒနှင့်အညီ ကာကွယ်ရေးဝန်ကြီးဌာနသည် အထက်ဖော်ပြပါ ပြန်လည်စွန့်လွှတ်အပ်နှံမည့် မြေများကို ၂၀၁၇ ခုနှစ်အပြီး အပ်နှံနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ပြန်လည်စွန့်လွှတ်အပ်နှံမည့်မြေများကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အတွင်း၌ပင် ထပ်မံစွန့်လွှတ်နိုင်သည့်မြေများကိုစိစစ်ပြီး ပြန်လည်စွန့်လွှတ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်အထိ မြေဧရိယာ စုစုပေါင်း ၂၅၈၀၁၃ ဒသမ ၅၅၉ ဧကကို အောက်ဖော်ပြပါဇယားအတိုင်း နိုင်ငံတော်သို့အပ်နှံရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်-

**ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံမြေများ နိုင်ငံတော်သို့ အပ်နှံပြီးစီးမှုအခြေအနေ**

**၁၅-၁၂-၂၀၁၇**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြန်လည်အပ်နှံသည့်မြေ (ဧက) | နိုင်ငံတော်ပိုင် (State Land) သတ်မှတ်ပြီးမြေ (ဧက) | မြေစစ်ဗဟိုမှအပ်နှံခွင့်ပြုသည့်မြေ (ဧက) | မြေစစ်ဗဟိုသို့ ပုံစံ(၁)ဖြင့် အပ်နှံသည့်မြေ (မြေစစ်ဗဟို စိစစ်ဆဲ) (ဧက) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီ | ၅၇၇.၈၂၀ | ၃၉၁.၈၀၀ | ၆၉.၆၂၀ | ၁၁၆.၄၀၀ | |
| ၂ | ကချင်ပြည်နယ် | ၃၈၇၅၂.၄၄၀ | ၂၄၅၉၀.၇၆၀ | ၃၄၃၂.၀၀၀ | ၁၀၇၂၉.၆၈၀ | |
| ၃ | ကယားပြည်နယ် | ၄၀၁၁.၆၅၀ | ၄၀၁၁.၆၅၀ | | | |
| ၄ | ကရင်ပြည်နယ် | ၂၈၃၂.၀၇၀ | ၂၇၀၅.၆၂၀ | ၁၁၂.၅၀၀ | ၁၃.၉၅၀ | |
| ၅ | ချင်းပြည်နယ် | ၂၈၀.၉၇၂ | ၁၃.၂၃၀ | ၂၄.၉၇၀ | ၂၄၂.၇၇၂ | |
| ၆ | စစ်ကိုင်းတိုင်း ဒေသကြီး | ၅၀၆၉၆.၄၂၈ | ၂၅၄၅၁.၆၃၀ | ၂၃၉၁၆.၃၇၀ | ၁၃၂၈.၄၂၈ | |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၃၃၃၈.၅၅၉ | ၃၃၃၈.၅၅၉ | | | |
| ၈ | ပဲခူးတိုင်း ဒေသကြီး | ၂၃၁၅၂.၅၈၀ | ၈၀၅၁.၇၃၀ | ၇၃၇၂.၅၅၀ | ၇၇၂၈.၃၀၀ | |
| ၉ | မကွေးတိုင်း ဒေသကြီး | ၉၇၈၉.၁၆၀ | ၇၈၅၇.၁၈၀ | ၁၇၄၀.၉၈၀ | ၁၉၁.၀၀၀ | |
| ၁၀ | မန္တလေးတိုင်း ဒေသကြီး | ၁၂၈၈၀.၆၃၉ | ၁၂၆၇၇.၂၆၃ | ၂၀၀.၀၆၀ | ၃.၃၁၆ | |
| ၁၁ | မွန်ပြည်နယ် | ၃၉၄၇.၈၀၁ | ၃၉၄၀.၄၁၀ | | ၇.၃၉၁ | |
| ၁၂ | ရခိုင်ပြည်နယ် | ၂၂၂၈၇.၇၁ | ၂၀၀၃၄.၇၆၀ | ၁၅၅၉.၁၉၀ | ၆၉၃.၇၆၀ | |
| ၁၃ | ရန်ကုန်တိုင်း ဒေသကြီး | ၇၄၉၇.၂၇၄ | ၇၄၁၈.၀၁၆ | ၇၉.၂၅၈ | | |
| ၁၄ | ရှမ်းပြည်နယ် | ၆၆၉၃၉.၆၉၀ | ၅၃၂၃၀.၇၂၀ | ၁၃၁၈၀.၄၁၀ | ၅၂၈.၅၆၀ | |
| ၁၅ | ဧရာဝတီတိုင်း ဒေသကြီး | ၁၁၀၂၈.၇၆၆ | ၁၆၅၇.၆၂၀ | ၆၁၂၂.၃၂၆ | ၃၂၄၈.၈၂၀ | |
| | **စုစုပေါင်း** | **၂၅၈၀၁၃.၅၅၉** | **၁၇၅၃၇၀.၉၄၈** | **၅၇၈၁၀.၂၃၄** | **၂၄၈၃၂.၃၇၇** | |

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် မူလလျာထားချက်ထက်ပိုမို၍ စွန့်လွှတ်မည့် မြေများကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံပြီးဖြစ်သော်လည်း၊ ဌာနဆိုင်ရာများအပါအဝင် ပြည်သူများက တောင်းခံလာသောမြေများနှင့်စပ်လျဉ်း၍ ကိစ္စတစ်ရပ်ချင်းအလိုက်စိစစ်ပြီး လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေး ပြည်ထောင်စုဝန်ကြီးဦးကျော်တင် တက်ရောက် မြန်မာနိုင်ငံအတွက် စီမံကိန်း ၁၀ ခု အကောင်အထည်ဖော်သွားရန် သဘောတူညီခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၆

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် တာ့လီမြို့တွင် ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဒီဇင်ဘာ ၁၆ ရက်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပတ်စွတ်ခွန်၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီ၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆူလမ်ဆေခွန်မာဆစ်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒုံပရာမူဒွန်နိုင်း၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဗင်မင်းတို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လက်ရှိစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု အခြေအနေများအား ပြန်လည်သုံးသပ်ခဲ့ကြပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ရေး ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။

### ပူးပေါင်းဆောင်ရွက်မှု

အစည်းအဝေးတွင် ဝန်ကြီးများသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာ လုပ်ငန်းအစီအစဉ် ( Plan of Action 2018-2022) အပေါ် သဘောတူညီခဲ့ပြီး ဒုတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များ အစည်းအဝေးသို့ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့သည်။ အစည်းအဝေးအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့သည်။

မဲခေါင်နိုင်ငံများ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် တရုတ်နိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ ( MLC Special Fund ) တစ်ရပ်ကို ဒေါ်လာသန်း ၃၀၀ ဖြင့် မတည်ခဲ့သည်။ ယခုအစည်းအဝေးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် စီမံကိန်းများကို အတည်ပြုခဲ့သည်။ အဆိုပါ စီမံကိန်းများတွင် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ စီမံကိန်းတစ်ခု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီမံကိန်း နှစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စီမံကိန်း ငါးခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ စီမံကိန်း တစ်ခုနှင့် ပညာရေးဝန်ကြီးဌာနမှ စီမံကိန်း တစ်ခု စုစုပေါင်း စီမံကိန်း ၁၀ ခု ပါဝင်ခဲ့သည်။ စီမံကိန်း ၁၀ ခုအတွက် မြန်မာနိုင်ငံမှ ခွဲဝေရရှိမည့် ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့် ဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးမှ မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာ့ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မဲခေါင်ခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တာ့လီဟိုတယ်၌ ပြုလုပ်သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဓာတ်ပုံပြပွဲနှင့် တရုတ်နိုင်ငံ မဲခေါင်-လန်ချန်း အတွင်းရေးမှူးရုံး၏ အင်တာနက်ဝက်ဘ်ဆိုက်ဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

### အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဒီဇင်ဘာ ၁၅ ရက် ညပိုင်းတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့် တာ့လီဟိုတယ်၌ သီးခြားတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များ၊ နိုင်ငံတကာ စာမျက်နှာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ခဲ့ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယင်းနေ့ ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မဲခေါင်-လန်ချန်းနိုင်ငံများမှ အခြားသော ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ချန်းဟောင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ တရုတ်ဝန်ကြီးချုပ် မစ္စတာလီခချန်းက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ စသည့်မဲခေါင်ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ယန္တရားသစ်တစ်ရပ်ကို စတင်ထူထောင်ရန် အဆိုပြုချက်အရ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ထူထောင်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၉၆၇ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ပဉ္စမနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့် ၁၀၀၀ အထက် တန်ဖိုးသတ်မှတ်ထားသည့် ၁၁၅၀ အနက်မှ ကျောက်စိမ်းတွဲ စုစုပေါင်း ၉၆၇ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များထံ ရောင်းချပေးနိုင်ခဲ့သည်။

အဆိုပါ ကျောက်စိမ်းအတွဲ ၉၆၇ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုး ယူရိုငွေ ၃၇ ဒသမ ၀၂ သန်း ခန့်ရှိကြောင်း သိရသည်။

ပြပွဲပဉ္စမနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၃၉၇ ဦး တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ အချောထည် ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်ကြည့်ရှု လေ့လာကြသည်။

### အိတ်ဖွင့်တင်ဒါစနစ် ရောင်းချ

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်စိမ်းအတွဲ ၁၁၅၁ မှ ၂၃၀၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၄၅၁ မှ ၄၆၀၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၆၀၁ မှ ၅၇၅၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၅၇၅၁ မှ ၆၆၈၅ ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

### ခင်းကျင်းပြသ

၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းတွဲပေါင်း ၆၆၈၅ တွဲနှင့် ကျောက်စိမ်းအတွဲအမှတ် ၁၁၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသည့်အပြင် ကျောက်စိမ်း၊ ကျောက်မျက် တန်ဖိုးမြင့် အချောထည် ပစ္စည်းများကိုလည်း ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

**သတင်းစဉ်**

# လမ်းမထက်က သင်ခန်းစာ (၃)

**အန်ကယ်ပညာ**

ကျွန်တော်တို့မိသားစုသည် နေပြည်တော်တွင်တစ်ညနား၍ နောက်တစ်ရက် နံနက်လင်းအားကြီးအချိန်တွင် မလှိုင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ကားနောက်ခန်းတွင် မလှိုင်၌ ကျောင်းတက်နေသည့် သမီးလတ်မှာသည့်ပစ္စည်းများနှင့် ယာဉ်ပေါ်ပါ မိသားစုဝင်များ၏ ခရီးဆောင်ပစ္စည်းဖြင့်ပြည့်နှက်နေသည်။ ထိုပစ္စည်းတို့ကို နောက်ကြည့်မှန်၏ မြင်ကွင်းကို ပိတ်ကွယ်နေခြင်းမရှိရအောင် စနစ်တကျစီရီ၍ ကိုယ်တိုင်တင်ထားခြင်း ဖြစ်သည်။

**ခရီးစဉ်အစ**

မိသားစုခရီးစဉ် အစဖြစ်သည့် ရန်ကုန်မှနေပြည်တော် ခရီးကို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကိုအသုံးပြု၍ သမီးကြီးနှင့်ကျွန်တော် တစ်လှည့်စီမောင်းရင်း လမ်းပေါ်တွင်ကြုံတွေ့ခဲ့ရသမျှအပေါ်မူတည်၍ လမ်းမထက်တွင် သင်ခန်းစာတို့ကို ဆွေးနွေးဖြစ်ခဲ့ကြသည်။ နေပြည်တော်မှ မလှိုင်သို့ သွားသည့် ခရီးစဉ်အတွက် ရန်ကုန်-မန္တလေးလမ်းဟောင်းကို ရွေးချယ်ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ကားမောင်းနှင်စဉ်ကြုံတွေ့ရသည့် အမြင်နှင့်အသွင်တို့ကား ကွာခြားလျက်ရှိပေသည်။

**အမြန်လမ်းနှင့် လမ်းဟောင်းတို့၏ ကွာခြားချက်**

အမြန်လမ်းတွင် တစ်ဖက်ယာဉ်ကြောနှင့် လမ်းလယ်ကျွန်းခြားထားသည်။ မြို့ရွာများကိုဖြတ်သန်းမှုမရှိခြင်း၊ အကွေ့အကောက်၊ အတက်အဆင်းပြေပြစ်ခြင်းတို့ကြောင့် ပုံမှန်မိုင်နှုန်းဖြင့် မောင်းနှင်နိုင်သည်။ ထို့ကြောင့် ခရီးအတွက် မောင်းနှင်ရန်ကြာချိန်ကို အနီးစပ်ဆုံးခန့်မှန်းနိုင်သည်။ တာယာနှင့် ဘရိတ်များကောင်းရန်လိုသည်။ အကွေ့များနှင့် ကျော်တက်ချိန်များကို အထူးသတိထားရန်လိုသည်။ ယာဉ်ကြောရှင်းသဖြင့် သာမန်အချိန်များတွင် သတ်မှတ်မိုင်နှုန်းအတွင်းမှ လွတ်လပ်စွာ မောင်းနှင်နိုင်သည်။

သို့ရာတွင် ယာဉ်မောင်းအနေဖြင့် လီဗာတစ်မျိုးဖြင့်သာ အချိန်ကြာနေတတ်သဖြင့် အိပ်ငိုက်တတ်သည်ကို အထူးသတိပြုရပေမည်။

လမ်းဟောင်းတွင်မူ ထိုသို့မဟုတ်။ လမ်းလယ်ကျွန်း မရှိသည့်နေရာက များသည်။ မြို့ရွာများကိုဖြတ်သန်းရသည်။ စက်ဘီး၊ ဆိုင်ကယ်ကအစ ကုန်တင်ကားကြီးများပါ အသုံးပြုကြသည့်လမ်းဖြစ်သည်။ အကွေ့အကောက်များသည်။ ယာဉ်ကို အမြန်မောင်းနိုင်သည့်နေရာရှိသလို ဖြည်းဖြည်းမောင်းရသည့်နေရာလည်းရှိသည်။

သို့ဖြစ်၍ ခရီးအတွက်ကြာချိန်ကို ပုံသေတွက်ဆ၍ မရနိုင်ပေ။ လမ်းဟောင်းပေါ်မောင်းနှင်ရာတွင် လီဗာ၊ ဂီယာ၊ ဘရိတ်နှင့် စတီယာရင်တို့ကို မကြာခဏ ပြောင်းလဲအသုံးပြုနေရသဖြင့် အမြန်လမ်းနှင့်စာလျှင် ယာဉ်မောင်းအနေဖြင့် နိုးကြားမှုတွင် ပိုပေလိမ့်မည်။

အဆိုပါ အမြန်လမ်းနှင့် လမ်းဟောင်းကွာခြားချက်များကို ဘယ်တော့မှကျော်မတက်မိစေနဲ့၊ နောက်ပြီး ကိုယ်ထည်ရှည်တဲ့ ယာဉ်တွေကို ကျော်တက်တဲ့အခါမှာ အခြားယာဉ်ငယ်တွေကို ကျော်တက်တာထက် အချိန်ပိုယူရတယ်ဆိုတာကို သိထားရမယ်"

သမီးကြီးထံမှ ပြန်လည်ဖြေကြားသံဘာမျှမကြားရသော်လည်း ရှေ့ယာဉ်နှင့် ခွာလိုက်သည်ကို တွေ့ရသည်။ မျက်နှာချင်းဆိုင်ယာဉ်ကြောရှင်းသဖြင့် ရှေ့ယာဉ်ကို ကျော်တက်ပြီး အချက်ပြကာ ညာဘက်ယာဉ်ကြောသို့ ပြောင်း၍မောင်းနေသည်။

"စောတုန်းက ကုန်တင်ကားကြီးက ညာဘက်ယာဉ်

> **"တစ်ကိုယ်ကောင်းဆန်တဲ့ အမှားကြီးပေါ့ သမီးရယ်၊ ညာဘက်ယာဉ်ကြောမှာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ရှိနေတော့ အဲဒါတွေကို ရှောင်လိုက်တိမ်းလိုက် လုပ်မနေတော့ဘဲ လက်ဝဲဘက်ယာဉ်ကြောကနေ ပုံသေ မောင်းနေကြတော့တာ၊ မသိကျိုးကျွန်ပြုထားကြတာ၊ ကြာတော့လည်း သူတို့လုပ်တာ အမှန်ဆိုသလို ဖြစ်လာတော့တာပါပဲ"**

ယာဉ်မောင်းနေသည့် သမီးကြီးကို ပြောပြနေခြင်းဖြစ်၏။ ယာဉ်နောက်ခန်းတွင် ဇနီးသည်မှာ ထုံးစံအတိုင်း ပါးစပ်လှုပ်စိလှုပ်စိဖြင့် ပုတီးစိပ်နေသည်။ မနက်စောစောထရသဖြင့် စိတ်မကြည်သောသမီးငယ်သည် ထိုင်ခုံနောက်သို့မှီ၍ မှိန်းနေလေသည်။ အရှေ့အရပ်တွင် ရောင်နီတို့ကွယ်ပျောက်သွားပေပြီ။ နေမင်းသည် ရှမ်းရိုးမတောင်တန်းအထက်တွင် လွတ်ကင်းစွာတောက်ပနေလေသည်။ ကားသည် နေနုနုအောက်တွင် လိုရာခရီးကို ဦးတည်ရွေ့လျားနေသည်။

**ယာဉ်ကြီးတွေနောက် ကပ်လိုက်ခြင်းရဲ့ရလဒ်**

"ရှေ့ကားကို ကပ်မလိုက်နဲ့ခွာထား" လက်ဝဲဘက်ယာဉ်ကြောတွင် မောင်းနေသော ကုန်တင်ယာဉ်၏နောက်မှ ကပ်မောင်းနေသည့် သမီးကြီးကို ပြောလိုက်ခြင်းဖြစ်သည်။ "အခုလို ယာဉ်ကြီးတွေရဲ့နောက်က ကပ်မောင်းခြင်းရဲ့ရလဒ်ကတော့ သမီးအခုမြင်တဲ့အတိုင်းပဲ၊ ရှေ့ကို ဘာမှမမြင်ရတော့ဘူး၊ ရှေ့မြင်ကွင်းကို ကြိုမမြင်ရတဲ့ အခြေအနေမျိုးမှာ ရှေ့ယာဉ်ကို ကြောရှင်းနေတာကို လက်ဝဲဘက်ယာဉ်ကြောကနေ မောင်းနေတယ်နော် ဖေဖေ"၊ "တစ်ကိုယ်ကောင်းဆန်တဲ့ အမှားကြီးပေါ့ သမီးရယ်၊ ညာဘက်ယာဉ်ကြောမှာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေရှိနေတော့ အဲဒါတွေကိုရှောင်လိုက်တိမ်းလိုက်လုပ်မနေတော့ဘဲ လက်ဝဲဘက်ယာဉ်ကြောကနေ ပုံသေမောင်းနေကြတော့တာ၊ မသိကျိုးကျွန်ပြုထားကြတာ၊ ကြာတော့လည်း သူတို့လုပ်တာအမှန်ဆိုသလို ဖြစ်လာတော့တာပါပဲ"

"ဆိုင်ကယ်တွေသတိထားသမီးရေ၊ ဟွန်းလည်းတီး" လူတို့နိုးထကာလုပ်ငန်းခွင်ဝင်ကြသည့်အချိန်ဖြစ်၍ လမ်းပေါ်တွင် ဆိုင်ကယ်တို့ရှုပ်ထွေးနေပေပြီ။

**ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြ**

ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားကြသူနည်းသည်။ နှစ်ယောက်ထက်ပို၍ စီးခွင့်ပြုမထားသောဆိုင်ကယ်ကို လေးယောက်စီးနေကြသည်လည်းရှိသည်။ နှစ်စီးထပ်၊ သုံးစီးထပ် ဘေးချင်းယှဉ်စီးနေကြသည်ကိုလည်းတွေ့ရသည်။ ယာဉ်မတော်တဆမှု ကိန်းဂဏန်းများတွင် ဆိုင်ကယ်မတော်တဆဖြစ်မှုအရေအတွက်သည် ကားထက်ပိုများသည်။

မတော်တဆဖြစ်တိုင်းလည်း သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့တွင် ဆိုင်ကယ်စီးသူတို့သာ အဖြစ်များကြသည်ကို တွေ့ရသည်။ သို့ရာတွင် ကိုယ်တိုင်မကြုံတွေ့သေးသရွေ့ စည်းကမ်းဟူသည် ဘေးမတွေ့ကြစေရန် အနားသတ်ထိန်းကွပ်ပေးထားခြင်းဖြစ်သည်ကို နားလည်နိုင်ကြဦးမည်ဟု မထင်ရပေ။

**တန်ဖိုးရှိတဲ့ အတွေ့အကြုံသစ်**

"အရှိန်လျှော့ သမီးရေ၊ ရှေ့မှာအကွေ့တွေများတယ်၊ လမ်းကွေ့ကိုချဉ်းကပ်နေစဉ် အမြဲတမ်းသတိပြုဖို့အချက်မှာ ဘာတဲ့တုံး"၊ "ယာဉ်ရဲ့အရှိန်နဲ့ မကွေ့မီအကွာအဝေးပါ ဖေဖေ"၊ "ဒါကတော့ စာနဲ့ဖော်ပြချက်၊ တစ်နည်းအားဖြင့် သီအိုရီပေါ့၊ လက်တွေ့မှာတော့ အချိန်အဆဆိုတာ သမီးလည်းသိနေမှာပါ၊ တကယ်လို့များ၊ ကွေ့ရောက်မှအရှိန်က များနေခဲ့ရင်၊ ကွေ့ကလည်းထင်တာထက်ကြီးနေခဲ့ရင် အရှိန်ကိုဘယ်လိုထိန်းမလဲ"၊ "ဘရိတ်သုံးရမှာပေါ့ဖေဖေ"၊ "အင်နားရှားဆိုတဲ့ ဇဟိုခွာအားကိုတော့ မမေ့နဲ့ပေါ့"

"ဒါဆို ဘယ်လိုလုပ်ရမှာလဲဖေဖေ"၊ "ဘရိတ်ဘယ်နှမျိုးရှိလဲ"၊ "ခြေနင်းဘရိတ်နဲ့ လက်ဆွဲဘရိတ်ပဲ မဟုတ်ဘူးလား"၊ "တစ်မျိုးကျန်သေးတယ်သမီး၊ လက်တွေ့စမ်းကြည့်မယ်၊ ရှေ့က ကွေ့ရောက်ရင် ဂီယာကို"D" ကနေ "၂"ကိုပြောင်းကြည့်လိုက်" ပြောသည့်အတိုင်း ဂီယာကိုပြောင်းလိုက်သည်နှင့် ယာဉ်တစ်စီးလုံးကို ဖမ်းဆွဲလိုက်သကဲ့သို့ဖြစ်ကာ မူလအရှိန်ထက်လျော့သွားသည်ကို တွေ့ရသည်။

သမီးကြီး၏ မျက်နှာတွင် တန်ဖိုးရှိသည့် အတွေ့အကြုံသစ်တစ်ခုကို လက်ခံရရှိလိုက်ပြီ ဆိုသည့် ဝမ်းမြောက်မှုကို တွေ့လိုက်ရသည်။ "အင်ဂျင်ဘရိတ်လို့ ခေါ်တယ်သမီး၊ ခရီးသွားရင်း အဆင်းမတ်သည် ဂီယာကြီးဖြင့်မောင်းပါ ဆိုတဲ့ လမ်းညွှန်အမှတ်အသားမျိုးတွေဖူးတယ် ဟုတ်လား၊ အမှန်ကတော့ အဲဒါ အင်ဂျင်ဘရိတ်သုံးပြီး မောင်းပါလို့ ပြောတာပါပဲ"၊ "အင်ဂျင်ဘရိတ်က အခုလိုကွေ့တွေမှာ ခြေနင်းဘရိတ်လို အချိန်အဆလွဲမှာ မပူရတော့ဘူးပေါ့ ဖေဖေ"

"ပျော်ဘွယ်ကျော်လာပြီမဟုတ်လား၊ ဆီဆိုင်ကောင်းကောင်းတွေ့ရင်ရပ်၊ ဆီဖြည့်ဖို့ထက် အရေးကြီးတာရှိတယ်" သမီးကြီးနှင့် ဆွေးနွေးလက်စ ဘရိတ်များအကြောင်းကို အဆုံးမသတ်နိုင်သေးမီ ကားနောက်ခန်းမှ ဇနီးသည်၏ စကားသံက ဖြတ်ဝင်လာ၏။ ဘယ်အချိန်ကတည်းက အောင့်အည်းထားရသည် မသိသော သမီးထွေးကလည်း "မေမေနဲ့အတူတူပဲဖျို့၊ ကားရပ်ပေးမှရတော့မယ်"ဟု ကိုယ်ကိုကျုံ့ရှင်းပြောလာသည်။ နားရ ပေဦးတော့မည်၊ ကိစ္စရှိနေကြပြီတည်း။ ။

## မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ တဲကျောင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည်

**မင်းဘူး ဒီဇင်ဘာ ၁၆**

မန်းရွှေစက်တော်ဘုရားပွဲတော်ကြီး အားတပို့တွဲလဆန်း ၅ ရက်နေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ (၂၁-၁-၂၀၁၈ မှ ၁၇-၄-၂၀၁၈) အထိ ကျင်းပတော့မည်ဖြစ်ရာ ဘုရားကြီးပရိဝုဏ်တွင် မြေပြင်ခြင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး တဲကျောင်းများဆောက်လုပ်နိုင်ရန် ဒီဇင်ဘာ ၁၉ ရက်မှ ၂၇ ရက်အထိ မင်းဘူးမြို့ ရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ရုံးမှ ကြေညာထားကြောင်း သိရသည်။

"အရင်နှစ်တွေနဲ့ ဒီနှစ် ကွာခြားတာကတော့ တဲကျောင်းတွေကို အရင်က မင်းဘူးခရိုင်အတွင်း နေထိုင်သူတွေသာ လျှောက်ထားနိုင်ပြီး ဒီနှစ်မှာတော့ မကွေးတိုင်းဒေသကြီးအတွင်းမှာ နေထိုင်ကြတဲ့သူတွေ ဘယ်သူမဆို လျှောက်ထားနိုင်ပါတယ်၊ မဲစနစ်နဲ့ တဲကျောင်းတွေကို လုပ်ကိုင်ခွင့် ချထားပေးမှာဖြစ်ပါတယ်" ဟု မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဝင် ဦးမြင့်သိန်းက ပြောသည်။

လာမည့် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် မန်းရွှေစက်တော်ဘုရား သုံးထပ်ဗိမာန်ဆောင်တွင် မဲများဖောက်၍ တဲကျောင်းလုပ်ကိုင်ခွင့် ရရှိသူများအား ကြေညာမည်ဖြစ်ပြီး တဲကျောင်းငှားရမ်းခများကိုလည်း ဂေါပကအဖွဲ့က သတ်မှတ်ထားကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**



## ပျဉ်းမနားမြို့နယ်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း နေပြည်တော်မှ တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအား နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် စာအုပ်၊ စာစောင်များကို ငှားရမ်းပေးလျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ဈေးကုန်းကျေးရွာနှင့် ဆင်သေကျေးရွာတို့သို့ မိုဘိုင်းကားဖြင့် ကွင်းဆင်း ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးရွာအရောက် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်းနှင့် စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ မြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာများ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအား စာကြည့်တိုက်မိုဘိုင်းကားဖြင့် သွားရောက် ဖွင့်လှစ်ငှားရမ်းပေးခြင်းဖြစ်ပြီး တစ်ဦးလျှင် နှစ်အုပ်နှုန်းဖြင့် တစ်ကြိမ်ငှားရမ်းခြင်းကို ၁၅ ရက် သတ်မှတ်ထားပြီး ၁၅ ရက်ပြည့်ပါက နောက်တစ်ကြိမ် လာရောက်ငှားရမ်းပေးကာ နေ့စဉ်နေ့တိုင်း ကျေးရွာများအား အလှည့်ကျစနစ်ဖြင့် စာအုပ်၊ စာစောင်များအခမဲ့ ငှားရမ်းပေးလျက်ရှိကြောင်းနှင့် စာကြည့်တိုက်ရှိသော ကျေးရွာများကိုလည်း စာအုပ်ပေါင်း ၂၀၀ ငှားရမ်းကာ တစ်လတစ်ကြိမ် ပြန်လည် လဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မှုခင်းအသိပညာပေးလုပ်ငန်း မုတ္တမတွင် ဆောင်ရွက်



**သထုံ ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ညွှန်ကြားမှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ကြီးကြပ်သော မှုခင်းအသိပညာပေး ပြခန်းယာဉ်သည် မုတ္တမကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ဒီဇင်ဘာ ၁၅ ရက်က ရောက်ရှိခဲ့သည်။

ယင်းနောက် ပေါင်မြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းထိန်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့မှ ရဲအုပ် မောင်မောင်ဟန်၊ မုတ္တမ နယ်မြေရဲစခန်းမှူး ရဲအုပ် အောင်မင်းကြည် တို့က ဒေသခံများကို မှုခင်းပညာပေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**၁၃၈**

## တိုင်းဒေသကြီး ဓမ္မစကူးကော်မတီ အစည်းအဝေးကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ဓမ္မစကူးကော်မတီ၏ အစည်းအဝေးကို ဒီဇင်ဘာ ၁၅ ရက်က တောင်ငူမြို့ ရွှေဆံတော် မရမ်းကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီး သံဃနာယကဆရာတော်က သာရဏီယကထာမိန့်ကြားခြင်းနှင့် တိုင်းဒေသကြီး ဓမ္မစကူးကော်မတီ ဥက္ကဋ္ဌဆရာတော်က သြဝါဒကထာ မိန့်ကြားပြီး ဌာနဆိုင်ရာများမှ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးမှူးဆရာတော်က ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းနှင့် ဓမ္မစကူးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အစည်းအဝေးသို့ ဓမ္မစကူးကျောင်းအသီးသီးမှ ဆရာတော် သံဃာတော်များ၊ မြို့နယ်ဓမ္မစကူးကော်မတီမှ ဆရာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဓမ္မစကူးကော်မတီဝင် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်လု (တောင်ငူ)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၁၉ မျိုးပါ အထုပ် ၅၀၀နှင့် ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော Family Kit အထုပ် ၅၀၀နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ရုံးခန်း၌ ကျင်းပသည်။



**ဆိုလာမီး အစုံ ၁၀၀ လှူဒါန်း**

လှူဒါန်းပွဲတွင် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ယခုလှူဒါန်းမည့်ပစ္စည်းများမှာ စက်မှုဝန်ကြီးဌာနမှ ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော အထုပ် ၅၀၀နှင့် စက်မှုဝန်ကြီးဌာနနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလုပ်ငန်း ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နေသော ကိုရီးယားသမ္မတနိုင်ငံ KDE & C Engineering ကုမ္ပဏီက ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ လှူဒါန်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်သူများအတွက် အခုလိုလှူဒါန်းခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ကြောင်းပြောသည်။

**အမှန်တကယ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လိုအပ်ချက် များစွာ ဖြစ်နေသည့် ပြည်နယ်အတွက် ယခုလို့လှူဒါန်းပေးသည့် စက်မှုဝန်ကြီးဌာနနှင့် KDE & C Engineering ကုမ္ပဏီတို့ကို ကျေးဇူးတင်ပါကြောင်း၊ ယခုပစ္စည်းများမှာ ဒေသခံပြည်သူများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမှန်တကယ်လိုအပ်နေသည့် ပစ္စည်းများဖြစ်ကြောင်း ပြောကြားသည်။

**တပ်ဆင်အသုံးပြုပုံ**

ယင်းနောက် ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော Family Kit အထုပ် ၅၀၀ နှင့် နေရောင်ခြည်သုံးဆိုလာမီးထွန်းစနစ်အစုံ ၁၀၀ အား စက်မှု ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများကို နေရောင်ခြည်စွမ်းအင်သုံးဆိုလာများ တပ်ဆင်အသုံးပြုပုံများကို စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်က တပ်ဆင်ပြသသည်။

**ကန်ဒေါ်လာ တစ်သောင်းဖိုး**

ယနေ့လှူဒါန်းသော စက်မှုဝန်ကြီးဌာနမှ ဆေးဝါးနှင့်အိမ်သုံးပစ္စည်း ၁၉ မျိုးပါဝင်သော အထုပ် ၅၀၀ ၏တန်ဖိုးမှာ ကျပ် ၁၃၅ သိန်းဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံ KDE & C Engineering ကုမ္ပဏီက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးထွန်းစနစ် အစုံ ၁၀၀ ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ တစ်သောင်းဖိုး ဖြစ်ကြောင်း သိသည်။

အဆိုပါပစ္စည်းများ လှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သုတေသနနည်းလမ်းများဖြင့် ရရှိသော အချက်အလက်များ၊ အကြံပြုချက်များ ဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ရုံးခန်းမ၌ (International Organization For Migration) ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ Programme Manager, Mrs.Michiko Ito, နှင့် အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ယူချက်များအရ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်၊ လုပ်သားရွှေ့ပြောင်းသွားလာမှုပုံစံများ၊ အသက်မွေးဝမ်းကျောင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆက်နွယ်မှုကို သိရှိရန်ကွဲပြားသော သုတေသနနည်းလမ်းများဖြင့် လေ့လာမှုမှ ကနဦးရရှိသော အချက်အလက်များတင်ပြခြင်းနှင့် အကြံပြုချက်များကို ဆွေးနွေးကြသည်။

**ဝင်းမင်းစိုး(ပြန်ဆက်)**






ဂုဏ်ပြုခံရသည့် မီးသတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ထူးချွန် မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦး မောင်တော၌ ထပ်ဆင့်ဂုဏ်ပြု

**မောင်တော ဒီဇင်ဘာ ၁၆**

မောင်တောမြို့ပေါ်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် ထူးချွန်ဆုရ မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးအား ထပ်ဆင့်ချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

"ကျွန်တော်တို့ မောင်တောမီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ ဩဂုတ်လ အကြမ်းဖက်မှုဖြစ်စဉ်တွေမှာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်၊ နောက်ပိုင်းမှာတော့ ကယ်ဆယ်ရေးစခန်းတွေမှာ လူမှုကယ်ဆယ်ရေးလုပ်ငန်းတွေကိုလည်း ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒီအတွက် ထိုက်တန်တဲ့ ဂုဏ်ပြုခံရခြင်းပဲဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်စင်က ပြောသည်။ နေရပ်စွန့်ခွာလာသည့် ဟိန္ဒူဒုက္ခသည်များကို ယာယီထားရှိထားသည့် ကယ်ဆယ်ရေးစခန်းများ၌ ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထို့အပြင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ မြေပြင်ရှင်းလင်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နေကြောင်း ဦးသန့်စင်က ထပ်လောင်း ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ဒီဆုရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူမိပါတယ်၊ မီးငြိမ်းသတ်ရေးလုပ်ငန်းနဲ့ ပြည်သူလူထု လူမှုကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆက်လက်အားသွန်ခွန်စိုက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်လက်ထောက်ဦးစီးမှူး ဦးရဲလင်းအောင်က ပြောသည်။ လက်ရှိတွင် အပျက်အစီးများကို မြေပြင်ရှင်းလင်းရေး လုပ်ငန်းများကို အမှတ် ၅ ရပ်ကွက်တွင် ဆောင်ရွက်လျက်ရှိပြီး တခြားလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောမြို့နယ်တွင် မီးသတ်တပ်ဖွဲ့ဝင် ၅၁ ဦးရှိပြီး လူမှုကယ်ဆယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့၌ ဒီဇင်ဘာ ၁၅ ရက်က ရခိုင်ပြည်နယ်နေ့ အခမ်းအနားတွင် အဆိုပါ မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးအား ထူးချွန်ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေဝင်းထွန်း၊ ဇေယျာ၊ ဓာတ်ပုံ-မြင့်မောင်**

# သွားနှင့်ခံတွင်း ဆရာဝန်ကြီးများ ဘူးသီးတောင်တွင်နယ်လှည့်ကုသ

**ဘူးသီးတောင် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆေးကောင်စီတို့ပူးပေါင်းပြီး ဘူးသီးတောင်မြို့နယ်အတွင်း နှုတ်ခမ်းကွဲအာခေါင်ကွဲဝေဒနာရှင်များနှင့် သွားနှင့်ခံတွင်းဝေဒနာရှင်များအား ယနေ့နံနက်ပိုင်းတွင် နယ်လှည့်ကွင်းဆင်းကုသမှုများ ပြုလုပ်ပေးသည်။ **(အပေါ်ပုံ)**

ဆရာဝန်ကြီးများ အဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဒပြုချောင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကလေးငယ်များအား သွားတိုက်နည်းသင်ကြားပေးပြီး သွားတိုက်ဆေးနှင့် သွားတိုက်တံများ အခမဲ့ဖြန့်ဝေပေးသည်။ သွားနှင့် ခံတွင်းရောဂါဝေဒနာခံစားနေရသူများကိုလည်း အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။

"မနေ့က ဘူးသီးတောင်ဆေးရုံကို သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးအဖွဲ့တွေ ရောက်ရှိလာပြီး နှုတ်ခမ်းကွဲ အာခေါင်ကွဲ ရှစ်ယောက် ခွဲစိတ်ပေးခဲ့ပါတယ်၊ ဒီကနေ့ကျတော့ ဒီရွာလေးကို လာပြီး ကလေးတွေကို သွားတိုက်နည်းစနစ်တွေသင်ပေးတယ်၊ သွားတိုက်တံနဲ့ သွားတိုက်ဆေးတွေကိုလည်း အခမဲ့ဖြန့်ဝေပေးပါတယ်၊ သွားနှင့် ခံတွင်းကုသမှုတွေ ပြုလုပ်ပေးပါတယ်၊ ဒါ့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများကလည်း အထွေထွေရောဂါများ ကုသပေးပါတယ်" ဟု ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အောင်သူရက ပြောသည်။

အဆိုပါ ဆရာဝန်အဖွဲ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆေးကောင်စီမှ ပြင်ပဆရာဝန်များ၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ စုစုပေါင်းဆရာဝန် ၁၂ ဦး ပါဝင်ကြောင်းသိရသည်။

"ကုသတာနဲ့စာရင် ကာကွယ်တာကို ဦးစားပေးလိုပါတယ်၊ သွားပိုးစားရောဂါတွေ၊ သွားဖုံးရောင်ရောဂါတွေ ဖြစ်ရတဲ့ အဓိကအကြောင်းအရင်းက နည်းစနစ်မှန်တဲ့ သွားတိုက်နည်းမသိလို့ပါ၊ တချို့ဆိုရင် လုံးဝသွားမတိုက်ကြဘူး၊ သွားကျန်းမာရေးမသိကြဘူး၊ အဓိကကတော့ သွားတိုက်နည်းမှန်ပြီး နေ့စဉ်ပုံမှန်သွားတိုက်တဲ့ အလေ့အကျင့်ရှိဖို့ပါ" ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီ တွဲဖက်အတွင်းရေးမှူးမှ ဒေါက်တာ မျိုးသန့်က ပြောသည်။

ဆရာဝန်ကြီးများအဖွဲ့သည် သွားနှင့်ခံတွင်းကုသမှုများ၊ ပညာပေးမှုများ ပြုလုပ်ပေးသည့်အပြင် **(အောက်ပုံ)** နှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးများကိုပါ ကုသပေးခဲ့သည်။ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ဖြစ်ပွားရခြင်းအကြောင်းမှာ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်သည့် ပထမသုံးလအတွင်း ဆေးပြင်းများ သုံးစွဲမိခြင်း၊ အာဟာရ ချို့တဲ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ -နေဝင်းထွန်း**



## ရခိုင်ပြည်နယ်သတင်း

# ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး ရှင်းလင်းဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဒီဇင်ဘာလအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထောက်ပံ့ပေးနိုင်**

ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးသည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ တောင်ကုတ်မြို့နယ်(**ယာယီ**)၊ သံတွဲမြို့နယ်နှင့် ဂွမြို့နယ်များသို့ သွားရောက်ပြီး ပြည်သူများနှင့်တွေ့ဆုံကာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအနေဖြင့် ဘဝတစ်သက်တာ ဖွံ့ဖြိုးမှု၏အရေးကြီးဆုံးကာလဖြစ်သော လူသားဘဝအစ ရက်တစ်ထောင်ကာလအတွင်း အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာအသိပညာများ၊ အလေ့အထကောင်းများ ရရှိစေရန်လိုကြောင်း၊ ပြည်နယ်အတွင်း ရှိရင်းစွဲအစီအမံများ၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများကို ပြည်သူများ ပိုမိုလက်လှမ်းမီရယူနိုင်စေရန်၊ ပြည်နယ်လူထုအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော မိသားစုစီမံကိန်းများ ကောင်းမွန်စွာရေးဆွဲနိုင်စေရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာသန်စွမ်း၊ ဉာဏ်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူး ဦးသက်လှိုင်ထွန်းက MCCT အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့်ဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ဦးစီးမှူးတို့က မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သုံးလလျှင် တစ်ကြိမ်ထောက်ပံ့**

အဆိုပါလုပ်ငန်း အစီအစဉ်အရ ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအားလုံးအတွက် ငွေကြေးထောက်ပံ့မှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ စတင်၍ တစ်လလျှင် ငွေကျပ်တစ်သောင်းငါးထောင် ကျပ်နှုန်းဖြင့် သုံးလလျှင် တစ်ကြိမ် ငွေကျပ်လေးသောင်းငါးထောင်ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

# စစ်ကိုင်းတိုင်းဒေသကြီး အုန်းတောရွာအနီး ရေမျက်ရွာဝန်းကျင်တစ်ဝိုက်၌ သက္ကရာဇ် ၆၈၈-၇၂၂ အကြား ကျောက်စာငါးချပ် တွေ့ရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မန္တလေး-မုံရွာ လမ်းဆုံအနီး အုန်းတောရွာမှ သုံးမိုင်ကျော်ခန့်ရှိ ရေမျက်ရွာ အနောက်မြောက်ဘက်နှင့် တောင်ဘက်တွင် ရေမျက်ကြီးအင်းဘေး ရွှေသိမ်တော်ဘုရားအနောက်ကုန်းကြီး ဘုရားကုန်းအနီးတစ်ဝိုက် လူသူအရောက်နည်းလှသောနေရာ၌ သက္ကရာဇ် ၆၈၈ နှင့် ၇၂၂ အကြား ကျောက်စာများကို ရှေးဘုရားစေတီပျက်များတွင် ဒီဇင်ဘာ ၁၄ ရက်က တွေ့ရှိ၍ ကျောက်စာမင်ကူးယူခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက မှတ်တမ်းများ ကူးယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ပညာရှင်တစ်ဦးက ကျောက်စာများကို ကြည့်ရှုလေ့လာစဉ်။



ရှေးဟောင်းကျောက်စာအချို့ကို တွေ့ရှိရစဉ်။

"အခုတွေ့ရတဲ့ သဲကျောက်စာတွေဆိုရင် ရှေးဗိသုကာပညာသမားတွေ အံ့သြဖို့ကောင်းလောက်အောင် သေသပ်ခံ့ညားအောင် ထွင်းထုထားတာ၊ လက်ရေးလက်သားနဲ့ ဆွဲထားတဲ့ ပန်းချီပညာ၊ ပန်းပုပညာ၊ ပန်းရန်ပညာတွေ အလွန်လှပတာကိုတွေ့ရပြီး စည်းစနစ်ရှိခဲ့ပုံကို ပေါ်လွင်လှလို့ ယခုခေတ်လူအများ အတုယူသင့်ပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် အုန်းတောရွာမှ ရေမျက်ရွာအနီး ရှေးဟောင်းစေတီဘုရားပျက်များစွာရှိသော ငါးဆူစဉ်ဘုရားအနီး၌ သက္ကရာဇ် ၆၈၈ ခုနှစ် စာတန်းပါ ကျောက်စာတစ်ချပ်၊ ရေမျက်ကြီးအင်းဘေး အနောက်ကုန်းကြီးဘုရားကုန်းအနီး၌ သက္ကရာဇ် ၆၉၄ ခုနှစ် စာတန်းပါတစ်ချပ်၊ ရေမျက်ကြီးရွာ ကုလားပျောက်ဘုရားကုန်း၌ သက္ကရာဇ် ၇၀၁ ခုနှစ် စာတန်းပါ ကျောက်စာကြီးတစ်ချပ်နှင့် သက္ကရာဇ် ၇၁၁ ခုနှစ် စာတန်းပါ အသေးတစ်ချပ်တို့ကို ပူးလျက်တွေ့ရပြီး သရက်ခြံအတွင်းရှိ လေးမျက်နှာဘုရားကုန်းအနီး၌ သက္ကရာဇ် ၇၂၂ခုနှစ်စာတန်းပါတစ်ချပ် စုစုပေါင်း ကျောက်စာငါးချပ်ကို တွေ့ရှိခဲ့သဖြင့် ရေဖြင့် သန့်စင်ခဲ့ပြီး မင်ကူးမှတ်တမ်း ယူဆောင်ခြင်းလုပ်ငန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဦးဝင်းကို၊ ဦးဟန်ငြိမ်း၊ ဦးဟိန်းစိုး၊ ဦးရာဇာအောင်၊ ရေမျက်ရွာအုပ်ချုပ်ရေးမှူး၊ အုန်းတောရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

---

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မြို့နယ်တရားရုံးများနှင့် ရဲအချုပ်ခန်းများ စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီးတို့နှင့်အတူ ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ်ရှိ မြို့နယ်တရားရုံးများ၊ မြို့မရဲစခန်းအချုပ်ခန်းများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က မြို့နယ်တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ သက်သေခံပစ္စည်းများ စနစ်တကျ ထိန်းသိမ်းထားရှိရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရဲစခန်းတာဝန်ရှိသူများနှင့် အချုပ်သားများအား တွေ့ဆုံ၍ အချုပ်ခန်း သန့်ရှင်းမှု၊ လုံခြုံမှု၊ အချုပ်သားများ နေထိုင်စားသောက်မှုနှင့် ၎င်းတို့၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

---

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ငွေပေးအပ်

**ရွှေတောင် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော ပြည်ရေနံမြေမှ အာမခံအလုပ်သမား ဦးစိုးထက်အောင်အား လုပ်ငန်းခွင်ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးမှု ၂၅ ရာခိုင်နှုန်းအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ငွေကျပ် ၂၄၈၄၃၀၀ ကို ဒီဇင်ဘာ ၁၅ ရက်က ပြည်ရေနံမြေအစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေး(တိုင်းရုံး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

# ပိုင်ရှင်မဲ့တွေ့ရှိသော ကင်မရာအား ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

**မြစ်ငယ် ဒီဇင်ဘာ ၁၆**

အမရပူရမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတောင်ဘက် တဲနံ့သာကျေးရွာအနီး လယ်ကွင်းထဲ၌ ဒီဇင်ဘာ ၁၄ ရက် ည ၁၀ နာရီခွဲခန့်က ကင်မရာတစ်လုံး ပိုင်ရှင်မဲ့တွေ့ရှိကြောင်း သတင်းအရ မြစ်ငယ်နယ်မြေရဲစခန်းမှူး ရဲအုပ်ကြည်ဦးနှင့် အဖွဲ့က သွားရောက်သိမ်းဆည်းရာ ကင်မရာမှာ တန်ဖိုးငွေကျပ် ကိုးသိန်းခန့်ရှိ Sony အမျိုးအစားဖြစ်ပြီး ပိုင်ရှင်အား လိုက်လံစုံစမ်းရာ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း(ရုံးချုပ်)မှ တရုတ်နိုင်ငံသား Mr. SUN MENG ၏ ကင်မရာဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါကင်မရာကို ဒီဇင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မြစ်ငယ်နယ်မြေရဲစခန်း တာဝန်မှူး ဒုရဲအုပ် သူရအောင်က သက်သေများရှေ့၌ ပြန်လည် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

ကင်မရာ ပိုင်ရှင်အား တာဝန်ရှိသူက ပြန်လည် ပေးအပ်စဉ်။



---

# လက်ကိုင်ဖုန်းလုယူသူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာကျေးရွာ ခြောက်လမ်းသွားဘေးတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲခန့်က လမ်းလျှောက်လာသူထံမှ လက်ကိုင်ဖုန်း လုယက်ခဲ့သူအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

**အမိန့်ချမှတ်**

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ညနေ၆ နာရီခွဲခန့်က လမ်းလျှောက်ရင်း ဖုန်းပြောလာသူ ကိုငွေဖြိုးအောင်ဆိုသူထံမှ မန္တလေး ချမ်းအေးသာစံမြို့နယ် ချမ်းသာထုံးကုန်းရပ်ကွက်နေ စိုင်းမင်းသူ(ခ)ပြောင်ကြီးက လက်ကိုင်ဖုန်းတစ်လုံး လုယက်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ပုသိမ်ကြီးမြို့နယ် တရားရုံးမှ မြို့နယ်တရားသူကြီးက ပြစ်မှုကျူးလွန်သူ စိုင်းမင်းသူ(ခ)ပြောင်ကြီးကို ဒီဇင်ဘာ ၁၄ ရက်က ဥပဒေအရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **အောင်စံမောင်**

---

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။ **မိုး/ဇလ**

# ဖမ်းဆီးရမိသော BPI ဆေးဝါးအတုများ ဖျက်ဆီး



**ရန်ကုန်  ဒီဇင်ဘာ  ၁၆**
ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)တို့ပူးပေါင်း၍ ဆေးဝါးရောင်းချသည့် ဆိုင်များ၊ သိုလှောင်သည့်နေရာများ၊ ထုတ်လုပ်သည့်နေရာများမှ ဖမ်းဆီးရမိသည့် BPI ဆေးဝါးအတုများ ဖျက်ဆီးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ပြုလုပ်သည်။**(ယာပုံ)**

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာ့ဆေးဝါးလုပ်ငန်းမှတာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဌာနမှ တာဝန်ရှိသူများ၊ အနောက်တိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲ မှုအဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တရားစွဲဆို အရေးယူ**

BPI ဆေးဝါးအတုများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)တို့ပူးပေါင်း၍ ဆေးဝါးရောင်းချသည့် ဆိုင်များ၊ သိုလှောင်သည့်နေရာများ၊ ထုတ်လုပ်သည့် နေရာများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး စားဆေး၊ ထိုးဆေး၊ လိမ်းဆေး ကာလတန်ဖိုး စုစုပေါင်း ငွေကျပ် သန်းပေါင်း ၂၈၀၂ ဒသမ ၆၅ ကို ဖမ်းဆီးပြီး တရားစွဲဆို အရေးယူနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် ဧပြီလတွင်လည်း (FDA) အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော စံချိန်စံညွှန်းမမီသည့် ပြင်ပပုဂ္ဂလိက ထုတ် အရက်ပြန် ကာလတန်ဖိုး ငွေကျပ် ၁၆၅ သိန်းကျော်ခန့်ကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

BPI ဆေးဝါးအတုများ ဖမ်းဆီးရမိမှုမှာ နှစ်ပေါင်းများစွာအတွင်း ကာလတန်ဖိုး အများဆုံးဖြစ်ပြီး ဖမ်းဆီးရမိ ဆေးဝါးအတုများမှ အမှုပြီးပြတ်၍ တရားရုံး စီရင်ချက် အမိန့်ချမှတ်ပြီးသော BPI ဆေးဝါးအတု တန်ဖိုးငွေကျပ် သန်းပေါင်း ၁၈၁၈ ဒသမ ၀၈၂ နှင့် စံချိန်စံညွှန်းမမီသော သိမ်းဆည်းရမိ အရက်ပြန် ငွေကျပ် ၁၆၅ သိန်းကျော်တို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်း ပြုလုပ်သွားမည်ဖြစ်သည်။

**မီးရှို့ဖျက်ဆီးသွားမည်**

ဖမ်းဆီးရမိ ဆေးဝါးအတုများမှ အရက်ပြန်နှင့် ထိုးဆေး၊ လိမ်းဆေးများကို ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ယနေ့ ဖျက်ဆီးခြင်းဖြစ်ပြီး ကျန်ဆေးပြား၊ ဆေးတောင့်များကို လှော်ကားရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးပိုင် အမှိုက်မှ စွမ်းအင်ထုတ်စက်ရုံ၌ မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးဝါးအတုများ ဖျက်ဆီးရာတွင် စံချိန်စံညွှန်းမမီသော အရက်ပြန်များကို WHO guidelineနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်အတွက် dilution ပြုလုပ်ပြီး waste water ကန်အတွင်း treatment ပြုလုပ်ပြီးမှသာ drain လိုင်းမှတစ်ဆင့် စွန့်ပစ်သွားမည်ဖြစ်ပြီး ထိုးဆေးနှင့် လိမ်းဆေးများကို roller ဖြင့် ဖျက်ဆီး မြေမြှုပ်ခဲ့ကြောင်း သိရသည်။

GMP guideline နှင့်အညီ ထုတ်လုပ်ထားခြင်းမရှိသော၊ ဆေးအာနိသင်မရှိသော ဆေးဝါးအတုများကြောင့် ပြည်သူများမှာ ရောဂါပျောက်ကင်းမှုမရှိသည့်အပြင် ကျန်းမာရေးကို ပိုမိုဆိုးရွားစေနိုင်သည့်အတွက် BPI ဆေးဝါးအတုများအား ပမာဏများစွာ ဖမ်းဆီးထိန်းသိမ်းအရေးယူ ဖျက်ဆီးလိုက်ခြင်းဖြင့် ပြည်သူလူထုကျန်းမာရေးကို အဓိက အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ဈေးကွက်အတွင်းတွင်လည်း BPI ဆေးဝါးများ အရည်အသွေး အစစ်အမှန်ကို သိရှိနိုင်စေမည်ဖြစ်ကြောင်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

# ပြည် - ပေါက်ခေါင်း ကားလမ်းပေါ်၌ ဆိုင်ကယ်မောင်းနှင်လာသူ နှစ်ဦးအား ဓားဖြင့် ခုတ်ပြီး ဆိုင်ကယ်နှင့်ငွေ လုယက်သူများအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ပြည်  ဒီဇင်ဘာ  ၁၆**
ပြည်မြို့နယ် ပြည်-ပေါက်ခေါင်း ကားလမ်း ပေါ်တွင် ဆိုင်ကယ်မောင်းနှင်လာသူ နှစ်ဦးကို ဓားဖြင့်ခုတ်ပြီး ဆိုင်ကယ်နှင့် ငွေများလုယက်မှု ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ပြီး ကျူးလွန် သူများကို နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့ အမှတ်(၁) ရပ်ကွက်နေ ဇော်ဖြိုးနှင့် အောင်နိုင်သူတို့သည် ယင်းနေ့ နံနက် ၁ နာရီခန့်က ဆိုင်ကယ်ဖြင့် ပြည်မြို့မှ ပေါက်ခေါင်းမြို့သို့ ပြန်လာစဉ် ပြည်- ပေါက်ခေါင်းလမ်း မိုင်တိုင် (၂/၇) ကုန်းရိုးရွာအနီး အရောက်တွင် နောက်မှ လူငယ်နှစ်ဦး-သုံးဦးခန့်က ဆိုင်ကယ်ဖြင့် လိုက်လာပြီး ဓားဖြင့်ခုတ်ကာ ၎င်းတို့၏ ဆိုင်ကယ်နှင့် ငွေကျပ်သုံးသိန်းကို လုယူသွားခဲ့သဖြင့် ပေါင်းတလည်ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ယင်းအမှုမှ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းထွန်းအောင်တို့၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဆိုင်ကယ်လာရောင်းသူ လူငယ်နှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိကြောင်း အောင်လံမြို့မရဲစခန်းက ဆက်သွယ်သိရှိရသဖြင့် ရဲအုပ်ဇော်မင်း ဦးဆောင်သောအဖွဲ့က သွားရောက်စစ်ဆေးရာ ဇင်ကိုကို ဦး (၁၉ နှစ်) ပြည်မြို့နေသူနှင့် ဇော်ဝင်းထွဋ် (၂၃နှစ်) ပြည်မြို့နေသူတို့ ဖြစ်ကြောင်းသိရပြီး ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့ကာ အခင်းဖြစ်စဉ်က လုယက်ယူခဲ့သော ဆိုင်ကယ်၊ ငွေကြေး၊ အသုံးပြုခဲ့သော ဓားတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မျိုးကျော်ကြီး(ပြန်/ဆက်)**

# အဆောင်နေတက္ကသိုလ်ကျောင်းသားအချင်းချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**မုံရွာ  ဒီဇင်ဘာ  ၁၆**
မုံရွာမြို့ မြဝတီရပ်ကွက် သစ္စာလမ်းသွယ် ၁၆ တွင် ဒီဇင်ဘာ ၁၅ ရက် ညပိုင်းက အဆောင်နေ တက္ကသိုလ်ကျောင်းသားအချင်းချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှု ဖြစ်ပွားခဲ့သည်။

**ဝင်ရောက်ဖျန်ဖြေ**

ဖြစ်စဉ်မှာ အဆောင်နေ၍ မုံရွာတက္ကသိုလ်တွင် စာသင်နေကြသော မင်းကင်းမြို့နယ် ကျွန်းတော်ရွာနေ မင်းခန့်၊ နိုင်ရဲအောင်နှင့် ကနီမြို့နယ် ဆူးလေကုန်းရွာနေ သန့်ဇင်ဝင်းတို့သည် အပြင်မှအရက်ဝယ်လာပြီး အဆောင်တွင် သောက်နေခဲ့ကြကြောင်း၊ ထိုသို့သောက်နေစဉ် ကျော်ဖြိုးလှိုင်က အရက်သောက်၍ မဆူကြရန်ပြောရာ ၎င်းတို့ သုံးဦးနှင့် စကားများရန်ဖြစ်ကြသဖြင့် အဆောင်အတူနေသူက ဝင်ရောက်ဖျန်ဖြေသော်လည်း မရဘဲ မင်းခန့်က အရိုးအသွား ကိုးလက်မခွဲခန့်ရှိ စတီးဓားဖြင့် ကျော်ဖြိုးလှိုင်အား ထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဓားဖြင့်အထိုးခံရသူ ကျော်ဖြိုးလှိုင်မှာ မုံရွာပြည်သူ့ဆေးရုံသို့ရောက်ရှိ ဆေးကုသနေစဉ် ရရှိသောဒဏ်ရာဖြင့် ည ၉ နာရီကျော်တွင် သေဆုံးသွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် မင်းခန့်၊ နိုင်ရဲအောင်နှင့် သန့်ဇင်ဝင်းတို့ကို မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သံတိုင်ဦး(မုံရွာ)**

# မုံရွာမြို့တွင် နိုင်ငံခြားသားတစ်ဦး တည်းခိုသည်ကို တိုင်ကြားရန်ပျက်ကွက်သူ နှစ်ဦးနှင့် နိုင်ငံခြားသားကို အမှုဖွင့်

**မုံရွာ ဒီဇင်ဘာ ၁၆**
မုံရွာမြို့ ရန်ကင်းရပ်ကွက်တွင် တရုတ်နိုင်ငံသားတစ်ဦးကို ဒီဇင်ဘာ ၁၂ရက် ညနေ ၅ နာရီခန့်က ဖမ်းဆီးရမိသဖြင့် မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အမှုစစ် ဒုရဲအုပ် ဇာနည်မောင်နှင့် မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်က တရုတ်နိုင်ငံသား MR. LI JIE ကိုစစ်ဆေးရာ အဆိုပါ တရုတ်နိုင်ငံသားသည် ရန်ကင်းရပ်နေ ဇင်မင်းသန့်နှင့်အတူ ဒီဇင်ဘာ ၇ ရက်မှစ၍ ၁၂ ရက်အထိ ဘုန်းပြည့်အောင်၏ OVVI ကုမ္ပဏီရုံးခွဲရုံးခန်းတွင် နေထိုင်ခဲ့ကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးတွေ့ရှိရသဖြင့် နိုင်ငံခြားသားတစ်ဦး တည်းခိုနေထိုင်သည်ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့ သတင်းပို့တိုင်ကြားရန် ပျက်ကွက်သူ ဘုန်းပြည့်အောင်နှင့် ဇင်မင်းသန့်တို့ကို အရေးယူပေးရန် ဒီဇင်ဘာ ၁၅ ရက်က မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဦးစီးမှူးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မုံရွာနယ်မြေရဲစခန်းက အမှုရေးဖွင့်ကာ ၎င်းတို့ကိုဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သံတိုင်ဦး(မုံရွာ)**

# ရေဦး၌ မူးယစ် အမှုဖြင့် အချုပ်ခန်းဖောက်ပြေးသူ ဖမ်းဆီးရမိ

ရေဦး  ဒီဇင်ဘာ  ၁၆
**ရေဦးမြို့မရဲတပ်ဖွဲ့စခန်းက မှုခင်းဖြစ်ပွားမှုများလျော့နည်းစေရေးနှင့် ပြေး လေးပြေး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က မူးယစ်ဆေးဝါးအမှုဖြင့် မလယ်နယ်မြေရဲစခန်း အချုပ်ခန်းဖောက် ထွက်ပြေးခဲ့သည့် မူးယစ်တရားခံပြေး တစ်ဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။**

**ထွက်ပြေးလွတ်မြောက်**

အချုပ်ခန်းဖောက်ပြေးသူ အေးနိုင်(ခ)နိုင်စိုး (၃၄နှစ်)သည် ၂၀၁၇ ခုနှစ် စက်တင်ဘာလက မူးယစ်ဆေးဝါးအမှုဖြင့် ကန့်ဘလူခရိုင် မလယ်နယ်မြေရဲစခန်းက မူးယစ်မှုဖြင့် ဖမ်းဆီးထားခဲ့ရာ အချုပ်ခန်းဖောက် ထွက်ပြေး လွတ်မြောက်သွားသူတစ်ဦး ဖြစ်သည်။

အချုပ်ခန်းဖောက်ပြေးသူ အေးနိုင်(ခ)နိုင်စိုး သည် ရေဦးမြို့နယ် ချောင်းဦးကျေးရွာ၌ ရောက်ရှိနေကြောင်း သိရ၍ ရေဦးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် နေမျိုးအောင်နှင့် ဒုရဲအုပ် မောင်မျိုးတို့အဖွဲ့က ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ချောင်းဦးကျေးရွာ၌ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ အဆိုပါ အချုပ်ခန်းဖောက်ပြေးသူအား သက်ဆိုင်ရာ မလယ်နယ်မြေရဲစခန်းသို့ လွှဲပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အေးနိုင်(ခ)နိုင်စိုး

**သန်းထိုက်(ရေဦး)**

# မူဆယ်သို့သွားမည့် ယာဉ်အား စစ်ဆေးရှာဖွေရာ ပိတောက်ခားရွေသစ်များဖမ်းမိ

**နေပြည်တော်  ဒီဇင်ဘာ  ၁၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၄စီး၊ သွင်းကုန် အစီး ၁၀၂၀ ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး ၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၁၆၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေး ရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၂ ဒသမ ၀၆၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅ ဒသမ ၂၃၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်က မူဆယ်သို့သွားရောက်မည့် Super Custom ယာဉ်တစ်စီးအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ မော်တော်ယာဉ်၏ နောက်ခန်းတွင် စောင်စဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေသစ် ၁၅ တုံး (၂ ဒသမ ၁၄၀၈ တန်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်း တန်ဖိုး ငွေကျပ် ၉ ဒသမ ၉၂၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် အလယ်တန်းကျောင်းအရေအတွက်




■ ဖွဲ့စည်းပုံအရခွင့်ပြုပြီး အလယ်တန်းကျောင်းအရေအတွက်

ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

# မလှိုင်မြို့ ပန်းလှိုင်ရွှေဝါဂေါက်ကလပ်မှ ခြောက်မြို့နယ် ဖိတ်ခေါ်ဂေါက်ရိုက်ပြိုင်မည်

**မလှိုင် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂေါက်ရိုက်အားကစား ဖိတ်ခေါ်ပြိုင်ပွဲကို ပန်းလှိုင်ရွှေဝါ ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မလှိုင်မြို့ ပန်းလှိုင်ရွှေဝါဂေါက်ကလပ်က ဦးဆောင်၍ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ-မလှိုင်-သာစည်-ဝမ်းတွင်းမြို့များရှိ ဂေါက်ကလပ်များနှင့် တောင်သာမြို့နှင့် ရမည်းသင်းမြို့များအား ဖိတ်ကြားထားပြီး နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မလှိုင်မြို့ ပန်းလှိုင်ရွှေဝါဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၆၀ ကျော်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိတ်ခေါ် ဂေါက်ရိုက်ပြိုင်ပွဲကို ကမ္ဘောဇဘဏ်မှ ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

---

❍ **ကျောဖုံးမှ**

ယှဉ်ပြိုင်ခြင်းဖြစ်ပြီး တစ်ကျော့ပြန် အောင်မြင်မှုရရေး ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းသည် ၁၉၆၆ နှင့် ၁၉၇၀ ပြိုင်ပွဲတွင် ချန်ပီယံဆုရခဲ့ခြင်းဖြစ်ပြီး အာဆီယံအသင်းများတွင် ရွှေတံဆိပ်ရဖူးသည့် တစ်သင်းတည်းသော အသင်းလည်းဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို အသက် ၂၃ နှစ်အောက် ပြိုင်ပွဲအဖြစ်ကျင်းပမည်ဖြစ်ပြီး အသက်ကျော်ကစားသမားသုံးဦး ထည့်သွင်းကစားခွင့်ရမည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကိုမူ လက်ရွေးစင်အဆင့်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသားဘောလုံးအသင်းသည် ယခုနှစ်အတွင်း ဖွဲ့စည်းခဲ့သည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင် ယူ-၂၂ အသင်းကို အခြေခံယှဉ်ပြိုင်ဖွယ်ရှိနေပြီး အမျိုးသမီးအသင်းမှာမူ ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲယှဉ်ပြိုင်မည့် လက်ရွေးစင်အသင်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအချို့တွင်သာ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပရိသတ်အကြိုက်အားကစားနည်းဖြစ်သော ဘောလုံးအားကစားနည်းတွင် ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

---

✷ **ကျောဖုံးမှ**

ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ဖိကစားလာသော်လည်း ၆၃ မိနစ်တွင် မထင်မှတ်ဘဲ ပယ်နယ်တီပေးလိုက်ရပြီး ဒုတိယဂိုးပါ ပေးခဲ့ရသည်။ ယင်းပယ်နယ်တီမှာ အငြင်းပွားဖွယ်ရှိခဲ့ပြီး အသင်းခေါင်းဆောင် လီမင်ဆောင်က ကန်သွင်းယူခဲ့၍ ဗီယက်နမ် ယူ-၂၁ အသင်း ဒုတိယဂိုးရခဲ့သည်။

ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း နှစ်သိမ့်ဂိုးပင် ပြန်မသွင်းနိုင်ဘဲ ရှုံးနိမ့်ခဲ့သည်။ ပထမပွဲတွင် လက်ရှိချန်ပီယံ ယိုကိုဟားမား ယူ-၂၁ အသင်းက ထိုင်း ယူ-၂၁ အသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ယိုကိုဟားမား ယူ-၂၁ အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းက သုံးပွဲကစား လေးမှတ်၊ ဗီယက်နမ် ယူ-၂၁ အသင်းက နှစ်ပွဲကစား သုံးမှတ်၊ ထိုင်းအသင်းက သုံးပွဲကစား သုံးမှတ်၊ ဗီယက်နမ် ယူ-၁၉ အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။

မြန်မာ ယူ-၂၁ အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် ယိုကိုဟားမား ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း**

---

## ပဲလေ့စ်တို့ လက်စတာကို ဂိုးပြတ်အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ်(၁၈)အဖြစ် ဒီဇင်ဘာ ၁၆ ရက်က လက်စတာနှင့် ခရစ္စတယ်ပဲလေ့စ်တို့ပွဲတွင် ပဲလေ့စ်က သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

နည်းပြ ရွိုင်းဟော့ဆင် လက်ထက် ခြေစွမ်းပြနေသော ပဲလေ့စ်တို့ အဝေးကွင်း၌ ကစားရသော်လည်း လက်စတာကို အနိုင်ယူခဲ့သည်။ ပဲလေ့စ်အတွက် အဖွင့်ဂိုးကို ၁၉ မိနစ်တွင် တိုက်စစ်မှူး ဘန်တီတီက သွင်းယူပေးကာ မိနစ် ၄၀ တွင် ဇာဟာက ဒုတိယဂိုးသွင်းယူပေးသည်။ လက်စတာတို့ ချေပဂိုးပြန်မသွင်းနိုင်သည့်အပြင် ၆၁ မိနစ်တွင် ဒန်နီ အနီကတ်ဖြင့် ထုတ်ပယ်ခံရသည်။ ပဲလေ့စ်အတွက် တတိယဂိုးကို ဆာခိုက ပွဲပြီးခါနီး မိနစ် ၉၀ တွင် သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်များတွင် အာဆင်နယ်က နယူးကာဆယ်ကို တစ်ဂိုး-ဂိုးမရှိ၊ ချယ်လ်ဆီးက ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိ၊ ဟက်ဒါဖီးလ်က ဝက်ဖို့ဒ်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဘရိုက်တန်နှင့် ဘန်လေတို့ ပွဲမှာ ဂိုးမရှိ သရေဖြစ်ခဲ့သည်။ **သီဟ**

---

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ 230 KV အလုံပင်မဓာတ်အားခွဲရုံတွင် 66 KV Bus အဆင်းသီတာ(၁)ဖီဒါမှ 795 MCM , AAC (RØ)ကြိုးအား အသစ်လဲလှယ်ခြင်းနှင့် Incoming (2) မှ 795MCM,ACC (YØ)ကြိုးအား Binding Wire ပတ်၍ ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့ (၀၀း၀၀) နာရီမှ (၀၁း၀၀) နာရီအထိ 66 KV Bus (A) အား အရေးပေါ် ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပိုမိုပြည့်ဝစွာ ရရှိစေရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ် အချိန်အတွင်း ရန်ကင်း၊ ဗဟန်း၊ တောင်ဥက္ကလာနှင့် တာမွေမြို့နယ်များရှိ ရပ်ကွက်အချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်းနှင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာအသိပေး ပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

---

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခုနှစ် ဘုရားပွဲတော်ကာလအတွင်း သိမ်းဆည်းထားသည့် ဆည်းလည်းအရွယ်အစားမျိုးစုံ ပိဿာချိန်(၁၀၀၀၀)ခန့် (မျက်မြင်အခြေအနေအတိုင်း) အား အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချရက်/အချိန်** | - | ၁၈-၁၂-၂၀၁၇ရက် နံနက် ၉း၃၀နာရီ |
| **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်/အချိန်** | - | ၂၂-၁၂-၂၀၁၇ရက် ညနေ ၄း၃၀ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်** | - | ၂၃-၁၂-၂၀၁၇ရက် နံနက် ၁၀နာရီ |
| **အိတ်ဖွင့်တင်ဒါဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ** | - | ဂေါပကအဖွဲ့ရုံး၊ ကင်မွန်းစခန်း |

**ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ ကျိုက်ထိုမြို့**

---

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် မြို့နယ်(၁၇)မြို့နယ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသား ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၄၈၂၂၅၇၂၃ သို့ (ရုံးချိန်အတွင်း) ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၉-၁၂-၂၀၁၇ရက် (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** | - | ၂-၁-၂၀၁၈ ရက် ညနေ ၁၆း၃၀နာရီ |
| (ဂ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** | - | ၃-၁-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီ |
| (ဃ) | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - | တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။ |

**တင်ဒါကော်မတီ**
**ဖုန်း-၀၉-၄၈၂၂၅၇၂၃**

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း၊ အမှတ် ၃၆၊ ခြောက်လွှာတွင် ဖွင့်လှစ်ထားသော AEC ELECTRICAL COMPANY LIMITED၏ ဒါရိုက်တာဖြစ်သူ ဦးအုံးပရာကတ်စ်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

AEC ELECTRICAL COMPANY LIMITED သည် Unitrends P.Uအား မှတ်ပုံ တင်အမှတ်-၈၄၂၁/၂၀၁၇ဖြင့်လည်းကောင်း၊ Fashion TIME ကို မှတ်ပုံတင်အမှတ်-၈၄၂၂/ ၂၀၁၇ဖြင့်လည်းကောင်း ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၂၀-၇-၂၀၁၇ရက်တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Unitrends Logo နှင့် Fashion TIME Logo တို့ဖြင့် ကျားစီး/မစီး ဖိနပ်အမျိုးမျိုး၊ ကလေးစီးဖိနပ်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိ ရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ Logo များဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website, Facebook အစရှိသည်တို့တွင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ပါသည်။

၉-၁၂-၂၀၁၇ရက်ထုတ် မန္တလေးသတင်းစာကြော်ငြာတွင် UNITED SHOE CO.,၏ ကြော်ငြာပါ United PUအပေါ်တွင်ရှိ Logoမှာ ယခုကြော်ငြာသည့် Unitrents P.Uအပေါ် ရှိ Logoနှင့် ခပ်ဆင်ဆင်တူနေပါသည်။ ယင်း Logo မှာ ယခုကြော်ငြာသည့် Logo နှင့် လုံးဝ သက်ဆိုင်မှုမရှိပါ။

သို့ဖြစ်၍ အဆိုပါ တံဆိပ်အမှတ်အသားများဖြင့် တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားအတု အပပြုလုပ်၍ ကျားစီး/မစီး ဖိနပ်အမျိုးမျိုး၊ ကလေးစီးဖိနပ်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းပြုပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြအောင် B.A.,R.L**
**တရားလွှတ်တော်ရှေ့နေ(၂၅၇၅)**
**အမှတ်(၆၂)၊ အခန်း-၁၆၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ မြို့မရပ်ကွက်၊အမှတ်(၃/မမ ၆၁)နေ ဦးလိုကနတ်-ဒေါ်သူဆာလာတို့၏ ဒုတိယသား မောင်ဘာလာရမ် ၁/ဝမန(နိုင်)၁၁၁၆၁၄သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးလိုကနတ်-ဒေါ်သူဆာလာ မြို့မရပ်၊ နမ္မတီးမြို့**

---

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၁၅-၁၂-၂၀၁၇ရက်တွင် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ခဲ့သည့် နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်များ တပ်တော်ဝင် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ စစ်ရေးပြ အခမ်းအနားနှင့် လေယာဉ်များ တပ်တော်ဝင် အခမ်းအနားများသို့ တက်ရောက်ခွင့်ရသည့်အတွက်လည်း အထူးလေးစားဂုဏ်ယူဝမ်းမြောက်ပါသည်။

**အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/1303 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**အောင်ပြည့်စုံ**
**အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း / နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။**
**09-250095114**
**09-421041338**
**09-73224763**

PQI အသိအမှတ်ပြုစင်တာ
**ဦးသန့်ဇော်** B.Sc.IC.Q,DA, DMP, MBA, ACCA (pro)
**LCCI I,II&III** Diploma သင်တန်းများ
**19 Dec 2017 စမည်။**
I&II Sec (B): Mon to Wed 6:00 - 7:45 pm (သုံးလပြတ်)
Sec (C): Mon to Wed 7:00 - 8:30 am
Sec (D):Mon to Wed 9:30- 11:15 am ( January )
**ORION** Business School (ဒဂုံစင်တာအနီး)
09 5115997

## ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ တောင်ခင်ရန်း အထက အငြမတန်း(ဘီ)မှ မောင်မြတ်နိုးကိုနှင့် ပဥ္စမတန်း(အေ)မှ မောင်ထူးကိုကိုတို့၏ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၇၇၅၁၃ အရ ဦးသန်းဝင်းဖြစ်ပါကြောင်း။ **ဦးသန်းဝင်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်ကြီး၊ ဘူတာ(က)ရပ်ကွက်နေ မောင်ခင်မောင်ထွေး ၅/ရဘန(နိုင်)၁၉၉၄၆၀၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ဖြစ်ပါကြောင်း။
**ဦးခင်မောင်အေး SBO-၀၉၁၄၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ဃ/၄၆၂၁၃ Yunde 110/ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒေစီလွင် ၇/ပမန(နိုင်)၁၄၀၀၆၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

# တောင်ကိုရီးယားသို့ ကူးပြောင်းလာသည့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်ကို စစ်ဆေးရုံသို့ ရွှေ့ပြောင်း

**ဆိုးလ် ဒီဇင်ဘာ ၁၆**

နယ်စပ်ကိုဖြတ်ကျော်လျက် တောင်ကိုရီးယားသို့ ကူးပြောင်းရောက်ရှိလာခဲ့သည့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်ကို တောင်ကိုရီးယား စစ်ဆေးရုံသို့ ပြောင်းရွှေ့ခဲ့ကြောင်း တောင်ကိုရီးယားစစ်ရေး သတင်းထောက်လှမ်းမှုအဖွဲ့ အာဏာပိုင်တစ်ဦးက စနေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ မြောက်ကိုရီးယားတပ်ဖွဲ့ဝင် အိုချောင်ဆောင်ကို သောကြာနေ့တွင် ဆိုးလ်မြို့တောင်ပိုင်း အာဂျူးတက္ကသိုလ်ဆေးရုံ ကာယထိခိုက်မှုဌာနမှ တပ်မတော်ဆေးရုံသို့ ရွှေ့ပြောင်းလာခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ရရှိခဲ့သည့် ထိခိုက်ဒဏ်ရာများကြောင့် ခွဲစိတ်ကုသမှုနှစ်ကြိမ် ပြုလုပ်ခဲ့ရသည်။

အိုချောင်ဆောင်အား တောင်ကိုရီးယားစစ်ဆေးရုံသို့ ရွှေ့ပြောင်းခဲ့ပြီး တောင်ကိုရီးယားစုံစမ်းစစ်ဆေးရေးအဖွဲ့က အို၏ကျန်းမာရေးအခြေအနေအပေါ် မူတည်၍ လုံခြုံရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုဖြစ်စဉ်ကို ဆက်လက်ဆောင်ရွက်သွားရန် မကြာမီ စီစဉ်သွားမည်ဖြစ်ကြောင်း စုံစမ်းရေးအဖွဲ့အာဏာပိုင်တစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့သည်။

အမည်ထုတ်ဖော်ပြောကြားရန် ငြင်းဆန်ခဲ့သည့် အာဏာပိုင်က အိုကိုမေးမြန်းသွားမည့် မေးခွန်းများအတွက် စီစဉ်ထားမှုနှင့်ပတ်သက်၍ အချက်အလက်များ ထုတ်ဖော်ပြောကြားရန် ငြင်းဆန်ခဲ့သည်။

အိုသည် နိုဝင်ဘာလတွင် နယ်စပ်ကိုဖြတ်ကျော်လျက် ထွက်ပြေးခဲ့ရာတွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တောင်ကိုရီးယားတပ်ဖွဲ့ဝင် သုံးဦးက အိုအားဘေးကင်းရာသို့ ခေါ်ဆောင်လာခဲ့ပြီး ၎င်းအား US Black Hawk စစ်လေယာဉ်ဖြင့် ခွဲစိတ်ကုသရန် ပြည်ပသို့ အမြန်ဆုံးခေါ်ဆောင်သွားခဲ့သည်။

စစ်ဆေးရုံမှ ဆေးဝန်ထမ်းများက အိုအတွက်သင့်လျော်သည့် စောင့်ရှောက်မှုနှင့် ကုသမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အိုသည် ခွဲစိတ်မှုနှစ်ခုပြုလုပ်ခဲ့ရပြီး ပြန်လည်သက်သာလာခဲ့ပြီဖြစ်ကြောင်း၊ သို့သော် အားနည်းနေဆဲပင်ဖြစ်ကြောင်း၊ အခြေအနေများ တည်ငြိမ်သွားပြီဖြစ်ကြောင်း အာဏာပိုင်တစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့သည်။

**ရိုက်တာ**

# တရုတ်နှင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ပိုမိုလက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်သွားကြမည်




**ကူမင်း ဒီဇင်ဘာ ၁၆**

တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ အကြီးတန်းနိုင်ငံခြားရေးရာ အာဏာပိုင်များသည် ပိုမိုလေးနက်ပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူများ၏အကျိုးစီးပွားကိုဆောင်ကြဉ်းကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ တာ့လီတွင်ကျင်းပခဲ့သည့် သုံးကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လန်ချန်း-မဲခေါင်နိုင်ငံများအတွင်း အနာဂတ်ငြိမ်းချမ်းရေးနှင့် အကျိုးစီးပွားကိုမျှဝေမည့် အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် ၎င်းတို့၏ ခေါင်းဆောင်အသီးသီးက သဘောတူညီခဲ့သည့် ဘုံသဘောတူညီမှုကို အကောင်အထည်ဖော်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လန်ချန်း-မဲခေါင်မြစ်သည် ဒေသတွင်းခြောက်နိုင်ငံကို ချိတ်ဆက်ပေါင်းကူးပေးထားသည့် သဘာဝလမ်းကြောင်းတစ်ခု ဖြစ်သည်။ အစည်းအဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက် ဆိုခွန်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆက်သွယ်ရေး၊ စက်မှုလုပ်ငန်းစွမ်းဆောင်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အပါအဝင် အဓိကကျသည့်ကဏ္ဍများတွင် တိုးတက်ဖြစ်ထွန်းမှုများရရှိခဲ့သည့်အတွက် နိုင်ငံခြားရေးရာ အာဏာပိုင်များက ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

**ဆင်ဟွာ**

# ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိသည့် မြေငလျင်တစ်ခု အင်ဒိုနီးရှား၌ လှုပ်ခတ်

**ဂျာဗား ဒီဇင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ သောကြာနေ့ ညသန်းခေါင်အချိန်တွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ရာ လူနှစ်ဦးသေဆုံးသွားကြောင်းသိရသည်။

အမေရိကန် ဘူမိစစ်တမ်းကောက်ယူမှုအဖွဲ့က ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိသည့် မြေငလျင်သည် ဒေသစံတော်ချိန် နေ့လယ် ၁၁ နာရီ ၄၇ မိနစ်တွင် လှုပ်ခတ်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။ ငလျင်သည် ဂျာဗားအနောက်တောင်ပိုင်း ကမ်းခြေရိုယာကို ဗဟိုပြုလျက် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဂျာဗားအနောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် လူနှစ်ဦး သေဆုံးသွားခဲ့ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။ ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ဦးရှိကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

# အမေရိကန်နှင့် စကားပြောဆိုဆွေးနွေးရန် မြောက်ကိုရီးယား ငြင်းဆန်




**ပြုံယမ်း ဒီဇင်ဘာ ၁၆**

ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံတမန် ဂျာဆောင်နမ်သည် လတ်တလော အခြေအနေများအတွင်း အမေရိကန်နှင့် ဖြစ်နိုင်ဖွယ်ရှိသည့် စကားပြောဆိုဆွေးနွေးမှုများကို ငြင်းဆန်လိုက်ကြောင်း သိရသည်။

ဂျာဆောင်နမ်သည် သောကြာနေ့က ကျင်းပသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဝန်ကြီးများအဆင့် အစည်းအဝေးအပြီးတွင် သတင်းထောက်များနှင့် စကားပြောဆိုခဲ့သည်။ ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ ဆွေးနွေးပွဲများ ပြုလုပ်သွားရန်အမေရိကန်က တောင်းဆိုလာချိန်တွင် အမေရိကန်သည် ပိတ်ဆို့မှုများပြုလုပ်ကာ ဖိအားများ ပိုပေးရန် ဆက်လက်ကြိုးပမ်းနေသည်ဟု မြောက်ကိုရီးယားသံတမန်က ပြောကြားသည်။ လတ်တလောအခြေအနေများသည် စကားပြောဆိုဆွေးနွေးသည့်အခြေအနေသို့ ရောက်ရှိစေလိမ့်ဦးမည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

# အမေရိကန်နှင့် မြောက်ကိုရီးယားသံတမန်တို့ လုံခြုံရေးကောင်စီ၌ အချေအတင်ဖြစ်ပွား




**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အမေရိကန်နှင့် မြောက်ကိုရီးယားတို့သည် အငြင်းပွားမှုများနှင့်ပတ်သက်၍ နှစ်ဖက်စလုံးက လက်ခံသည့်အချက်ကိုရှာဖွေရန် ခက်ခဲသည့်အခြေအနေတွင်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံလုံးမှ သံတမန်တို့သည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဝန်ကြီးများအစည်းအဝေးတွင် တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်သည့်စကားလုံးများဖြင့် အပြန်အလှန်ပြောဆိုခဲ့ကြကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်နှင့် ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံတမန် ဂျာဆောင်နမ်တို့အကြား ဝေဖန်ထိုးနှက်မှုများက ဆွေးနွေးပွဲကို အပြုသဘောဆောင်သည့် အခြေအနေရောက်ရှိရန် ခက်ခဲစေခဲ့သည်။

သောကြာနေ့ဆွေးနွေးပွဲကို ယခုလအတွက် လုံခြုံရေးကောင်စီ၏ သဘာပတိဖြစ်သည့် ဂျပန်၏တောင်းဆိုမှုဖြင့် ပြုလုပ်ခဲ့သည်။ အစည်းအဝေးစတင်ချိန်မှာပင် အစည်းအဝေး၏ သဘာပတိဖြစ်သူ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက မြောက်ကိုရီးယားကို ဝေဖန်ခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဘရာဇီးနိုင်ငံ၌ ၂၂ နှစ်အတွင်း မူးယစ်ဆေးဝါးပမာဏ အများဆုံးဖမ်းဆီးရမိ

**ရီယိုဒီဂျနေယိုး ဒီဇင်ဘာ ၁၆**

ဘရာဇီးနိုင်ငံတွင် ယခုနှစ်အတွင်းဆေးခြောက်နှင့်ကိုကင်းဖမ်းဆီးရရှိမှုပမာဏသည် လွန်ခဲ့သည့် ၂၂ နှစ်တာအတွင်း အမြင့်ဆုံးဖမ်းဆီးရရှိမှုပမာဏပင်ဖြစ်ကြောင်း ဘရာဇီးဖက်ဒရယ်ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့၏ ပြောပြချက်အရ ဆေးခြောက်တန်ချိန်ပေါင်း ၃၂၄ တန်နှင့် ကိုကင်း ၄၅ တန်ကို ဇန်နဝါရီလနှင့် ဒီဇင်ဘာလအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုကိုဖမ်းဆီးရာတွင် အေးဂျင့်များ၏ အင်အားစိုက်ထုတ်မှုကို အကူအညီပေးခဲ့သည့် နည်းပညာပိုင်းဆိုင်ရာ ပိုမိုရင်းနှီးမြှုပ်နှံလာမှုများ၊ စုံစမ်းစစ်ဆေးမှုပိုင်းဆိုင်ရာ တိုးတက်လာမှုများနှင့် ကင်းလှည့်မှုများပိုမိုအားထုတ်လုပ်ဆောင်ခဲ့ရသည့်အတွက် အောင်မြင်မှုရရှိခဲ့ကြောင်း ချီးကျူးစကားဆိုခဲ့သည်။

မူးယစ်ဆေးဝါးအများစုသည် ပြည်ပမှ ဝင်ရောက်လာခြင်းဖြစ်ပြီး ဆေးခြောက်များသည် ပါရာဂွေးမှ အများဆုံးဝင်ရောက်ကာ ကိုကင်းမှာ ဘိုလီးဗီးယား၊ ကိုလံဘီယာနှင့် ပီရူးတို့မှ ဝင်ရောက်မှုအများဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### မြောက်ကိုရီးယားအား ပိတ်ဆို့ထားမှုစာရင်းကို ဂျပန်တိုးမြှင့်

**တိုကျို ဒီဇင်ဘာ ၁၆**

ဂျပန်အစိုးရအဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံအပေါ်ချမှတ်ထားသည့် ၎င်း၏ ပိတ်ဆို့မှုစာရင်းကို ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြထားသည်။နောက်ထပ်အဖွဲ့အစည်း ၁၉ ခုကို ပိတ်ဆို့မှုစာရင်းတွင် ထပ်မံထည့်သွင်းသွားရန် အစိုးရအဖွဲ့ဝန်ကြီးများက သောကြာနေ့တွင် ဆုံးဖြတ်ချက်ကို အတည်ပြုလိုက်သည်။

ပိတ်ဆို့မှုစာရင်းတွင် သင်္ဘောကုမ္ပဏီများ၊ ကုန်သွယ်ရေးလုပ်ငန်းစုများနှင့် မြောက်ကိုရီးယားတွင်အခြေစိုက်ထားသည့် ဘဏ်များကိုပါ ထပ်မံထည့်သွင်းသွားမည်ဟု သိရသည်။

ယခုအခါပိတ်ဆို့ထားသည့် အရေအတွက်စုစုပေါင်းမှာ အဖွဲ့အစည်းပေါင်း ၁၀၃ ခုနှင့် လူပုဂ္ဂိုလ်၁၀၈ဦးခန့်ရှိသွားပြီဖြစ်သည်။ သောကြာနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဝန်ကြီးများအစည်းအဝေး မကျင်းပမီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနက မြောက်ကိုရီးယားအပေါ် ဖိအားများပိုမိုတိုးမြှင့်သွားရန် ရည်ရွယ်ခဲ့သည်။အစိုးရဝန်ကြီးများအဖွဲ့အတွင်းရေးမှူးချုပ် ယိုရှီဒါဟီဒီစူဂါက မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများသည် ၎င်း၏မူဝါဒကို ပြောင်းလဲပစ်ရန် ဖိအားများ ပိုမိုလိုအပ်နေကြောင်းကို ပြသနေခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဟွန်ဒူးရပ်စ်ရဲ့ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ဝေခွဲမရဖြစ်နေတဲ့ အမေရိကန်

**ခြူးစန္ဒီမွေး**



**ဟွန်ဒူးရပ်စ်နိုင်ငံမှာ မကြာသေးမီက ရွေးကောက်ပွဲပြုလုပ်ခဲ့ပါတယ်။အဲဒီရွေးကောက်ပွဲကြောင့်ပဲ ဆန္ဒပြသူတွေဟာ မြို့တော်ရဲ့လမ်းမတွေထက်မှာ ဆန္ဒပြခဲ့ကြပြီး အခြေအနေတွေ ဒီထက်မက ဆိုးရွားလာတဲ့အခါမှာတော့ ညမထွက်ရအမိန့်တွေအထိပါ ထုတ်ပြန်ထားခဲ့ရတယ်။ ဟွန်ဒူးရပ်စ် သမ္မတနောက်တစ်ကြိမ်သမ္မတသက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံမှုနဲ့ပတ်သက်ပြီး နိုင်ငံရေးတိုက်ပွဲတွေဆူဆူညံညံပဲပေါ်ထွက်လာတယ်။ လွန်ခဲ့တဲ့လက အငြင်းပွားဖွယ်မဲပေးမှုတွေကစပြီး ဟွန်ဒူးရပ်စ်နိုင်ငံကို ပဋိပက္ခတွေကကြီးစိုးသွားပါတော့တယ်။**

**“ဟွန်ဒူးရပ်စ်နိုင်ငံမှာ နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုတွေ ဆက်လက်ဖြစ်ပွားမှာကို အမေရိကန်က စိုးရိမ်ပါတယ်။ ဘာလို့လဲဆိုရင် ဟွန်ဒူးရပ်စ်မှာ မတည်ငြိမ်လေ မူးယစ်ဆေးဝါးတွေနဲ့ ဒုက္ခသည်တွေ၊ ခိုလှုံခွင့်တောင်းခံသူတွေနဲ့ ခိုးဝင်သူတွေဟာ တက္ကဆက်ပြည်နယ်မှာ သွားပြီး စုပုံလေလေပါပဲ”**

ဟွန်ဒူးရပ်စ်နိုင်ငံဟာ ပဋိပက္ခတွေနဲ့ အသားကျနေတဲ့ နိုင်ငံလိုပါပဲ။ ကသောင်းကနင်းဖြစ်ပွားမှုတွေဟာ သူ့အတွက်တော့ အစိမ်းသက်သက်ဖြစ်မနေပါဘူး။ လွန်ခဲ့တဲ့ ရှစ်နှစ်တုန်းကလည်း လက်ဝဲစွန်းရောက်သမ္မတဟာ အာဏာသိမ်းမှုကြောင့် ရာထူးကနေပြုတ်ကျခဲ့ပါတယ်။ ဟွန်ဒူးရပ်စ်နိုင်ငံမှာ သမ္မတဟာ ဒုတိယအကြိမ်ရွေးကောက်ပွဲမှာ ဝင်ရောက်ခွင့်မရှိပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တားဆီးထားပါတယ်။ ဒါကိုသမ္မတက ဖျက်သိမ်းဖို့ ကြိုးစားတဲ့အတွက် အာဏာသိမ်းမှုဖြစ်ပွားရတာပါလို့ သမ္မတရဲ့အတိုက်အခံတွေက ပြောပါတယ်။

သမ္မတကလည်းသူ့ကို ထောက်ခံသူတွေနဲ့အတူ ဒါကို ခုခံကာကွယ်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ဟွန်ဒူးရပ်စ် လူမှုအဖွဲ့အစည်းကို နှစ်ခြမ်းကွဲသွားစေပြီး ဒီကနေ့ထက်ထိတိုင်အောင် သွေးကွဲစေခဲ့ပါတယ်။ ဒါကတော့ လွန်ခဲ့တဲ့ ရှစ်နှစ်က ဖြစ်ရပ်တွေပဲဖြစ်တယ်။ ၂၀၀၉ ခုနှစ်ကစပြီး ယနေ့အချိန်အထိ ဟွန်ဒူးရပ်စ်နိုင်ငံမှာ တည်ငြိမ်အေးချမ်းရေးရစေဖို့က အမေရိကန်အတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာတယ်။ ဟွန်ဒူးရပ်စ်နိုင်ငံမှာ အမေရိကန်ရဲ့မူဝါဒတွေကို ထောက်ခံတဲ့ သမ္မတတစ်ဦးကို အမေရိကန်တို့က အလိုရှိတယ်။ ဟွန်ဒူးရပ်စ်ကနေတစ်ဆင့် တက္ကဆက်နယ်စပ်ကိုဖြတ်ပြီး တရားမဝင် စိမ့်ဝင်လာတဲ့ ခိုးဝင်သူတွေနဲ့ မူးယစ်ဆေးဝါးတွေကို ရပ်တန့်ဖို့ရာ ဒါတွေကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်နိုင်မယ့် သမ္မတတစ်ဦးကို အလိုရှိတယ်။ ဒီနေရာမှာ မေးစရာ မေးခွန်းကတော့ အမေရိကန်ဟာ ဒီအယောင်ဆောင်ရွေးကောက်ပွဲလို့ ပြောနေကြတဲ့ ရွေးကောက်ပွဲရဲ့ ရလဒ်တွေကို လက်ခံတော့မှာလားဆိုတာပါပဲ။

ကွန်ဆာဗေးတစ် တစ်ယောက်ဖြစ်တဲ့ သမ္မတဂျွန်အော်လန်ဒိုဟာနန်ဒတ်ဇ်ဟာ ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ရွေးကောက်ပွဲမှာ အနိုင်ရမယ်လို့ မျှော်လင့်ထားပါတယ်။ ၂၀၁၃ ခုနှစ်ရွေးကောက်ပွဲကစလို့ အစိုးရ အဖွဲ့အစည်းတွေကိုထိန်းချုပ်မှုတွေပိုမိုလုပ်ဆောင်ခဲ့တယ်။ သူ့ရဲ့လုပ်ရပ်နဲ့ ပတ်သက်ပြီး သမ္မတ အိုဘားမားလက်ထက်မှာရော၊ ထရန့်လက်ထက်မှာပါ ကန့်ကွက်တဲ့ ဘာသံမှမကြားရပါဘူး။ သူချုပ်ကိုင်ထားတဲ့ တရားရုံးချုပ်ဟာလည်း သမ္မတအဖြစ်ပြန်လည်ရွေးကောက်ခံဖို့အတွက် တားဆီးထားမှုတွေကို ဖယ်ရှားဖို့ နည်းလမ်းတွေတွေ့ရှိခဲ့တယ်။ ဒါဟာ ဟွန်ဒူးရပ်စ်နိုင်ငံရဲ့ ဒီမိုကရေစီကိုတင် ထိခိုက်တာမဟုတ်ပါဘူး။ လာမယ့်နှစ်အတွင်းမှာ ရွေးကောက်ပွဲလုပ်မယ့် ဘရာဇီး၊ မက္ကဆီကို၊ ဗင်နီဇွဲလားနဲ့ ကိုလံဘီယာတို့ကိုပါ ဒီအကျိုးသက်ရောက်မှုဟာပျံ့နှံ့သွားနိုင်ပါတယ်။

ဟွန်ဒူးရပ်စ်မှာ မဲပေးပြီး နှစ်ပတ်ကျော်ကြာတဲ့အထိ ရွေးကောက်ပွဲရလဒ်တွေဟာ သံသယဖြစ်ဖွယ်ပါပဲ။ သမ္မတမစ္စတာ ဟာနန်ဒတ်ဇ်ရဲ့ မဟာမိတ်တွေချုပ်ကိုင်ထားတဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့မဲရေတွက်မှုအရ လက်ရှိသမ္မတဟာ ပြိုင်ဘက်ဖြစ်သူ အတိုက်အခံခေါင်းဆောင် ဆယ်ဗာဒါနက်စရယ်လာထက် မဲပေါင်း ၅၂၅၀၀ အသာနဲ့ဦးဆောင်နေတယ်လို့ ကြေညာခဲ့ပါတယ်။ ဒီလိုမျိုးအပြစ်အနာအဆာတွေနဲ့ ရွေးကောက်ပွဲပြီးတဲ့နောက်မှာတော့ အမေရိကန်က ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့က မဲရေတွက်မှု တွေကို ပြန်လည်စစ်ဆေးဖို့ အကြံပြုခဲ့ပြီး တကယ်လို့များ ပုံမှန်မဟုတ်တာတွေဟာဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ပျံ့နှံ့လာမယ်ဆိုရင် ရွေးကောက်ပွဲအသစ်ထပ်လုပ်ရဖို့ရှိတယ်လို့ သတိပေးခဲ့ပါတယ်။


မဲပေးမှုအပြီး နှစ်ရက်အကြာမှာတော့ ဟွန်ဒူးရပ်စ်ဟာ လူ့အခွင့်အရေးနဲ့ ပွင့်လင်းမြင်သာမှုတို့အတွက် ကြိုးပမ်းနေပြီး အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်နေတယ်ဆိုတာကို သက်သေပြဖို့ လိုအပ်လာပါတယ်။ ဒီသက်သေပြချက်ကသာ လျှင် ဟွန်ဒူးရပ်စ် ဗဟိုအစိုးရအတွက် လျာထားတဲ့ အမေရိကန်ကပေးဖို့ လျာထားတဲ့ ကူညီထောက်ပံ့ရေး ၅၀ ရာခိုင်နှုန်းကို ဟွန်ဒူးရပ်စ် ဗဟိုအစိုးရက ရရှိမှာဖြစ်တယ်။ ဟွန်ဒူးရပ်စ် သမ္မတဟာနန်ဒတ်ဇ်ရဲ့ အမျိုးသားပါတီဟာ အမေရိကန်သမ္မတရဲ့ ယုံကြည်မှုရရှိဖို့ လျင်လျင်မြန်မြန်ပဲ ကြိုးပမ်းနေပါတယ်။ သူဟာအကျင့်ပျက်ခြစားမှုကို ခဲခဲယဉ်းယဉ်း တိုက်ဖျက်နေတယ်ဆိုတာကို ပြင်ပနိုင်ငံတွေက အသိအမှတ်ပြုတယ်ဆိုတာကို အမေရိကန်က လက်ခံလာအောင် ဆောင်ရွက်နေတယ်။ အမေရိကန်က ပေးမယ့် ဒေါ်လာ ၁၇ သန်းတန် အကူအညီတွေဟာ ဟွန်ဒူးရပ်စ် လုံခြုံရေးတပ်ဖွဲ့ကို ပေးအပ်မှာပဲဖြစ်တယ်။ ဟွန်ဒူးရပ်စ်တပ်ဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူဆိုးဂိုဏ်းတွေကို တိုက်ဖျက်ဖို့ အကျင့်ပျက်ခြစားတဲ့ အရာရှိတွေကို ဖမ်းဆီးမယ့် ရဲတပ်ဖွဲ့ဝင်တွေအတွက် ရန်ပုံငွေ ထောက်ပံ့ဖို့အတွက်နဲ့ တပ်ဖွဲ့ဝင်အသစ်တွေကို လေ့ကျင့်ပေးရာမှာ အသုံးပြုဖို့အတွက် အမေရိကန်က ကူညီတာပဲ ဖြစ်တယ်။


ဟိုအရင် အမေရိကန်သမ္မတတွေမှာ ရီပတ်ဘလစ်ကန်ပဲဖြစ်ဖြစ်၊ ဒီမိုကရက်တစ်ပဲဖြစ်ဖြစ် ကွန်မြူနစ်ဝါဒကို တိုက်ဖျက်ဖို့၊ အကြမ်းဖက်မှုနဲ့ မူးယစ်ဆေးဝါးနှိမ်နင်းဖို့နဲ့ လူကုန်ကူးမှုတွေ၊ ခိုးဝင်လာသူတွေကို ရပ်တန့်ဖို့ကသာ သူတို့အတွက် ပန်းတိုင်တစ်ခုဖြစ်ခဲ့ပါတယ်။ ဟွန်ဒူးရပ်စ်ရွေးကောက်ပွဲ အငြင်းပွားမှုဟာ ရွေးကောက်ပွဲကော်မရှင်ရဲ့ မရိုးသားမှုကြောင့်လည်းပါတယ်။ အစပိုင်းမှာမစ္စတာ နက်စရယ်လာက မဲအသာနဲ့ဦးဆောင်နေတယ်လို့ ကြေညာခဲ့ပြီး မဲရေတွက်မှုကို တစ်ရက်နဲ့တစ်ပိုင်းရပ်နားထားတဲ့ အခါမှာတော့ မဲရလဒ်ဟာ လုံးဝပြောင်းပြန်ဖြစ်သွားပါတယ်။ အစပိုင်းမှာ မစ္စတာနက်စရယ်လာကို ထောက်ခံတဲ့သူတွေဟာ အေးအေးဆေးဆေးလမ်းပေါ်မှာ ဆန္ဒပြကြပေမယ့် အချို့နေရာတွေမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဆန္ဒပြသူတွေကို ပစ်ခတ်ခဲ့တဲ့အတွက် အကြမ်းဖက်မှုတွေဖြစ်ပေါ်ခဲ့ပြီး အစိုးရက ညမထွက်ရအမိန့် ကြေညာခဲ့ပါတယ်။ ရဲအရာရှိအပါအဝင် လူ ၁၄ ဦးသေဆုံးခဲ့ရပါတယ်လို့ ဟွန်ဒူးရပ်စ်ရှေ့နေအုပ်စုကပြောပါတယ်။ ၂၀၀၉ ခုနှစ်တုန်းကလည်း နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေပူးပေါင်းထားတဲ့ မဟာမိတ်အဖွဲ့ဟာ ဟွန်ဒူးရပ်စ်တပ်ဖွဲ့နဲ့ အတူပေါင်းပြီး သမ္မတမန်နယ်ဇီလေရာကို သမ္မတအဖြစ်ကနေ ဖြုတ်ချဖို့ ကြိုးစားခဲ့ပါတယ်။

အဲဒီအခါမှာ အိုဘားမားအစိုးရက ဟွန်ဒူးရပ်စ်မှာ ရွေးကောက်ပွဲအသစ်လျင်လျင်မြန်မြန်ကျင်းပဖို့ ဖိအားပေးခဲ့ပါတယ်။ ဘာကြောင့် ဒီလိုလုပ်ခဲ့ရတာပါလဲ၊ ဟွန်ဒူးရပ်စ်မှာ သမ္မတနေရာ မတည်ငြိမ်ရင် သမ္မတက အခြေအနေတွေကို မထိန်းချုပ်နိုင်တော့ရင် လူဆိုးဂိုဏ်းတွေနဲ့ မူးယစ်ဆေးဝါးမှောင်ခိုမှုတွေကို ထိန်းချုပ်ဖို့ဆိုတာလည်းမလွယ်တော့ပါဘူး။ ဟွန်ဒူးရပ်စ်ဟာ ကမ္ဘာပေါ်မှာ လူသတ်မှုဖြစ်ပွားမှုနှုန်းမြင့်တဲ့နိုင်ငံလည်း ဖြစ်တယ်။ ဟွန်ဒူးရပ်စ်နိုင်ငံမှာ ၂၀၀၉ ခုနှစ် အာဏာသိမ်းမှု နောက်ပိုင်းမှာ အမေရိကန်သမ္မတ အိုဘားမားအစိုးရအဖွဲ့ဟာ ဟွန်ဒူးရပ်စ်မှာဖြစ်ပွားနေတဲ့ မူးယစ်စစ်ပွဲတွေကို ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်တွေနဲ့အတူ နှိမ်နင်းခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ မူးယစ်ဂိုဏ်းတွေဟာ အဆင့်မြင့် ရဲအရာရှိတွေနဲ့ နိုင်ငံရေးသမားတွေရဲ့ အကျင့်စာရိတ္တကို ဖျက်ဆီးပစ်လိုက်ကြတယ်။ မစ္စတာဟာနန်ဒတ်ဇ်သမ္မတဖြစ်လာတော့ သူဟာ အာဏာရှင်ဆန်ပေမယ့် အမေရိကန်က ဒါကို မသိကျိုးကျွန်ပြုနေခဲ့ပါတယ်။ အကြောင်းကတော့ ဒီအခြေအနေတွေ အားလုံးကို သမ္မတဟာနန်ဒတ်ဇ်က တည်ငြိမ်အောင်ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်လို့ပါ ပဲ။ ဒါပေမယ့်လည်း အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်မှာ ဟွန်ဒူးရပ်စ် မိသားစုတွေဟာ ဒုက္ခသည် အဖြစ်ခိုလှုံခွင့် တောင်းခံလာတဲ့အခါမှာတော့ အမေရိကန်ဟာ ဟွန်ဒူးရပ်စ်အပေါ်မှာ ကူညီထောက်ပံ့မှုတွေကို ရပ်ဆိုင်းတော့မှာလို့ အဆိုပြုခဲ့ပါတယ်။


ဟွန်ဒူးရပ်စ်နိုင်ငံမှာ နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုတွေ ဆက်လက်ဖြစ်ပွားမှာကို အမေရိကန်က စိုးရိမ်ပါတယ်။ဘာလို့လဲဆိုရင် ဟွန်ဒူးရပ်စ်မှာ မတည်ငြိမ်လေ မူးယစ်ဆေးဝါးတွေနဲ့ ဒုက္ခသည်တွေ၊ ခိုလှုံခွင့်တောင်းခံသူတွေနဲ့ ခိုးဝင်သူတွေဟာတက္ကဆက်ပြည်နယ်မှာသွားပြီး စုပုံလေလေပါပဲ။ မူးယစ်ဂိုဏ်းတွေရဲ့ရန်ကလည်းမသေးပါဘူး။ ဒီတော့လက်ရှိသမ္မတဟာ အာဏာရှင်ဆန်ပေမယ့် ဒီအခြေအနေတွေ အားလုံးကို ငြိမ်သက်အောင် ထိန်းချုပ်နိုင်မယ်လို့ ယူဆရတော့ အမေရိကန်အနေနဲ့စဉ်းစားရကျပ်နေပါတယ်။ ဟွန်ဒူးရပ်စ်ရဲ့ ရွေးကောက်ပွဲဟာ မသမာမှုတွေရှိနေနိုင်တယ်ဆိုပေမယ့် လက်ရှိသမ္မတဟာ အခြေအနေတွေ အားလုံးကို တည်ငြိမ်အောင် ထိန်းထားနိုင်မယ်ဆိုရင် အမေရိကန်အနေနဲ့ ဘယ်ဘက်ကနေ ရပ်တည်မှာလဲ။ လက်ရှိသမ္မတဘက်ကလား။ ရွေးကောက်ပွဲ ရလဒ်ဟာ မတရားဘူးလို့အော်နေတဲ့ အတိုက်ခံဘက်ကလား။ အမေရိကန်အတွက်ကတော့ စဉ်းစားရကျပ်တဲ့ အခြေအနေတစ်ရပ်ပါပဲ။ ။


**ကိုးကား-နယူးယောက်တိုင်းမ်**














# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(၄) အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင်အစုရှယ်ယာအရေအတွက်အများဆုံး ပိုင်ဆိုင်ထားသည့် ပါဝင်သူဦးရေ ၅၀ ၏စာရင်း သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူဦးရေ ၅၀ အောက်နည်းလျှင် ထိုသို့ပါဝင်သူများ၏ စာရင်းနှင့် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်၊

(၅) အခြားကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများစာရင်းနှင့် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ပိုင်ဆိုင်သည့်အစုရှယ်ယာအရေအတွက်အပြင် နောက်ဆုံးနှစ်စဉ်အစီရင်ခံစာတင်ပြသည့်နေ့ရက်မှ စတင်၍ ကုမ္ပဏီတွင် ပါဝင်သူများအဖြစ်မှ ရပ်စဲခဲ့သူများစာရင်း၊

(၆) ကုမ္ပဏီ၏နောက်ဆုံးပြုလုပ်ခဲ့သော နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပဆောင်ရွက်ခဲ့လျှင် ကျင်းပသည့်နေ့ရက်၊

(၇) ကုမ္ပဏီ၏ငွေစာရင်းများအား လုပ်ခဲ့သည့်နေ့ရက်နှင့် နှစ်စဉ်အစီရင်ခံစာအားဖော်ပြသည့်နေ့ရက်တို့တွင် ကုမ္ပဏီ၏ အဓိကလုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများဆိုင်ရာ သီးခြားဖော်ပြချက်များ၊

(၈) ငွေသားဖြင့်ထုတ်ဝေသည့် အစုရှယ်ယာများနှင့် ငွေသားမှတစ်ပါး အခြားနည်းဖြင့် အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ပေးချေထားသည့် အစုရှယ်ယာများအား ပိုင်းခြားဖော်ပြထားသည့်အကျဉ်းချုပ်၊

(၉) ကုမ္ပဏီ၏အစုရှယ်ယာ မတည်ငွေရင်းပမာဏနှင့် ပိုင်းခြားသတ်မှတ်ထားသည့် အစုရှယ်ယာအရေအတွက်၊

(၁၀) အစုရှယ်ယာတစ်ခုစီအတွက် သတ်မှတ်တောင်းဆိုထားသည့် ပေးချေရန်ငွေပမာဏ၊

(၁၁) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့၏နောက်ပိုင်းတွင် လက်လွှတ်ဆုံးရှုံးသော သို့မဟုတ် ပယ်ဖျက်သောအစုရှယ်ယာအရေအတွက်စုစုပေါင်း၊

(၁၂) နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့၏ နောက်ပိုင်းတွင် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီဖြစ်လာသည့်အကြောင်း သို့မဟုတ် နိုင်ငံခြားကုမ္ပဏီအဖြစ်မှ ရပ်စဲသည့်အကြောင်းနှင့် ပြောင်းလဲသွားသောနေ့ရက်၊

(၁၃) ကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီ၊ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီနှင့်မူရင်းအစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊

(၁၄) နှစ်စဉ်အစီရင်ခံစာပြုလုပ်သည့်နေ့တွင် ကုမ္ပဏီ၏ဒါရိုက်တာ ဖြစ်ကြသူများနှင့် ကုမ္ပဏီ၏အတွင်းရေးမှူးများရှိခဲ့လျှင် ၎င်းတို့၏အမည်များ၊ နေရပ်လိပ်စာများ၊ ကျား/မ၊ မည်သည့်နိုင်ငံသား ဖြစ်သည်ဟူသောအကြောင်းနှင့် နောက်ဆုံးနှစ်စဉ် အစီရင်ခံစာပြုစုပြီးနောက်ပိုင်း ၎င်းတို့ကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ ထိုသို့ပြောင်းလဲပြင်ဆင်ခဲ့သည့်နေ့ရက်၊

(၁၅) ဤဥပဒေအရ မှတ်ပုံတင်အရာရှိထံတင်ပြ၍ မှတ်ပုံတင်ထားရန် လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ထားပြီးကြောင်း အတည်ပြုချက်နှင့်

(၁၆) အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

( ဂ ) မှတ်ပုံတင်အရာရှိထံသို့ ဖော်ပြပါအချက်အလက်များအား တင်ပြရမည့်အပြင် အထက်ပါအချက်အလက်များနှင့် အကျဉ်းချုပ်ဖော်ပြချက်များကို ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ သီးခြားအပိုင်းတွင် ထည့်သွင်းဖော်ပြရမည်။ မှတ်ပုံတင်စာရင်းနှင့်အတူ ထိန်းသိမ်းထားရှိသည့် နှစ်စဉ်အစီရင်ခံစာနှင့် မိတ္တူများကို ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦး သို့မဟုတ် အတွင်းရေးမှူးတစ်ဦးက လက်မှတ်ရေးထိုးထားရမည့်အပြင် စာရင်းနှင့် အကျဉ်းချုပ်များတွင်ပါသည့် အချက်အလက်များကို ဖော်ပြပါနေ့အထိ မှန်ကန်ကြောင်း ဖော်ပြရမည်။

(ဃ) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသည် ယင်း၏ဒါရိုက်တာတစ်ဦးကဖြစ်စေ၊ အတွင်းရေးမှူးကဖြစ်စေ၊ အခြားအရာရှိကဖြစ်စေ လက်မှတ်ရေးထိုးထားသည့် သက်သေခံ လက်မှတ်တစ်ခုကို ပုဒ်မခွဲ (က) အရ လိုအပ်သော နှစ်စဉ်အစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။ ထိုသက်သေခံလက်မှတ်၌ နောက်ဆုံးအကြိမ် နှစ်စဉ်အစီရင်ခံစာ ပြုလုပ်သည့်နေ့ နောက်ပိုင်း သို့မဟုတ် ပထမအကြိမ်ပြုလုပ်သည့် နှစ်စဉ်အစီရင်ခံစာဖြစ်ပါက ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ခဲ့သည့်နေ့ရက် နောက်ပိုင်းတွင် ကုမ္ပဏီသည်အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်စေရန် အများပြည်သူများအား တစ်စုံတစ်ရာ ကမ်းလှမ်းထားခြင်းမရှိကြောင်း ဖော်ပြပါရှိစေရမည်။

**မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း မပြုရမည့် ယုံကြည်အပ်နှံမှုများ**

၉၈။(က) အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သို့မဟုတ် အကျိုးဖြစ်ထွန်းမှုရှိစေမည်ဖြစ်သော မည်သည့်ယုံကြည်အပ်နှံမှုကိုမျှ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်းသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိက လက်ခံခြင်းသော်လည်းကောင်း မပြုလုပ်ရ။

( ခ ) ပုဒ်မခွဲ(က) ၌ မည်သို့ပင် ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် သေဆုံးသူတစ်ဦး၏ တရားဝင်ကိုယ်စားလှယ်သည် အဆိုပါသေဆုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိုယ်စားလှယ်အနေဖြင့် ဖော်ပြပါအစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိသည်။

( ဂ ) ပုဒ်မခွဲ(က) ၌ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ရှိသူအဖြစ် မှတ်ပုံတင်ထားသည့် ဒေဝါလီခံရသူတစ်ဦး၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူသည် အဆိုပါ ဒေဝါလီခံရသူ၏ ပစ္စည်းများအတွက် ယုံကြည်အပ်နှံခြင်းခံရသူ၊ အတည်ပြုဆောင်ရွက်ရသူ၊ စီမံဆောင်ရွက်ရသူ သို့မဟုတ် လွှဲအပ်ခံရသူအနေဖြင့် ဖော်ပြပါအစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်အား လက်ဝယ်ရှိသူအဖြစ် ကုမ္ပဏီ၏ သဘောတူညီချက်နှင့်အညီ မှတ်ပုံတင်ခွင့်ရရှိသည်။

**မှတ်ပုံတင်စာရင်းများအား စစ်ဆေးခြင်း**

၉၉။ (က) ဤဥပဒေအရ ထိန်းသိမ်းထားရှိသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများအားလုံးကို နေ့စဉ်အလုပ်ချိန်အတွင်း ကုမ္ပဏီမှအထွေထွေအစည်းအဝေးတွင် ချမှတ်နိုင်သော စစ်ဆေးရန်ခွင့်ပြုမည့် နေ့ရက် တစ်ရက်စီတွင်သာမန်အလုပ်ချိန်အတွင်း အချိန်နှစ်နာရီအောက်မနည်းစေမည့်သင့်လျော်သော စည်းကမ်းကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက စစ်ဆေးနိုင်ရန်အတွက် အခမဲ့ခွင့်ပြုပေးရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးမှ စစ်ဆေးမှုတစ်ရပ်စီအတွက် ဒါရိုက်တာများမှ သတ်မှတ်ထားသော သင့်လျော်သည့်ငွေပမာဏကို ပေးဆောင်သည့် စစ်ဆေးခြင်းကိုလည်းခွင့်ပြုရမည်။ အဆိုပါကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသည် ဖော်ပြပါစာရင်းများမှ ကောက်နုတ်ချက်များကို ပြုလုပ်ရယူနိုင်သည်။

( ခ ) ဤဥပဒေအရ ပြုစုထားရှိရန်လိုအပ်သော မှတ်ပုံတင်စာရင်း၊ အညွှန်းစာရင်း၊ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသ၊ စာရင်းများနှင့် အကျဉ်းချုပ်များ သို့မဟုတ် ၎င်းတို့၏ တစ်စိတ်တစ်ဒေသတို့၏ မိတ္တူတစ်စောင်ကို ဒါရိုက်တာများက သတ်မှတ်ထားသော သင့်လျော်သည့်ငွေပမာဏကို ပေးဆောင်စေခြင်းဖြင့် ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဦးကသော်လည်းကောင်း၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခဲ့လျှင် အခြားပုဂ္ဂိုလ်တစ်ဦးဦးကသော်လည်းကောင်း ရယူနိုင်သည်။ ကုမ္ပဏီသည် ပါဝင်သူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးမှ ထိုသို့တောင်းခံလာသော မိတ္တူတစ်စုံတစ်ရာအား ထိုသူမှသတ်မှတ်ထားသော ငွေပမာဏကို ပေးသွင်းပြီး ကုမ္ပဏီက လိုအပ်သောအချက်အလက်များကို လက်ခံရရှိပြီးသည့် နောက်တစ်ရက်မှစတင်၍ ၁၀ ရက်တာကာလအတွင်း ထိုသို့ တောင်းခံသူထံသို့ ပေးပို့ရမည်။

၁၀၀။ ပုဒ်မ ၉၉၊ ပုဒ်မခွဲ (က) အရ လိုအပ်သောစစ်ဆေးမှု တစ်ရပ်ရပ်ကို ငြင်းပယ်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၉၉၊ ပုဒ်မခွဲ (ခ) အရ လိုအပ်သော မိတ္တူတစ်စုံတစ်ရာကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးပို့ခြင်းမရှိခဲ့လျှင် ထိုသို့ပျက်ကွက်ခဲ့သည့်ကုမ္ပဏီနှင့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးစီသည် ပြစ်မှုတစ်ရပ်စီအတွက် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အမိန့်တစ်ရပ်ထုတ်ပြန်၍ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကိုချက်ချင်းစစ်ဆေးဆောင်ရွက်စေနိုင်သည် သို့မဟုတ် လိုအပ်သောမိတ္တူများကို ယင်းတို့အားရယူလိုသည့် ပုဂ္ဂိုလ်များထံသို့ ပေးပို့စေရန် ညွှန်ကြားနိုင်သည်။

**မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၁၀၁။ (က) အကယ်၍ -

(၁) ဤဥပဒေအရ ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်ဖြစ်သော မှတ်ပုံတင်စာရင်းတစ်ခု၌ ပုဂ္ဂိုလ်တစ်ဦးဦး၏အမည်ကို မှားယွင်း၍ ဖော်ပြခဲ့လျှင် သို့မဟုတ် ပယ်ဖျက်ခဲ့လျှင် သို့မဟုတ်

(၂) ပုဂ္ဂိုလ်တစ်ဦးဦးအားကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့် အချက်အလက်ကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရန်ပျက်ကွက်ခဲ့လျှင် သို့မဟုတ် မလိုလားအပ်သောနှောင့်နှေးမှုကို ပြုလုပ်ခဲ့လျှင်၊ နစ်နာသည့်ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင် ပါရှိသောမှားယွင်းမှုကို ပြင်ဆင်ပေးနိုင်ရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။

( ခ ) တရားရုံးသည် လျှောက်ထားမှုအားငြင်းပယ်နိုင်သည် သို့မဟုတ် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန်နှင့် နစ်နာသူပုဂ္ဂိုလ်ကြုံတွေ့ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများအတွက် ကုမ္ပဏီမှပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည့်အပြင် တရားရုံးကသင့်သည်ထင်မြင်သည့် ကုန်ကျစရိတ်များကိုလည်း ပေးချေစေရန် အမိန့်ချမှတ်နိုင်သည်။

( ဂ ) တရားရုံးအနေဖြင့် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားမှုတစ်ရပ်ရပ်အရတင်ပြလာသည့်ကိစ္စရပ်သည် လျှောက်ထားမှုတွင် သက်ဆိုင်သူအဖြစ်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးက ၎င်း၏အမည်အား မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ချန်လှပ်ထားခြင်းနှင့်စပ်လျဉ်း၍ ရထိုက်ခွင့်ရှိသောအကြောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆုံးဖြတ်နိုင်သည်။ တရားရုံးသည် အများအားဖြင့် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကို ပြင်ဆင်ပေးနိုင်ရန်အတွက် လိုအပ်သောကိစ္စရပ်များ သို့မဟုတ် ဆုံးဖြတ်ပေးရမည်ဖြစ်သော လိုအပ်သော ဆောင်ရွက်မှုများကို ဆုံးဖြတ်နိုင်သည်။ သို့ရာတွင်တရားရုံးသည် ဥပဒေရေးရာပြဿနာတစ်ရပ်ရပ် ပါရှိနိုင်သည့် ကိစ္စရပ်တစ်ခုခုကို ဖြေရှင်းစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါကိစ္စရပ်အပေါ် ချမှတ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်အားအယူခံတင်ပြခြင်းကို တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၀ တွင် ဖော်ပြထားသည့် အကြောင်းအချက်များအပေါ်အခြေပြုလျက် ယင်းဥပဒေတွင်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**မှတ်ပုံတင်စာရင်းရှိမှားယွင်းမှုများကို ပြင်ဆင်ခြင်းအား မှတ်ပုံတင်အရာရှိထံ တင်ပြအကြောင်းကြားရခြင်း**

၁၀၂။ တရားရုံးသည် မှတ်ပုံတင်စာရင်းရှိ မှားယွင်းမှုများကိုပြင်ဆင်ရန် အမိန့်တစ်ရပ်ချမှတ်ခဲ့ပါက မှားယွင်းမှုများအား ပြင်ဆင်ခြင်းကို အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ ၁၄ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြအကြောင်းကြားရမည်ဟု ယင်းအမိန့်တွင် ထည့်သွင်းဖော်ပြ၍ ညွှန်ကြားရမည်။

**အထောက်အထားဖြစ်စေရမည့် ကုမ္ပဏီတွင်ပါဝင်သူများနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်း**

၁၀၃။(က) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိဘဲ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းသည် မှတ်ပုံတင်စာရင်းရေးသွင်းထားသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစုရှယ်ယာများရပိုင်ခွင့်အပါအဝင် ယင်းမှတ်ပုံတင်စာရင်းတွင် ဤဥပဒေအရ ညွှန်ကြားထားသည့် သို့မဟုတ် ခွင့်ပြုထားသည့်အတိုင်း ထည့်သွင်းဖော်ပြရမည်ဖြစ်သော ကိစ္စရပ်တစ်ခုခုအတွက် မှန်ကန်ကြောင်း ထင်ရှားသော အထောက်အထားဖြစ်စေရမည်။

( ခ ) ကုမ္ပဏီတစ်ခုသည် ယင်း၏မှတ်ပုံတင်စာရင်းတွင် ရေးသွင်းထားသည့် အစုရှယ်ယာပိုင်ဆိုင်သူတစ်ဦးအား အောက်ပါတို့ကို လက်ခံဆောင်ရွက်နိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်သာလျှင် သတ်မှတ်ရမည် -

(၁) အစုရှယ်ယာနှင့်ဆက်စပ်သော ဆန္ဒမဲပေးပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(၂) အကြောင်းကြားချက်များကို လက်ခံရယူခြင်း၊

(၃) အစုရှယ်ယာနှင့်သက်ဆိုင်သည့် အမြတ်ဝေစုခွဲဝေမှုများကို လက်ခံရယူခြင်းနှင့်

(၄) အစုရှယ်ယာနှင့်ဆက်စပ်သော ရပိုင်ခွင့်များနှင့် အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်ခြင်း။

**မှတ်ပုံတင်စာရင်းများနှင့်စပ်လျဉ်း၍ ပျက်ကွက်မှုများ**

၁၀၄။ ကုမ္ပဏီဒါရိုက်တာများနှင့် အခြားအရာရှိအားလုံး၏တာဝန်မှာ မှတ်ပုံတင်စာရင်းများနှင့် အညွှန်းစာရင်းများကို ထိန်းသိမ်းထားရှိရန်နှင့် လိုအပ်သည့်အခါ ရရှိနိုင်စေရန်၊ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောအရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်နှင့် ကုမ္ပဏီ၏အခြားတာဝန်များကို ဆောင်ရွက်ရာတွင် ဤအခန်းပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် လိုအပ်မည့် ဆောင်ရွက်မှုများကို ပြုလုပ်ရမည်။

၁၀၅။ ပုဒ်မ ၁၀၄ ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်ဖြစ်စေ၊ တမင်ဖြစ်စေပါဝင်သည့် ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အခြားအရာရှိများတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်ငါးသိန်းကို ပေးဆောင်ရမည်။

## အခန်း(၁၄)
## အမြတ်ဝေစုများ

**အမြတ်ဝေစုများသတ်မှတ်ခြင်း**

၁၀၆။(က) ပုဒ်မ ၁၀၇ နှင့် ၁၀၉ တို့အရ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီမှတစ်ပါး ကုမ္ပဏီ၏ဒါရိုက်တာ အဖွဲ့သည် ၎င်း၏အစုရှယ်ယာရှင်များသို့ အမြတ်ဝေစုခွဲဝေပေးမည်ဟု သတ်မှတ်၍ အမြတ်ဝေစုပမာဏ၊ ပေးချေရမည့်အချိန်နှင့် ပေးချေရမည့်နည်းလမ်းများကို သတ်မှတ်ရမည်။

( ခ ) အမြတ်ဝေစုပေးချေရမည့်နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေခြင်းဖြင့်ဖြစ်စေ၊ အော့ပ်ရှင် (option) ပြုခြင်းဖြင့်ဖြစ်စေ၊ ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းများ ပါဝင်နိုင်သည်။

( ဂ ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အမြတ်ဝေစုအား သတ်မှတ်ခြင်းကိုကုမ္ပဏီမှပေးချေရမည့် ကြွေးမြီအဖြစ် မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစုပေးချေခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ကြွေးမြီတင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့်အချိန်မှသာ ကျရောက်သည်။

**အမြတ်ဝေစုများအတွက် လိုအပ်သည့်အချက်များ**

၁၀၇။ (က) အောက်ပါအချက်များနှင့် မကိုက်ညီလျှင် ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးခြင်းကို ဆောင်ရွက်နိုင်ခြင်းမရှိစေရ -

(၁) ကုမ္ပဏီသည် အမြတ်ဝေစုခွဲဝေပေးပြီးနောက် ချက်ချင်းကြွေးမြီစစ်ဆေးချက်ကို ကျေနပ်လက်ခံခြင်း၊

(၂) အမြတ်ဝေစုခွဲဝေခြင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံးအတွက် မျှတလျော်ကန်မှုရှိခြင်းနှင့်

(၃) အမြတ်ဝေစုပေးချေခြင်းသည် ကုမ္ပဏီက ယင်း၏မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှုမရှိခြင်း။

( ခ ) အမြတ်ဝေစုအား ခွဲဝေဆုံးဖြတ်ပြီးနောက် ယင်းအတွက် ငွေပေးချေခြင်းမပြုသေးမီကာလအတွင်း ဒါရိုက်တာအဖွဲ့သည် ပုဒ်မခွဲ (က) ပါလိုအပ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိလျှင် အမြတ်ဝေစုအားပေးချေခြင်းမပြုဘဲ ထားရှိနိုင်သည်။ ကုမ္ပဏီက အဆိုပါအမြတ်ဝေစုအား ပေးချေခဲ့ပြီးဖြစ်ပါကလည်း ထိုသို့ပေးချေခြင်းသည် တရားဝင်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

**ပုဒ်မ ၁၀၇ ပါပြဋ္ဌာန်းချက်များအားလိုက်နာရန် ပျက်ကွက်ခြင်း**

၁၀၈။(က) ကုမ္ပဏီသည် ပုဒ်မ ၁၀၇ ပါသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက ဒဏ်ကြေးငွေကျပ်ငါးသိန်းကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာနှင့် အခြားအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

( ခ ) ပုဒ်မခွဲ (က) အပြင်ကုမ္ပဏီသည်အမြတ်ဝေစုပေးချေပြီးနောက် ယင်းနှင့် စပ်လျဉ်း၍ လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၀၇ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ အမြတ်ဝေစုပေးချေခြင်းကို သိလျက်ဖြင့်တမင်ခွင့်ပြုခဲ့သောကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဦးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သောရရန်ပိုင်ခွင့်များထက်ကျော်လွန်သည့်မြီရှင်များသို့ ပေးရမည့်ကြွေးမြီများရှိခဲ့လျှင် အမြတ်ဝေစု ပမာဏနှင့်အညီ ကုမ္ပဏီ၏မြီရှင်များအပေါ် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်ကသော်လည်းကောင်း၊ မြီရှင်ကိုယ်စားတရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။ 

*(ဆက်လက်ဖော်ပြပါမည်)*

ကျန်း မာ ရေး ဆောင်း ပါး

# လေဖြတ်ခြင်းနှင့် ပြန်လည် လေ့ကျင့်ကုသပေးရေး

**တင်မောင်အေး (ကန့်ဘလူ)**

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း လူပေါင်း ၁၇ သန်း လေဖြတ်ခြင်း ဖြစ်နေကြရပြီး ယင်းတို့အထဲမှ သုံးပုံ တစ်ပုံကျော် အရေအတွက်ရှိသော လေဖြတ်လူနာ ခြောက်သန်းခွဲသည် နှစ်စဉ် အသက်ဆုံးရှုံးခြင်း ဖြစ်ကြရလေသည်။ လူသေဆုံးမှုနှင့် မသန်စွမ်းဖြစ်ရမှုတို့တွင် လေဖြတ်ရောဂါက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ထိပ်ဆုံးမှာ ရှိနေပါသည်။ လေဖြတ်ခြင်းကြောင့် မသန်စွမ်းမှုဖြစ်နိုင်ခြေမှာ ၇၅ ရာခိုင်နှုန်းရှိပြီး ယင်းကဲ့သို့ မသန်စွမ်းမှုဖြစ်လျက် ကျန်ရှိစေခဲ့တတ်သော ရောဂါအမျိုးအစား အားလုံးထဲတွင် လေဖြတ်ရောဂါက ဒုတိယအဖြစ်အများဆုံး ဖြစ်နေပါသည်။ နောက်တစ်ချက် အထူးသတိပြုသင့်သည်မှာ တစ်ကြိမ်လေဖြတ်၊ လေဖြန်းခြင်းဖြစ်ပြီးပါက နောက်တစ်ကြိမ် ထပ်ပြီး လေဖြတ်မည့် အခြေအနေ ၃၀ ရာခိုင်နှုန်း ရှိတတ်ခြင်းပင် ဖြစ်သည်။

ယနေ့ အချိန်တွင် လူခြောက်ဦးလျှင် တစ်ဦးကျ လေဖြတ်နိုင်ခြေရှိနေပေရာ လေဖြတ်ရောဂါနှင့် ပတ်သက်ပြီး ပြည်သူလူထုအား ယခုထက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ကျန်းမာရေးအသိပညာပေးကြရန် အထူးလိုအပ်နေပါသည်။ အကြောင်းမှာ လူတစ်ဦးလေဖြတ်ခြင်းဖြစ်ပါက ကာယကံရှင် လူနာတစ်ဦးတည်းသာ ထိခိုက်ခံစားရသည် မဟုတ်မူဘဲ သူနှင့်ဆက်နွယ်ပတ်သက်နေသော မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ လုပ်ငန်းခွင် အသိုင်းအဝိုင်းနှင့် လူမှုအဖွဲ့အစည်းတို့သည်လည်း တစ်ချိန်တည်းပါဝင် ထိခိုက်မှုဖြစ်ကြရသောကြောင့် ဖြစ်လေသည်။

လေဖြတ်ခြင်းသည် ယေဘုယျအားဖြင့် အသက် ၅၅ နှစ်နှင့်အထက် အသက်ကြီးသူများတွင် အဖြစ်များလေ့ရှိသော်ငြားလည်း တကယ်က အသက်ကြီးငယ်မရွေး ဖြစ်နိုင်ပါသည်။ အမျိုးသားများက အမျိုးသမီးများထက်ပိုပြီး အဖြစ်များသည်။

"ယခုအခါ အသက် ၂၅ နှစ်၊ ၃၀ နှစ် အရွယ်မှာပင် လေဖြတ်သဖြင့် ဆေးရုံ၊ ဆေးခန်းများသို့ ရောက်လာနေကြရာ လေဖြတ်ရောဂါအား အဓိကအလေးပေးကိုင်တွယ်ရန် လိုအပ်သည်"ဟု ပြီးခဲ့သော ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထည့်သွင်း ပြောကြားခဲ့ကြောင်း မှတ်သားလိုက်မိသည်။

လေဖြတ်ခြင်းဆိုသည်မှာ ဦးနှောက်သို့ သွေးပို့ပေးနေသော သွေးကြောတစ်ခုခုတွင် သွေးခဲဖတ် (blood clot) ပိတ်ဆို့ခြင်းကြောင့် သော်လည်းကောင်း၊ ဦးနှောက်သွေးကြောပေါက်ထွက်သွားခြင်းကြောင့် သော်လည်းကောင်း ဖြစ်ရလေသည်။ ထို့သို့ဖြစ်သောအခါ ဦးနှောက်၏ ထိခိုက်မိသော အစိတ်အပိုင်း၌ ပုံမှန်သွေး ထောက်ပံ့ပေးမှုများ ရုတ်တရက်ပြတ်သွားကာ လေဖြတ်ခြင်းကို ခံစားရတော့သည်။

လေဖြတ်ခြင်းသည် အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်သည်။ သို့ဖြစ်ရာ လေဖြတ်ခြင်းကို စောစီးစွာသိရှိပြီး ကုသမှုလက်ခံရန် အလွန်အရေးကြီးပါသည်။ ထိုသို့ပြုလုပ်နိုင်စေရန် လေဖြတ်ခြင်းတွင် တွေ့ရတတ်သော အောက်ဖော်ပြပါ ရှေ့ပြေးလက္ခဏာများအား အချိန်မီသတိပြုမိ ကြရပါမည်။ အင်္ဂလိပ်လို အတိုကောက်အားဖြင့် FAST ဟု အမှတ်အသားပြု သတိပေးထားသည်။ မြန်မာလို **"မျက်၊ လက်၊ စကား- အပြေးသွား"**ဟု မှတ်ထားနိုင်မည် ထင်ပါသည်။

ဆိုလိုသည်မှာ၊

- Facial drooping - မျက်နှာတစ်ခြမ်းသေခြင်း။ (လူနာအား ပြုံးခိုင်းကြည့်ပါ။ မျက်နှာတစ်ခြမ်းမှာ အောက်သို့ တွဲ(ရွဲ့) ကျနေမည်)
- Arm weakness - လက်များ အားနည်းခြင်း။ (လူနာအား လက်နှစ်ဖက်ကို ဆန့်လျက် အရှေ့ဘက်သို့ ပြိုင်တူ မြှောက်တင်ခိုင်းပါ။ လက်တစ်ဖက်က အောက်သို့နိမ့်ကျနေမည်)
- Speech difficulties - စကားပြော ခက်ခဲခြင်း၊ မပီသခြင်း။ (လူနာအား စကားတစ်ခွန်း နှစ်ခွန်း ပြောခိုင်းကြည့်ပါ။ စကားများ ဗလုံးဗထွေးရှိမည်)
- Time to call emergency services - ဆေးရုံသို့ အလျင်မြန်ဆုံး သွားရောက်ရမည့် အချိန်ဖြစ်ခြင်း။ (အထက်ဖော်ပြပါလက္ခဏာ သုံးမျိုးစလုံးကိုဖြစ်စေ အချို့ကိုဖြစ်စေ တွေ့ရှိက အရေးပေါ်ဌာနသို့ အမြန်ဆုံးသွားရောက်ခြင်းပြုလုပ်ရပါမည်)

လေဖြတ်ရောဂါဖြစ်သည်နှင့် ဆေးရုံ၊ ဆေးခန်းများသို့ နာရီအနည်းငယ်အတွင်း ရောက်နိုင်လေ လူနာအတွက် ဦးနှောက်ထိခိုက်ပျက်စီးမှုနည်းပြီး ပိုမိုပြန်လည် ကောင်းမွန်လာနိုင်လေ ဖြစ်သည်။



ကန့်ဘလူမြို့တွင် ပြုလုပ်ခဲ့သော ပရဟိတကုသိုလ်ဖြစ် အကြောအဆစ်ဆေးကုသမှု (Community Physiotherapy Service) တွင် စာရေးသူက လေဖြတ်လူနာတစ်ဦးအား ကြည့်ရှုစမ်းသပ်နေစဉ်။

**"ယနေ့အချိန်တွင် လူခြောက်ဦးလျှင် တစ်ဦးကျ လေဖြတ်နိုင်ခြေရှိနေပေရာ လေဖြတ်ရောဂါနှင့် ပတ်သက်ပြီး ပြည်သူလူထုအား ယခုထက် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ကျန်းမာရေးအသိပညာပေးကြရန် အထူးလိုအပ်"**

ယခုဆောင်းပါး၏ နောက်ရည်ရွယ်ချက် တစ်ခုမှာ လူတစ်ဦး လေဖြတ်ပြီးသည့်နောက်ပိုင်းတွင် ပြန်လည်ကောင်းမွန်လာရေးအတွက် ကျန်ရစ်ခဲ့တတ်သော မသန်စွမ်းဖြစ်မှုများအား အကြောအဆစ်ဆိုင်ရာကုသမှု (Physiotherapy treatment) ဖြင့် မည်သို့ပြန်လည်ကုသပေးနိုင်ကြောင်းကို တင်ပြရန်ဖြစ်သည်။ အကြောင်းမှာ လေဖြတ်သွားသောအခါ လူနာများသည် လှုပ်ရှားသွားလာမှု (movement)၊ အာရုံခံစားသိရှိမှု (sensation)၊ လက်အသုံးချမှု (hand function)၊ ခန္ဓာကိုယ် ချိန်ခွင်လျှာညီမျှ ဆထိန်းကျောင်းမှု (balance)၊ ပုံမှန်ကိုယ်နေကိုယ်ထား (Posture)၊ ဦးနှောက်နှင့် ကြွက်သားများအကြား ညှိနှိုင်းဆောင်ရွက်မှု (coordination) အစရှိသည်တို့အား အနည်းနှင့် အများ ထိခိုက်ကြရသောကြောင့် ဖြစ်လေသည်။

လေဖြတ်ခြင်းကြောင့်ဖြစ်လာရသော မသန်စွမ်းမှု၊ မသွားလာနိုင်မှု အစရှိသည့် နောက်ဆက်တွဲအခြေအနေများကို အကြောအဆစ်ကုပညာရှင် (Physiotherapist) များက လျှပ်စစ်ဓာတ် လှုံ့ဆော်ကုထုံး (Electrical stimulation)၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုကုထုံး၊ ကိုယ်နေကိုယ်ထား ပြုပြင်ပေးခြင်း (Posture care) အစရှိသည့် ကုသနည်းအမျိုးမျိုးတို့ကို အသုံးပြုလျက် အတိုင်းအတာတစ်ခုအထိ သက်သာ လျော့ပါးသွားစေရန် ကြိုးစားလုပ်ကိုင်ပေးနိုင်ပါသည်။ တစ်ချိန်တည်းမှာ လေဖြတ်သွားသည့် ဘက်မှ အကြောသေပြီး အားနည်းသွားသော ခန္ဓာကိုယ်၊ လက်နှင့် ခြေထောက်တို့ကို တဖြည်းဖြည်း ပြန်လည်လှုပ်ရှားအသုံးပြုလာနိုင်စေရန် သင်ကြားပေးပါမည်။ ထို့ပြင် ကြွက်သားအားများကို သန်စွမ်းလာစေလျက် နိစ္စဓူဝ သွားလာလှုပ်ရှားမှုများ (Activities of daily living) အား တတ်စွမ်းသရွေ့ ပြန်လည်လုပ်ကိုင်လာနိုင်စေရန်လည်း လေ့ကျင့်ပေးမည် ဖြစ်သည်။

အကြောအဆစ်ဆိုင်ရာ ကုသမှုများကို လေဖြတ်လူနာများအား အိပ်ရာပေါ်တွင် လဲလျောင်းလျက် လည်းကောင်း၊ ခုတင်စောင်းတွင် ထိုင်လျက် လည်းကောင်း၊ ခုတင်ဘေးတွင် မတ်တတ်ရပ်လျက် လည်းကောင်း၊ လူနာဆောင်အတွင်း၌ လမ်းလျှောက်စေခြင်းဖြင့် လည်းကောင်း အဆင့်ဆင့် လေ့ကျင့်ပေးနိုင်ပါသည်။ လူနာ၏ အခြေအနေအပေါ် မူတည်လျက် လိုအပ်ပါက ဆေးရုံရှိ အကြောအဆစ်ကုဌာန (Physiotherapy Department) သို့ ခေါ်ယူလျက် ခေတ်မီကုသစက်များ၊ လေ့ကျင့်ကိရိယာများဖြင့် ကုသပေးနိုင်လေသည်။

လျှပ်စစ်ဓာတ် လှုံ့ဆော်ကုထုံးဖြင့် အားနည်းနေသော (ဝါ) အကြောသေနေသော ကြွက်သားများအား စနစ်တကျ လှုံ့ဆော်လှုပ်ရှားစေလျက် ကြွက်သားများ သိမ်သွားခြင်းမှ အထိုက်အလျောက် အကာအကွယ်ပေးနိုင်သလို လူနာအား လှုပ်ရှားမှုအသိများကို ခံစားမှတ်မိစေနိုင်ပါသည်။ ဥပမာ၊ လက်ကောက်ဝတ်အား အပေါ်သို့ မတင်ခြင်း၊ လက်ချောင်းများ ကွေးဆန့်ခြင်း၊ ခြေချင်းဝတ်ကို အပေါ်ဘက်သို့ ကော့တင်ခြင်း အစရှိသည့် လက်နှင့်ခြေထောက်တို့၏ အဓိကအရေးပါသော လှုပ်ရှားမှုများ ဖြစ်ကြသည်။

အာရုံကြောနှင့် ကြွက်သားများအား လျှပ်စစ်ဓာတ်ဖြင့် လှုံ့ဆော်ပေးသောအခါ ကြွက်သားများ အလုပ်လုပ်လျက် အကြောအဆစ်တို့ လှုပ်ရှားမှုဖြစ်စေသောကြောင့် တင်းနေသည့် အကြောများ ပြေလျော့လာကာ နာကျင်မှုနှင့် ရောင်ရမ်းမှုတို့မှ သက်သာစေနိုင်ပါသည်။ ကြွက်သားများ အတော်အတန် သန်မာလာပြီး လူနာအနေဖြင့် သူ့ဘာသာ သူ့အသိဖြင့်သူ လှုပ်ရှားမှုများကို အနည်းအပါး ပြုလုပ်လာနိုင်သောအခါတွင် လျှပ်စစ်ဓာတ် လှုံ့ဆော်မှုကုထုံးအစား ထိုင်ခြင်း၊ ထခြင်း၊ မတ်တတ်ရပ်ခြင်း၊ လမ်းလျှောက်ခြင်း၊ လှေကားတက်ဆင်းခြင်းနှင့် လက်အသုံးချခြင်းတို့ကို သဘာဝအတိုင်း ပိုမိုလေ့ကျင့်ပြုလုပ်စေမည် ဖြစ်သည်။

အထက်ဖော်ပြပါ အကြောအဆစ်ကုသမှုများအား ဆရာနှင့် လူနာ ကြပ်ကြပ်မတ်မတ် အတူတကွ လေ့ကျင့်လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ ဆရာများက သင်ကြားပြသပေးထားသော လေ့ကျင့်ခန်းများကို လူနာများအနေဖြင့် တိတိကျကျနှင့် အချိန်မှန်မှန် ပြုလုပ်ပေးရန်လည်း လိုအပ်ပါသည်။ ထို့အပြင် လူနာရှင် (စောင့်) များကလည်း ဆေးရုံတွင်ဖြစ်စေ၊ အိမ်တွင်ဖြစ်စေ ဆရာညွှန်ကြားပြသပေးထားသည့်အတိုင်း လူနာအား သတိပေးခိုင်းစေခြင်းနှင့် ကူညီတွဲဖက် လုပ်ကိုင်ပေးခြင်းများ ပြုလုပ်ပေးကြရပါမည်။ သို့မှသာ လေဖြတ်လူနာများသည် မသန်စွမ်းဖြစ်မှုမရှိဘဲ (ဝါ) နည်းပါးစွာဖြင့် လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှား လုပ်ကိုင်လာနိုင်မည် ဖြစ်သည်။ ။



## မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးငြိမ်းသတ် သရုပ်ပြပွဲ ပြုလုပ်

**ရေတာရှည် ဒီဇင်ဘာ ၁၆**

ပူပြင်းခြောက်သွေ့သည့် ကာလရောက်တိုင်း ကြုံတွေ့ရလေ့ရှိသော မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားပါက စနစ်ကျစွာ အချိန်မီငြိမ်းသတ်နိုင်ရန် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စက်မှုတိုင်း (၂)၊ တောင်ငူ ဝန်ထမ်းမိသားစုတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲအား ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ရုံးဝင်းအတွင်းရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြသခြင်း ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းနိုင်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုဖြစ်ပွားခြင်း မရှိစေရန် လိုက်နာရန် လိုအပ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် အားကစားကွင်းအတွင်း၌ မီးသတ် ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ် သုံးစီးဖြင့် ငြိမ်းသတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဇောတိဉာဏ ဓမ္မရိပ်သာ ရေစက်ချအလှူမင်္ဂလာ ကျေးဇူးတင်လွှာ









မန္တလေးမြို့နေ **အဖိုး ဦးသိန်းအောင် + အဖွား ဒေါ်မြင့်+အဖွား ဒေါ်သိန်းရင်၊**

ရန်ကုန်မြို့နေ **အဖိုး ငွေဇင်ယော် ဦးကြင်+ အဖွား ဒေါ်မြကြည်+အဖွား ဒေါ်စောညွန့်**

မန္တလေးမြို့နေ **ဖခင်ကြီး ဆရာကြီး ဦးဌေးအောင်** (မဟာသဒ္ဓမ္မဇောတိကဓဇ) **+ မိခင်ကြီး ဆရာမကြီး ဒေါ်အေးမြင့်** (အ.ထ.က–၁၂ ငြိမ်း)

မန္တလေးမြို့နေ **ဖခင်ကြီး ဦးဘရင် တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်တင့်** (ဦးဘရင်–သံဆိုင်)ကို အမှူးထားကာ၊ ရန်ကုန်မြို့နေ **အလှူဒါယိကာမ ဒေါ်ခင်ခင်စု**

မန္တလေးမြို့နေ **အလှူဒါယကာ ဦးသန်းဌေးအောင်+အလှူဒါယိကာမ ဒေါ်နှင်းနှင်းအေး** (ဦးဘရင်–သံဆိုင်) ၈၅လမ်း၊ ၃၄×၃၅လမ်းကြား၊ မိသားစုတို့မှ နိဗ္ဗာန်ရည်မှန်း၍ **ပဓာန နာယကဆရာကြီး ဦးဌေးအောင်** (မဟာသဒ္ဓမ္မဇောတိကဓဇ)တည်ထောင်ခဲ့သော **ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေး အသင်း(မန္တလေး)အား "ဇောတိဉာဏဓမ္မရိပ်သာ"** အမည်ဖြင့် ယောဂီ(၁၂၀)ဆန့် တရားအားထုတ်နိုင်ရန် ရည်သန်၍ စုစုပေါင်း ကျပ်သိန်းတစ်သောင်းတစ်ထောင် မတည်ဆောက်လုပ်လှူဒါန်းမှု အစုစုတို့ကို (၁၀–၁၁–၂၀၁၇)နေ့၌ နိုင်ငံတော်ဗဟိုသံဃာနာယကအဖွဲ့ **ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)** ဗန်းမော်ဆရာတော်ဘုရားကြီးမှ ရေစက်ချတရားနှင့် ညတရားပွဲ ကြွရောက်ချီးမြှင့်ပေးမှုအား လည်းကောင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်နှင့် နာယကဆရာတော်များ၊ မန္တလေးတိုင်း၊ ကျောင်းထိုင်ဘုန်းကြီးကျောင်း–ကျောင်းအုပ်ဆရာတော်၊ ပင့်သံဃာဆရာတော်(၈၅)ပါးအားလည်းကောင်း၊ **ရန်ကုန်–မန္တလေး ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်းမှ အသင်းသူ / သားများအားလည်းကောင်း၊** ကြွရောက် ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ MRTV-4 အဖွဲ့သားများ၊ တက်နေဝင်း ဓာတ်ပုံအဖွဲ့ ၊အဖက်ဖက်မှ ဝေယျာဝစ္စဆောင်ရွက်ပေးကြသော ပရဟိတ အသင်းများ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း

ပထမအကြိမ်မြောက် "**ဗုဒ္ဓနည်း နာမ်+ရုပ် လေ့ကျင့်ရေးတရားအလုပ်စခန်း**" အား ဇောတိဉာဏဓမ္မရိပ်သာ၌ (၂–၁၂–၂၀၁၇)မှ(၁၁–၁၂–၂၀၁၇)ထိ (၁၀)ရက် တရားစခန်း အောင်မြင်စွာကျင်းပပြီးစီး၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်ဆိုအပ်ပါသည်။

**"ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(မန္တလေး)"**
**"ဇောတိဉာဏဓမ္မရိပ်သာ" ပုသိမ်ကြီး၊ ရေထွက်**

**အလှူဒါယိကာမ ဒေါ်ခင်ခင်စု ( ငွေဇင်ယော်မိသားစု)**
**အလှူဒါယကာ ဦးသန်းဌေးအောင်+အလှူဒါယိကာမ ဒေါ်နှင်းနှင်းအေး**
(ဦးဘရင်–သံဆိုင်) ၈၅လမ်း၊


4G LTE
telenor
ဒုတိယတစ်ပတ်ရဲ့
KIA ကား အသစ်
ကံထူးရှင်
ဒေါ်သက်သက်လွင်
နောက်အပတ်တွေမှာ ကားကံထူးရှင်ဖြစ်ဖို့ ၁၀၀၀ ဖိုး
ပိုသုံးပြီး ကံစမ်းရအောင် *7777# ကိုခေါ်ဆိုလိုက်ပါ
telenor
KIA
Car Winner
OPTIMA
ဒုတိယတစ်ပတ်ရဲ့ SAMSUNG GALAXY NOTE 8 ကံထူးရှင်များ
ကိုအောင်ကျော်ဇင်
(လျှောက်ထားဆဲ)
မအွန့်စန်းပိုင်
မပန်းအိမြူ
ကိုသိန်းဝင်း
ကိုဝင်းသူ
မလှဲလှဲဝင်း
မဝင်းကြူ
SAMSUNG
Galaxy Note8
ကံထူးရှင်များအတွက် တယ်လီနောမှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အင်ဂျင်နီယာဌာန(အဆောက်အအုံ)
## အဆောက်အအုံဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အထူးက ပြင်ပလူနာဌာန အလျား(၂၀၀')၊ အနံ(၅၀')သံကူကွန်ကရစ် အဆောက်အအုံ(၁)လုံး၏ အချောထည်လုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၁၇ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၉-၁၂-၂၀၁၇ရက်

၂။ လျှောက်လွှာနှင့်အတူ တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဖုန်း-၀၆၇-၃၄၁၄၂၉၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
## မြစ်ကြီးနားတက္ကသိုလ်-မြစ်ကြီးနားမြို့
## (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်နှင့် ပေါင်းစည်းထားသော မိုးညှင်းဒီဂရီကောလိပ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဘွဲ့စာမေးပွဲအောင်မြင်သူများအတွက် ဂုဏ်ထူးဘွဲ့(ဝိဇ္ဇာ/သိပ္ပံဘွဲ့)၊ ဥပဒေဘွဲ့၊ မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့များ၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့များလျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၎င်းတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနမှ ရယူဖြည့်စွက်ပြီး ၁၁-၁၂-၂၀၁၇ရက်မှ ၁၂-၁-၂၀၁၈ရက်အထိ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင်(၂"×၁½") Sticker(ကပ်ခွာ)ဓာတ်ပုံ (၃)ပုံ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် ၁၅၀၀၀/ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူလိုသူများအတွက် ၁၀၀၀၀/ဖြစ်ပါသည်။

၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါ ပေးပို့လွှာတွင် 'ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း' ဟုဖော်ပြပြီး ပါမောက္ခချုပ်မြစ်ကြီးနားတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ ဒီဂရီကောလိပ်အပြည့်အစုံကို တိကျစွာဖော်ပြပါမည်။

၅။ ၂၀၁၆-၂၀၁၇ပညာသင်နှစ်မတိုင်မီကဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် 'အဝေးရောက်ဘွဲ့' အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(၁)စောင် တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကိုအဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်။

### (၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အစီအစဉ်

| | | |
|---|---|---|
| **ပထမရက်ပထမပိုင်း** | **၇-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| **အစမ်းလေ့ကျင့်ရက်** | **၅-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| မဟာသုတေသနဘွဲ့ | သမိုင်း၊ ဒဿနိက၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သချ်ာ | |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | အင်္ဂလိပ်စာ | |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သချ်ာ | |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ | |
| သိပ္ပံဘွဲ့ | ရူပဗေဒ၊ ရုက္ခဗေဒ | |
| **ပထမရက်ဒုတိယပိုင်း** | **၇-၂-၂၀၁၈ရက်** | **မွန်းလွဲ ၂:၀၀နာရီ** |
| **အစမ်းလေ့ကျင့်ရက်** | **၅-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ | |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ၊ ရူပဗေဒ | |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း | |
| သိပ္ပံဂုဏ်ထူး | သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဓာတုဗေဒ | |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ | |
| သိပ္ပံဘွဲ့ | သချ်ာ | |
| **ဒုတိယရက်ပထမပိုင်း** | **၈-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| **အစမ်းလေ့ကျင့်ရက်** | **၅-၂-၂၀၁၈ရက်** | **မွန်းလွဲ ၂:၀၀နာရီ** |
| မဟာသိပ္ပံဘွဲ့ | သချ်ာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ | |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ | |
| ဥပဒေဘွဲ့ | ဥပဒေပညာ | |
| ဝိဇ္ဇာဘွဲ့ | သမိုင်း | |
| သိပ္ပံဘွဲ့ | သတ္တဗေဒ၊ ဘူမိဗေဒ၊ ဇီဝဓာတုဗေဒ | |
| **ဒုတိယရက်ဒုတိယပိုင်း** | **၈-၂-၂၀၁၈ရက်** | **မွန်းလွဲ ၂:၀၀နာရီ** |
| **အစမ်းလေ့ကျင့်ရက်** | **၅-၂-၂၀၁၈ရက်** | **မွန်းလွဲ ၂:၀၀နာရီ** |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ | |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဇီဝဓာတု၊ ဘူမိဗေဒ | |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ | |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ | |
| ဝိဇ္ဇာဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒ | |
| **တတိယရက်ပထမပိုင်း(မိုးညှင်း)** | **၉-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| **အစမ်းလေ့ကျင့်ရက်** | **၆-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း(မိုးညှင်းဒီဂရီ ကောလိပ်) | |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သချ်ာ၊ သတ္တဗေဒ(မိုးညှင်းဒီဂရီကောလိပ်) | |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ ပထဝီဝင်၊သမိုင်း (မိုးညှင်းဒီဂရီ ကောလိပ်) | |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ (မိုးညှင်းဒီဂရီကောလိပ်) | |
| **တတိယရက်ဒုတိယပိုင်း(မိုးညှင်း)** | **၉-၂-၂၀၁၈ရက်** | **မွန်းလွဲ ၂:၀၀နာရီ** |
| **အစမ်းလေ့ကျင့်ရက်** | **၆-၂-၂၀၁၈ရက်** | **နံနက် ၉:၀၀နာရီ** |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ ရူပဗေဒ (မိုးညှင်းဒီဂရီကောလိပ်) | |
| သိပ္ပံဘွဲ့ | ရူပဗေဒ၊ သချ်ာ၊ (မိုးညှင်းဒီဂရီကောလိပ်) | |

၉။ ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်ထားသူများသည် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာနှင့်အတူ ဘွဲ့ကြေးငွေသွင်းပြေစာပြသလျက် ဘွဲ့ဝတ်စုံများကို ၂၉-၁-၂၀၁၈ရက်မှ ၂-၂-၂၀၁၈ရက် နံနက် ၉:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအထိ မြစ်ကြီးနားတက္ကသိုလ် အားကစားခန်းမတွင်ထုတ်ယူနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ၊ (အမျိုးသားများသာ)တို့အနက် နှစ်သက်ရာဝတ်စုံကိုဝတ်ဆင်နိုင်ပါသည်။

**အောင်မြင့်၊ ဌာနမှူး-သင်တန်းရေးရာဌာန**
**မြစ်ကြီးနားတက္ကသိုလ်၊ မြစ်ကြီးနားမြို့**

---

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့နေ ဦးမင်းအေး ၁/မကန(နိုင်)၀၂၃၅၆၆ နှင့်ဒေါ်မရစ်ထု ၁/မကန(နိုင်) ၀၂၃၅၆၂ တို့၏သမီး မဇူးဇူးနှင့် မဇူးဇူးမေမောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။

---

## အမည်မှန်နှင့်ဖခင်အမည်မှန်

ပူတာအိုမြို့၊ တုံလီထုရပ်ကွက်နေ မောင်ဗန်းအောင်နှင့် မသင်းသင်းလှိုင်တို့၏ အမည်မှန်မှာ မောင်ဖလားဗန်းအောင်နှင့် မဖလားသင်းသင်းလှိုင်တို့ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဖလားဖုန် ဖြစ်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## နေပြည်တော်
## ကြေညာချက်
## နဝမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်က ကျင်းပပြုလုပ်ခဲ့သော အောက်ဖော်ပြပါသက်ဆိုင်ရာဘွဲ့စာမေးပွဲအသီးသီးကို ယှဉ်တွဲဖော်ပြပါ နှစ်များအလိုက် အောင်မြင်ပြီးသူများသည် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့်သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် နဝမအကြိမ်ဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

(က) **သိပ္ပံ(သစ်တောပညာ)ဘွဲ့** - ၂၀၁၇ခုနှစ် စက်တင်ဘာလစာမေးပွဲ
(ခ) **မဟာသိပ္ပံ(သစ်တောပညာ)ဘွဲ့** - ၂၀၁၇ခုနှစ်ဇန်နဝါရီလမှဒီဇင်ဘာလအထိ

၂။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာ ဘွဲ့အသီးသီးကို အောင်မြင်ခဲ့ကြသည့်ဘွဲ့ယူရန် လျှောက်ထားခြင်းမရှိခဲ့သူများသည် မိမိတို့ရရှိသည့်ဘွဲ့အတွက် အဝေးရောက်ဘွဲ့ယူခွင့်ကို လျှောက်ထားနိုင်သည်။

၃။ လျှောက်ထားသူသည် လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော (၂လက်မ× ၁ဒသမ၅လက်မ)အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်အတူ အောက်ဖော်ပြပါသတ်မှတ်ပုံစံအတိုင်း (A4 Size) အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာတွင် တက်ရောက်ဘွဲ့ယူမည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ပေးသွင်းရမည်။

၆။ လျှောက်လွှာများကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သို့ ကိုယ်တိုင်လာရောက်တင်သွင်းနိုင်သည်။ (သို့မဟုတ်)စာတိုက်မှ ပေးပို့လျှောက်ထားနိုင်သည်။

၇။ စာတိုက်မှတစ်ဆင့် လျှောက်ထားသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပါမောက္ခချုပ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့လိပ်မူပေးပို့၍ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး၊ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲအောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်တို့ကို တိကျစွာဖော်ပြရမည်။

၈။ လျှောက်လွှာကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သို့ ၁၅-၁-၂၀၁၈ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်။

၉။ တက်ရောက်ဘွဲ့ယူမည်ဟု လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်။

၁၀။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်စုံပြည့်ဝတ်ဆင်၍ တက်ရောက်ကြရမည်။

၁၁။ ဘွဲ့ဝတ်စုံငှားယူခွင့်ထောက်ခံစာကို ၁၅-၂-၂၀၁၈ရက်မှစ၍ မော်ကွန်းထိန်းရုံးခန်း၌ ဘွဲ့နှင်းသဘင်ကြေးပေးသွင်းပြီးကြောင်းငွေရပြေစာ တင်ပြ၍ ထုတ်ယူရမည်။

၁၂။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) **အစမ်းလေ့ကျင့်မည့်ရက်နှင့်အချိန်** - ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (စနေနေ့) မွန်းလွဲ ၁:၀၀နာရီ
(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်နှင့်အချိန်** - ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) - နံနက် ၈:၀၀နာရီ
(ဂ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ရေဆင်း၊ နေပြည်တော်။

၁၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၆၅၁၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**(မောင်မောင်လွင်)**
**ဒုတိယဌာနမှူး(စီမံ)**

**ရက်စွဲ။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (၁၄)ရက်။**

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### နေပြည်တော်
### ဘွဲ့လျှောက်လွှာ
### နဝမအကြိမ်ဘွဲ့နှင်းသဘင်

၁။ အမည်(မြန်မာလို)----------------------------------
၂။ အမည်(အင်္ဂလိပ်လို)--------------------------------
၃။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------------------
၄။ မွေးသက္ကရာဇ်(ခရစ်နှစ်)-----------------------------
၅။ လူမျိုး---------------ကိုးကွယ်သည့်ဘာသာ----------
၆။ အဖအမည်(မြန်မာလို)--------------အမိအမည်---------
၇။ အဖအမည်(အင်္ဂလိပ်လို)------------------------------
၈။ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်---------------------
---------------------------------------------------
၉။ အမြဲတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်-------------------
---------------------------------------------------
၁၀။ လျှောက်ထားသောဘွဲ့အမျိုးအစား(မလိုသည်ကိုဖျက်ပါ)
(က) သိပ္ပံ(သစ်တောပညာ) (ခ) ဘွဲ့လွန်ဒီပလိုမာ (သစ်တောပညာ)
(ဂ) မဟာသိပ္ပံ(သစ်တောပညာ) (ဃ) မဟာသိပ္ပံ(သစ်တောထွက်ပစ္စည်းပညာ)
၁၁။ နောက်ဆုံးနှစ်(ဘွဲ့)စာမေးပွဲအောင်မြင်သည့် ခုနှစ်-------------
ခုံအမှတ်-------------
တက္ကသိုလ်မှတ်ပုံတင်အမှတ် -------------------
၁၂။ လျှောက်ထားလိုသည့်တစ်ခုကို ရွေးချယ်ဖော်ပြရန်နှင့်မလိုသည်ကိုဖျက်ရန်။

**ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူပါမည်။** **အဝေးရောက်ဘွဲ့ယူပါမည်။**
-------------------------- --------------------

------------------------
**လျှောက်ထားသူ၏ထိုးမြဲလက်မှတ်**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်းဖြည့်စွက်နှင့်ခေါင်းစဉ်ပြောင်းခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးလုပ်ငန်း (Lot ၇ ခု)၊ Turnkey လုပ်ငန်း(Lot ၆၂ ခု)အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၂-၁၂-၂၀၁၇ရက်တွင်စတင်ရောင်းချပြီး ၂၉-၁၂-၂၀၁၇ရက် ၁၆း၀၀နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါများကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မော်လမြိုင်မြို့တွင် တင်သွင်းရမည်ဖြစ်ပြီးအိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
ဖုန်း-၀၅၇-၂၅၉၁၉၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၈၇၂၅၅၇၁

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## နေပြည်တော်
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းနှင့် ပန်းလှိုင်လမ်းထောင့်၊ ပန်းလှိုင်တာဝါကွန်ဒိုမီနီယံအိမ်ရာစီမံကိန်းရှိ လူနေတိုက်ခန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ရောင်းချမည့်လူနေတိုက်ခန်းပေါင်း** - ၉ခန်း
(ခ) **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၇ရက်
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းပြီး တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၅-၁-၂၀၁၈ရက်
(ဃ) **တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်။

၂။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း ၀၆၇-၃၄၀၇၅၂၇၊ ၀၁၈-၂၄၅၆၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးလုပ်ငန်းဆောင်ရွက်မှုကော်မတီ**

---

## အမည်ပြောင်း

ပျဉ်းမနားမြို့၊ 'ပညာပန်းတိုင်' ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်း(S-1) မှ (ဘ)ဦးအောင်ဘိုဘို၏သမီး မယွန်းဘိုဘိုအား ယနေ့မှစ၍ မယွန်းယွန်းဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မယွန်းယွန်း**

---

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်ကွက်၊ အမှတ် (၈)၊ အခြေခံပညာ မူလတန်းကျောင်း၊ ဒုတိယတန်းမှ မောင်ထင်လင်းဇော်၏ဖခင်အမည်မှန်မှာ ဦးရဲဇင်အောင် ၇/ဖမန(နိုင်)၁၇၂၃၇၁ ဖြစ်ပါ ကြောင်း။

**ဦးရဲဇင်အောင်**

---

## ဖခင်အမည်မှန်

ကွတ်ခိုင်မြို့ ထူးချွန်(ပညာမြေ) ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဆဋ္ဌမတန်းမှ မရီကြားကျောင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရီဖာကွက် ဖြစ်ပါကြောင်း။

**ဦးရီဖာကွက်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1360 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ရဲအောင် ၁၂/ကမန(နိုင်)၀၈၆၀၅၃ ၏ CDC လက်မှတ် အမှတ် 90737 သည် 09-12-2017 ရက်တွင် လေဆိပ်မှအပြန် တက္ကစီပေါ်တွင် ပျောက်ဆုံးခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

**ကျေးဇူးဆပ်ပါမည်။**
**ဖုန်း-၀၉-၄၄၈၈၄၂၁၈၇၊ ၄၂၀၁၉၅၄၄၀**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နေ ၂၀၁၇ ခုနှစ် ခုံအမှတ် (၄-ပ-၅၈)(၁၃)ဝိဇ္ဇာဘွဲ့စာမေးပွဲအောင် မခင်မာပြုံး၏ဖခင် ဦးဘစန်း ၆/သရခ(နိုင်)၀၄၉၆၈၅နှင့် ဦးဘစံမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘစန်း(ခ)ဦးဘစံ**

---

## CLAIMS DAY NOTICE
## M.V LOTUS LEADER VOY: NO(17)

Consignees of cargo carried by M.V LOTUS LEADER VOY:NO(17) are here by notified that the vessel will arrive on about 19-12-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE
## M.V LORD VISHNU VOY: NO (102)

Consignees of cargo carried by M.V LORD VISHNU VOY: NO (102) are here by notified that the vessel will arrive on about 19-12-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE
## M.V LE MANS EXPRESS VOY: NO (13)

Consignees of cargo carried by M.V LE MANS EXPRESS VOY: NO (13) are here by notified that the vessel will arrive on about 21-12-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၁၁၁၊ တဆဆလ/တို(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

RE GD.

ဖလှုပ်လှုပ်နဲ့ အိပ်မပျော်အောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကောင်း

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား ဈေးသည် မြို့ရွာများကို ရှမ်းတော်ကားယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေ ပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။



# MYANMAR PLAS PRINT PACK
# AGROTEK FOODTEK

၆ ကြိမ်မြောက်ထပ်မံကျင်းပသော မြန်မာနိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ ရာဘာ၊ ပုံနှိပ်ခြင်း နှင့်ကုန်ထုတ်ပိုးမှုဆိုင်ရာ ဖက်မူပြပွဲကြီး နှင့်အတူ စိုက်ပျိုးရေးနည်းပညာနှင့်စားသောက်ကုန်ဆိုင်ရာစက်ပစ္စည်းပြပွဲကြီး

15–18 / 12 / 2017

Myanmar Event Park ( MEP )

at Mindama

Min Dhama Road, Myangone Township, Yangon

Opens Today

ပလတ်စတစ်၊ပုံနှိပ်ခြင်း၊ထုတ်ပိုးခြင်းနှင့်စားသောက်ကုန်ပိုင်းဆိုင်ရာနည်းပညာများ

CLF JMC BOUCHERIE BORGHI GROUP JWELL KING-WIN TONGDA PowerJet LINX TK PAL LohiaCorp Kailien

စိုက်ပျိုးရေးနှင့်ပက်သက်သောနည်းပညာများ

常发农装 PLANT MATE SUNCUE DAYUAN PUMP MARKERS HAILIN

ကြိုတင်စာရင်းပေးသွင်းခြင်း

ရန်ကုန်-ဘန်ကောက်(အသွား/အပြန်)လေယာဉ်လက်မှတ် ကံစမ်းခွင့် အခွင့်အရေးရရှိနိုင်ခြင်း ။

အသေးစိတ်ထပ်မံသိရှိလိုပါက ဝက်ဆိုဒ်တွင်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

AGROTEK / FOODTEK PLAS / PRINT / PACK

www.myanmar-expo.com

Ms. Myo Kyi Phyu Tun 01-9010753 09-964703426

myokyiphyutun25@gmail.com အသက် (၁၂) အောက်ကလေးများဝင်ခွင့်မပြု ။

Organizer Co-organizer Official Supporter Sponsors

ORKERS MPIA MPPA MPPIA DYNA COMPRESSOR


**ပျောက်ဆုံးကြောင်း**

ဒေါ်အေးအေးမော် ၁၂/သကတ(နိုင်)၁၇၄၉၀၅၏ ID အမှတ် 783159-ISPIDVY8. 13.14/ 12724(13-11-2013) Customs Statement နှင့် ကားစာတ်ပုံဖိုင်တို့အား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၇၆၃၇၁၉၊ ၀၉-၄၂၁၀၁၁၆၂၄

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်မြင့်အောင် ၁၄/ဒဒရ(နိုင်)၀၀၂၁၆၀၏ (PSC & RB) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၇၆၉၆၄၀၄၃၄


ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

နေရာတိုင်းဆောင်ထား

အရောက်ပို့ / တပ်ဆင် / ရှင်းပြ

Rain Flower




ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၀
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆

မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈

၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆

ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၇၇၃၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၈၀၄၇၀၆၅၄
-၀၉-၄၅၀၇၃၀၀၀၂

နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၈၁၁၃၆၂၆၀

မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/အ-၁/ဘီ၊ မြေကွက်တည်နေရာအမှတ် ၁၅/ဘီ၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်အေးမြင့် ၁၂/သဃက(နိုင်)၀၇၈၉၀၀ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်အေးမြင့်သည် ၁-၅-၂၀၁၆ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးဝင်းရွှေ၏ဇနီးဖြစ်သူ ဒေါ်အေးမြင့် သက်ရှိထင်ရှားရှိချိန်နှင့် သာစဉ်နာစဉ်သင်္ဂြိုဟ်မှုကိစ္စအဝဝကို ဦးဝင်းရွှေကသာ ဆောင်ရွက်ခဲ့ပါကြောင်း၊ အခြားခင်ပွန်းလုံးဝမရှိပါကြောင်း၊ ဦးဝင်းရွှေ၏ ၁၃-၁၀-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဦးထွန်းမြင့်၏ ၁၃-၁၀-၂၀၁၇ ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်ဝင်းဝင်းကြည်၏ ၁၃-၁၀-၂၀၁၇ ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်အေးမြင့်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ဦးဝင်းရွှေ ၁၂/ရကန(နိုင်)၀၅၅၂၃၁ မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားသူကိုယ်တိုင်နေထိုင်မှုမရှိပါ။ လျှောက်ထားသော မြေကွက်အမှတ် ၁/အ-၁ ဘီသည် မြေကွက်လပ်ဖြစ်ပြီး ယင်းမြေကွက်ထဲသို့ လျှောက်ထားသူ၏ ၁/အ-၁စီမြေကွက်ရှိ ၎င်း၏ယောက္ခမ (အမည်ပေါက် ဒေါ်အေးမြင့်၏ဖခင်) ဦးကောက် နေထိုင်သော (၂)ထပ် B/Nတိုက်၏ အဖီချဝင်ရောက် ဆောက်လုပ်ထားပါသည်။ ၎င်းမြေကွက် (၂)ကွက်မှာ မြေပြင်တွင် ခြံတစ်ဝင်းတည်း ဖြစ်ပါသည်။ ဦးဝင်းရွှေမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ကွန်ကာရစ် အုတ်ကြိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)၊အင်းလေး(၁)လမ်း၊ဇုန်(၂)၊တောင်ဒဂုံ။


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/6460 Hyundai KMED 8 TRACTOR HEAD (6x4)L ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုး ၁၂/အစန(နိုင်)၁၇၁၅၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ် ၂၈၊ ပထမထပ်တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းကို ကျွန်တော် ဝေါင်မင်လျောင်(ခ)ဦးမြသိန်း ၁၂/လသန(နိုင်)၀၀၀၃၁၉က ဇနီး မခိုင်ခိုင်ဝင်းနှင့်အတူ လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်ပါသည်။ ကျွန်တော်သည် အထက်ပါကျွန်တော်ပိုင်ဆိုင်သည့် တိုက်ခန်းကို ၁၂-၁၂-၂၀၁၇ ရက်စွဲပါ မေတ္တာဖြင့်တိုက်ခန်းအပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုပြီး ဇနီး မခိုင်ခိုင်ဝင်း ၁၂/ကမန(နိုင်)၀၉၈၇၀၆အားအပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေါင်မင်လျောင်(ခ)ဦးမြသိန်း**
**၁၂/လသန(နိုင်)၀၀၀၃၁၉**
**အမှတ် ၂၈၊ ပထမထပ်၊ ၁၈ လမ်း၊ (၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ယေရှုခရစ်တော်၏ မွေးနေ့တော်(ခရစ္စမတ်)အကြို ဝတ်ပြုခြင်းနှင့် ညစာစားပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ယေရှုခရစ်တော်၏ မွေးနေ့တော်(ခရစ္စမတ်)အကြို ဝတ်ပြုခြင်းနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ခရစ်ယာန်အသင်းတော်များ စုပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဇနီး၊ ခရစ်ယာန်အသင်းတော်များနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့ ယေရှုခရစ်တော်၏ မွေးနေ့တော်(ခရစ္စမတ်)အကြိုဝတ်ပြုခြင်းနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

# (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်



(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အမျိုးသားအသင်း။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ အမျိုးသား ဘောလုံးအသင်းသည် နှစ်ပေါင်း ၂၀ ကျော်အကြာတွင် တစ်ကျော့ပြန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အာရှအားကစားပြိုင်ပွဲနှင့် အဆက်ပြတ်နေသော မြန်မာ့ဘောလုံးလောကအတွက် တစ်ကျော့ပြန် ယှဉ်ပြိုင်မှုဖြစ်လာမည်ဖြစ်ပြီး မြန်မာအမျိုးသမီးဘောလုံးအသင်းမှာမူ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှအဆင့်အဖြစ် အာရှဖလား ပြိုင်ပွဲသာ ယှဉ်ပြိုင်ဖူးပြီး အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်မှုအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုအစဉ်အလာကြီးမားခဲ့ဖူးပြီး ချန်ပီယံဆု နှစ်ကြိမ်၊ တတိယ တစ်ကြိမ် ရရှိဖူးသည့် မြန်မာအသင်းသည် ၁၉၉၄ ခုနှစ်တွင် နောက်ဆုံးယှဉ်ပြိုင်ပြီးနောက်ပိုင်း တစ်ကျော့ပြန်

*စာမျက်နှာ ၁၃ ကော်လံ ၃* ❍

# ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၁၆**


၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာ ယူ-၂၁ အသင်းသည် အိမ်ရှင် ဗီယက်နမ်ယူ-၂၁ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် ထိုင်းအသင်းကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းမှ တစ်နေရာသာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး အိမ်ရှင်ဗီယက်နမ်အသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း ပယ်နယ်တီ တစ်ဂိုးအပါအဝင် နှစ်ဂိုးပြတ် အရေးနိမ့်ခဲ့၍ ဗိုလ်လုပွဲတက်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။

ပထမပိုင်းတွင် ဗီယက်နမ်အသင်းက ပိုဖိကစားနိုင်ခဲ့သော်လည်း မြန်မာအသင်းက ဂိုးသွင်းခွင့် ပိုရခဲ့ပြီး အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ မြန်မာအသင်းတိုက်စစ်မှူး အီစိုးသည် အပိုင်အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိဘဲ ပထမပိုင်း ပြီးခါနီးတွင် ဂိုးပေးခဲ့ရသည်။ ဗီယက်နမ်အသင်းအတွက် အဖွင့်ဂိုးကို ၄၃ မိနစ်တွင် ဖန်ဗန်လောင်က အဝေးကန်ချက် ပြန်လှုံထွက်လာသောဘောလုံးကို ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၃* ✹

## ယနေ့ မာတိကာ

စစ်ကိုင်းတိုင်းဒေသကြီး အုန်းတောရွာအနီး ရေမျက်ရှာဝန်းကျင်တစ်ဝိုက်၌ သက္ကရာဇ် ၆၈၈-၇၂၂ အကြား ကျောက်စာငါးချပ် တွေ့ရှိ စာ-၁၁



ဖမ်းဆီးရမိသော BPI ဆေးဝါးအတုများ ဖျက်ဆီး စာ-၁၂

ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိသည့် မြေငလျင်တစ်ခု အင်ဒိုနီးရှားတွင် လှုပ်ခတ် စာ-၁၄

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017